# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၂၂ ရက်၊ အင်္ဂါနေ့ အတွဲ (၅၉)၊ အမှတ် (၃၅၅)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း

**နေပြည်တော် စက်တင်ဘာ ၂၁**

ယခုမြန်မာနိုင်ငံမှာ ကိုဗစ်ရောဂါအခြေအနေကို တင်ပြချင်ပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ ကိုဗစ်ရောဂါ ပြန့်ပွားမှုဟာ အထူးသဖြင့် ရန်ကုန်တိုင်းမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ ရန်ကုန်တိုင်းက မြို့နယ်တွေမှာဆိုရင် ကိုကိုးကျွန်းမပါ အားလုံးကို Stay at home အိမ်မှာနေဖို့ဆိုပြီး စည်းမျဉ်းစည်းကမ်းတွေ တိတိကျကျ ခပ်တင်းတင်းကျပ်ကျပ် ထုတ်ပြန်ထားပါတယ်။ ဒီလိုတင်းတင်းကျပ်ကျပ် ထုတ်ပြန်ဖို့လည်း လိုလို့ပါ။ အခုထိဆိုရင် ရောဂါပြန့်ပွားနေတယ်ဆိုတာ အများသိကြမှာပါ။ ဒီရောဂါပြန့်ပွားနေလို့ ကြောက်စိတ်တွေလည်း မလွန်ပါနဲ့။ သတိတော့ အင်မတန်ထားဖို့ လိုအပ်ပါတယ်။ ကျွန်မလည်း ဒါထပ်တလဲလဲ ပြောနေတာပါ။ သတိဆိုတာ လွန်ကဲတယ်လို့ မရှိနိုင်ဘူးဆိုတာ ယခုလို ကျွန်မတင်ပြတာဟာ ကျွန်မတို့ ပြောရမယ့် အချက်အလက်တွေဟာ သတင်းစာတွေထဲမှာလည်း ပါမှာပါ။ ရုပ်မြင်သံကြားသတင်းတွေထဲမှာလည်းပါမှာပါ။ ဒါပေမယ့် ဒါတွေကို မကြည့်မိရင် နားမထောင်မိရင် လွတ်သွားမှာစိုးလို့ ကျွန်မအနေနဲ့ တင်ပြတာဖြစ်ပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁ ❍*

**စောင့်ရှောက်ရတဲ့သူတွေ အများကြီးများလာတဲ့အခါမှာ တစ်ခါတလေဆိုရင် အားလုံးရဲ့စိတ်ကြိုက်၊ အားလုံးကျေနပ်အောင် စောင့်ရှောက်မှုမပေးနိုင်တာ ဒါကတော့ သိပ်ပြီး ထူးထူးထွေထွေ အံ့သြသင့်စရာအကြောင်း မရှိပါဘူး။ အဲဒီအတွက် ကျွန်မတို့ပြည်သူတွေက သည်းညည်းခံစေချင်ပါတယ်။ သည်းညည်းခံပါ။ ကိုယ်ချင်းစာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီဝန်ထမ်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာနက ဝန်ထမ်းတွေရော စေတနာ့ဝန်ထမ်းတွေရော အင်မတန်မှ အတတ်နိုင်ဆုံး ကြိုးစားပြီးလုပ်ပါတယ်။ သို့သော်ငြားလည်း အရေအတွက်က အင်မတန်များတဲ့အခါကျတော့ တစ်ခါတလေ မပြည့်စုံတာလေးတွေရှိရင် သည်းညည်းခံစေချင်ပါတယ်။**



Coronavirus Disease 2019 (COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုနောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။

သတင်းစဉ်


**ကမ္ဘာသူ ကမ္ဘာသား ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ**

**ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပြီး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ။**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

**မြန်မာ့အလင်း**

## စိတ်ဓာတ်နှင့် ခွန်အားသစ်

မြန်မာနိုင်ငံ၌ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီး၌ ယခု ရက်ပိုင်းတွင် ကိုဗစ်ရောဂါ ပြန့်ပွားကူးစက်မှုတိုးလာ၏။ ခါတ်ခွဲအတည်ပြု ပိုးရှိသူအရေအတွက် များပြားလာ၏။ ထို့ကြောင့် စက်တင်ဘာလ ၂၁ ရက်နေ့ နံနက် ၈ နာရီမှစ၍ ကိုကိုးကျွန်းမှအပ ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးရှိ မြို့နယ်တိုင်း အိမ်မှာသာနေထိုင်ကြရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကြေညာချက်ထုတ်လိုက်ပါသည်။

ယနေ့အခြေအနေအရ လိုအပ်သော ကြေညာချက်အဖြစ် အတော်အတန်တင်းကျပ်သော စည်းမျဉ်း စည်းကမ်းများ ထုတ်ပြန်လိုက်ခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ တင်းကျပ်သော စည်းမျဉ်း စည်းကမ်းများ ထုတ်ပြန်ခြင်းကို ရန်ကုန်မြို့နေ ပြည်သူလူထုက နားလည်လိုက်နာကြမည်ဟုလည်း ယုံကြည်ပါသည်။

ရန်ကုန်မြို့သို့ ဒုတိယအကြိမ် တစ်ကျော့ပြန် ဝင်ရောက်လာချိန်မှစ၍ ယနေ့ချိန်ထိ ဗိုင်းရပ်စ်ပိုးပြန့်ပွားနေမှုက လျော့ပါးသွားခြင်း မရှိသေးသည်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များအရ လည်းကောင်း၊ သတင်းစာနှင့် ရုပ်မြင်သံကြား သတင်းတို့၏ သတင်းထုတ်ပြန်မှုများအရလည်းကောင်း သိရှိကြပြီးဖြစ်ပါ၏။

မြန်မာနိုင်ငံတွင် ကိုဗစ်ရောဂါပြန့်ပွားမှုနှုန်းသည် အစိုးရိမ်လွန်၊ အကြောက်လွန်၊ ပူပန်လွန်ကြရန် မဟုတ်သော်လည်း ဂရုကြီးစွာထားကြရန် လိုနေပြီဆိုသည်ကိုမူ သတိပေးနေပြီဖြစ်ပါသည်။

နေ့စဉ်တွေ့ရှိနေသည့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့သူအရေအတွက်မှာ လျော့ပါးကျဆင်းသွားခြင်းမရှိသည်ကို အလေးအနက်ထားကာ ကိုယ်၊ နှုတ်၊ စိတ်ဓာတ် သုံးပါးကို အဆင်သင့်ပြင် မြှင့်တင်ထားခြင်းဖြင့် ကပ်ရောဂါဘေးကို ရင်ဆိုင်ကြရမည်သာ။

ဗိုင်းရပ်စ်ပိုးကူးစက်မှုသဘာဝအရ တစ်ဦးထံမှ အခြားတစ်ဦးထံသို့ ဆက်နွှယ်ကာ အဆင့်ဆင့် ကူးစက်ခြင်းဖြစ်ရာ ပိုးတွေ့ရှိသူအရေအတွက် ချက်ချင်းကျဆင်းသွားမည် မဟုတ်သေးပါ။ သို့သော်လည်း လူတစ်ဦးမှတစ်ဦးသို့ ကူးစက်နိုင်သည့် အခြေအနေများကို ကန့်သတ်ဖြတ်တောက်ထားခြင်းဖြင့် ပိုးကူးစက်မှုနှုန်း ကျဆင်းသွားမည်ကား အသေအချာဖြစ်ပါသည်။ သို့အတွက်လည်း မြို့နေပြည်သူလူထုကို အိမ်မှာသာ နေထိုင်ကြရန် စည်းကမ်းသတ်မှတ်ကန့်သတ်ရခြင်းဖြစ်ပါသည်။

ယနေ့အခြေအနေက မမြင်ရသော ရောဂါပိုးနှင့် ရင်ဆိုင်နေရခြင်းဖြစ်ပါသည်။ ကျန်းမာရေးဆိုင်ရာ အကျပ်အတည်းဖြစ်သည့် အားလျော်စွာ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းတို့၏ ပခုံးပေါ်တွင် လေးလံသော ဝန်ထုပ်ဝန်ပိုးများကျရောက်သည်ကို ပြည်သူတို့က သိရှိစာနာရင်းကျေးဇူးတင်နေကြပါသည်။ နိုင်ငံ၏အနေအထားအရ လူ့စွမ်းအားအရင်းအမြစ် မပြည့်စုံခြင်းကရှိနေပါသည်။ ရှိရှိသမျှ အင်အားဖြင့် အင်တိုက်အားတိုက် လုပ်ဆောင်နေရသောကြောင့် တာဝန်ယူရသူများအဖို့ လေးလံပင်ပန်းနေကြသည်ကို သိသာထင်ရှားစွာ တွေ့မြင်နေကြရပါသည်။ ထို့ပြင် ကျန်းမာရေးဝန်ထမ်းများတွင် ရောဂါပိုးကူးစက်မှုများလည်း ရှိလာသည်ကိုလည်း သိရပါသည်။


အခြားတစ်ဖက်တွင် ရောဂါပိုးကူးစက်လာသည့် အရေအတွက်က နေ့စဉ်တိုးနေသည့်အတွက် ဆေးရုံများ၊ ကန့်သတ်ထိန်းချုပ်ရေးဌာနများတွင် တာဝန်ယူရသည့် ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်း ပရဟိတသမားတို့တွင် ပိုမိုလေးလံမှုများ ဖြစ်လာရပါသည်။ အချို့သောနေရာများတွင် လစ်ဟာမှုများ ရှိလာမည်မှာလည်း ဓမ္မတာ။

ကပ်ရောဂါနှင့် ရင်ဆိုင်နေရချိန်ဖြစ်သည့်အတွက် အားလုံးက နားလည်စာနာမှုများ သည်းခံအောင့်အည်းမှုများရှိရန် လိုအပ်မည်ဖြစ်ပါသည်။ ကာယကံမြောက်ဖြစ်စေ၊ နှုတ်အားဖြင့်ဖြစ်စေ သတိဖြင့် ဆင်ခြင် ကျင့်ကြံ ပြောဆိုခြင်းသည် ကပ်ရောဂါဘေးက ကင်းဝေးရေးအတွက် ကြီးစွာသော အထောက်အပံ့ကောင်း ဖြစ်ပါလိမ့်မည်။

အစိုးရ၊ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထု၏ တာဝန်သိမှု၊ တာဝန်ယူမှုတို့က ကပ်ရောဂါကို အောင်အောင်မြင်မြင်ကျော်လွှားနိုင်မည့် အင်အားအစစ်အမှန်ဖြစ်ပါသည်။

ယခုကပ်ရောဂါဘေးကို အတူတကွ တက်ညီလက်ညီ ရင်ဆိုင်ဖြတ်သန်းမှု၊ ပင်ပန်းသော်လည်း ဖွဲမလျှော့ဘဲ ရုန်းကန်ရင်ဆိုင်မှုတို့က ကိုဗစ်ဗိုင်းရပ်စ်ရောဂါဘေးက အောင်မြင်စွာကျော်လွှားနိုင်မည်သာမက အနာဂတ် နိုင်ငံထူထောင်ရေးအတွက်ပါ လိုအပ်သည့် အသိစိတ်ဓာတ်နှင့် အင်အား ဖြစ်လာမည်ဟု ယုံကြည်မိပါကြောင်း။

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ Country Director ဖြစ်သူ Mr. Newin Sinsiri နှင့်အဖွဲ့အား Virtual Meeting ဖြင့် ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၂၁**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် အာရှဖွံ့ဖြိုးရေးဘဏ်၏ Country Director ဖြစ်သူ Mr. Newin Sinsiri နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ Virtual Meeting ဖြင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ဖြစ်ပွားနေမှုအခြေအနေနှင့် CERP ၏ အကောင်အထည်ဖော်မှု တိုးတက်မှုအခြေအနေများ၊ CERP မှတစ်ဆင့် The Myanmar Recovery and Reform Plan ဖြင့် ချိတ်ဆက်ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုများအပေါ် ဆောင်ရွက်နေသည့် ကုစားရေး ဆောင်ရွက်ချက်များအတွက် နိုင်ငံတော်ဘတ်ဂျက်နှင့် နိုင်ငံတကာမှ ပံ့ပိုးကူညီမှုများဖြင့် စိစစ်ဆောင်ရွက်သုံးစွဲနေသည့် အခြေအနေများ၊ ADB၊ IMF နှင့် JICA တို့ဖြင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များအား အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ဆွေးနွေးရာတွင် ADB၊ IMF နှင့် JICA တို့မှ တာဝန်ရှိသူများက CERP အား အကောင်အထည်ဖော်ရာတွင် ၎င်းတို့၏ ပံ့ပိုးကူညီမှုများ၊ CERP Monitoring Framework နှင့် Indicators များကို အခြေခံ၍ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များအား အဆိုပြုတင်ပြဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

မြန်မာနိုင်ငံက ဆောင်ရွက်နေသည့် CERP ပါ လုပ်ငန်းအစီအစဉ်များအား အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ADB's COVID-19 Active Response and Expenditure Support (CARES) Program ဖြင့်လည်းကောင်း၊ IMF က Rapid Credit Facility (RCF) and Rapid Financing Instrument (RFI) အစီအစဉ်များဖြင့်လည်းကောင်း၊ JICA က JICA's COVID-19 Crisis Response Emergency Support Loan အစီအစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသို့ အတိုးနှုန်းသက်သာသော ချေးငွေများနှင့် ထောက်ပံ့ငွေများ ပံ့ပိုးကူညီပေးလျက်ရှိပြီး အဆိုပါ ချေးငွေများမှာ CERP နှင့် ချိတ်ဆက်၍ ပေးအပ်ခြင်းဖြစ်သဖြင့် CERP လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုကိုလည်း စောင့်ကြည့်အကဲဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးမောင်မောင်ဝင်း၊ ဦးဆက်အောင်နှင့် ဒေါက်တာ မင်းရဲပိုင်ဟိန်း၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ IMF ၏ Resident Representative Mr. Neil Saker နှင့် JICA ၏ Chief Representative Mr. Noriji Sakakura တို့ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ဒေါ်မွေးမွေးခိုင် အား ဟယ်လင်းနစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်မွေးမွေးခိုင်အား ၎င်း၏ လက်ရှိ တာဝန်ဝတ္တရားများအပြင် ဟယ်လင်းနစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**



(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်က ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းလွင် ဦးစီးတပ်ဖွဲ့ဝင် ၅၀ က မကျီးပင်ကျေးရွာရှိ ဇမ္ဗူဥသျှောင်ဘုရားဝင်းအတွင်းနှင့်ပြင်ပ သန့်ရှင်းရေးပြုလုပ်စဉ်။

သန့်ဇင်(ပဲခူး)



## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်တွင် မိုးပိုနေမည်။ **မိုး/ဇလ**

# ပြည်သူသာလျှင် အဓိက

❍ *ရှေ့ဖုံးမှ*

နောက်ပြီး ကျွန်မတို့ နိုင်ငံတော်အစိုးရအနေနဲ့ ဒီကိစ္စကို အင်မတန်မှ လေးလေးနက်နက်ထားပြီး ပြည်သူတွေရဲ့ ကျန်းမာရေးအတွက်၊ ပြည်သူတွေရဲ့ လုံခြုံရေးအတွက် အတတ်နိုင်ဆုံးလုပ်နေတယ်ဆိုတာကိုလည်း ပြည်သူတွေ နားလည်အောင်လို့ အားလုံးကနေပြီးတော့ ဘာတွေဖြစ်နေတယ်ဆိုတာ သိရှိနိုင်အောင် တင်ပြတာပါ။ ယခုရန်ကုန်တိုင်းမှာဆိုရင် ရောဂါပြန့်ပွားမှုဟာ မကျသေးဘူးဆိုပေမယ့် ဒီဟာကိုလည်း စိတ်ဓာတ်ကျစရာတော့ မလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရောဂါပြန့်ပွားမှုဟာ ကျွန်မတို့တွက်ထားတာ စပြီးတော့ ပြန့်ပွားတဲ့အချိန်ကနေ တွက်လိုက်တယ်ဆိုရင် အခုအချိန်မှာ ကျသွားဖို့ဆိုတာ လက်တွေ့ကျကျမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပထမတစ်ယောက်ကကူးတယ်ဆိုရင် အဲဒီတစ်ယောက်ကနေပြီး ဆက်နွှယ်တဲ့သူတွေကို ကူးပါတယ်။ အဲဒီဆက်နွှယ်တဲ့သူတွေကလည်း တစ်ဆင့်ကူးပါတယ်။ ကျွန်မတို့ စပြီး သေသေချာချာ စည်းကမ်းတင်းတင်းကျပ်ကျပ်နဲ့ ထိန်းချုပ်တယ်ဆိုတာတော့ စည်းမျဉ်းထုတ်တာကြာပါပြီ။ ကျွန်မတို့ မတ်လကတည်းကထုတ်တာပါ။

ပြည်သူတွေက ဘယ်လောက်တင်းတင်းကျပ်ကျပ် တိတိကျကျလိုက်နာတယ်၊ မလိုက်နာတယ်ဆိုတာတော့ ပြည်သူတွေကိုယ်တိုင် သိပြီးသားဖြစ်ပါတယ်။ အခုအချိန်မှာတော့ တော်တော်တိတိကျကျ လိုက်နာနေတယ်လို့ ကျွန်မသိရပါတယ်။ ရန်ကုန်မှာဆိုရင် အရင်ထက်စာရင် ပိုပြီးတော့ အသွားအလာတွေနည်းသွားတာ သိသိသာသာပေါ့။ အသွားအလာတွေ နည်းသွားတာ နှာခေါင်းစည်းတွေတပ်တာ ဒါတွေကို မြင်နေရတယ်လို့ ကျွန်မသိရပါတယ်။ ဒါအတွက် ဝမ်းသာပါတယ်။ စောစောကတည်းက ဒီလိုလုပ်ရင် ပိုကောင်းတာပေါ့။ ဒါပေမယ့် အခုအချိန်မှာ ကုက္ကုစ္စပွားနေလည်း ဘာမှမထူးပါဘူး။ ဒါကြောင့် ကျွန်မတို့ နိုင်ငံတော်အနေနဲ့ ကျွန်မတို့နိုင်ငံကို မှီတင်းနေထိုင်တဲ့သူတွေအားလုံး ကိုဗစ်ရောဂါနဲ့ပတ်သက်လို့ အတတ်နိုင်ဆုံး လုံခြုံဖို့အတွက် ဘယ်လိုအစီအစဉ်တွေလုပ်တာလဲဆိုတာ အနည်းငယ်တင်ပြချင်ပါတယ်။

ပထမဦးဆုံးအနေနဲ့ ကျွန်မတို့အားလုံး၊ နိုင်ငံမှာရှိတဲ့ ပြည်သူတွေအားလုံးက တတ်နိုင်သမျှ ဝိုင်းဝန်းပြီးတော့ အတူရုန်းပေးတာကို ကျွန်မတို့ သိပ်ပြီးတော့ ကျေးဇူးလည်းတင်တယ်။ ကြိုဆိုလည်း ကြိုဆိုပါတယ်။ အဲဒီထဲမှာ ရှေ့တန်းကတော့ ကျွန်မတို့ရဲ့ ကျန်းမာရေးဝန်ကြီးဌာနက ဝန်ထမ်းတွေနဲ့ ကျွန်မတို့ Quarantine Center တွေမှာ ကူညီနေတဲ့ စေတနာရှင်တွေဖြစ်ပါတယ်။ ကြာလာတဲ့အခါကျတော့ ဒီဝန်ထမ်းတွေလည်း ပင်ပန်းပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ဝန်ထမ်းတွေကြားထဲမှာ ရောဂါစွဲကပ်တာတွေလည်း ရှိလာတယ်ဆိုတာလည်း ပြည်သူတွေ သိပြီးသားဖြစ်မှာပါ။ နောက်ပြီးတော့ စေတနာ့ဝန်ထမ်းတွေလည်း ပင်ပန်းလာကြပါတယ်။ ပင်ပန်းလာကြတဲ့အချိန်မှာပဲ စောင့်ရှောက်ရတဲ့သူတွေကလည်း အများကြီးပိုပြီးတော့ များလာပါတယ်။ အဲဒီတော့ ဒီလိုစောင့်ရှောက်ရတဲ့သူတွေ အများကြီး များလာတဲ့အခါမှာ တစ်ခါတလေဆိုရင် အားလုံးရဲ့စိတ်ကြိုက်၊ အားလုံးကျေနပ်အောင် စောင့်ရှောက်မှုမပေးနိုင်တာ ဒါကတော့သိပ်ပြီးထူးထူးထွေထွေ အံ့သြသင့်စရာအကြောင်း မရှိပါဘူး။ အဲဒီအတွက် ကျွန်မတို့ပြည်သူတွေက သည်းညည်းခံစေချင်ပါတယ်။ သည်းညည်းခံပါ။ ကိုယ်ချင်းစာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီဝန်ထမ်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာနက ဝန်ထမ်းတွေရော စေတနာ့ဝန်ထမ်းတွေရော အင်မတန်မှ အတတ်နိုင်ဆုံး ကြိုးစားပြီးလုပ်ပါတယ်။ သို့သော်ငြားလည်း အရေအတွက်က အင်မတန်များတဲ့အခါကျတော့ တစ်ခါတလေ မပြည့်စုံတာလေးတွေရှိရင် သည်းညည်းခံစေချင်ပါတယ်။ နောက်ပြီးတော့ ဒီကိစ္စလေးတွေနဲ့ ပတ်သက်လို့လည်း အားလုံးကဝိုင်းပြီး ကြီးတဲ့အမှုသေးအောင်၊ သေးတဲ့အမှုပပျောက်အောင်ဆိုပြီး အားလုံးစိတ်တွေပိုပြီး ပြေလာအောင်၊ စိတ်အင်အားတွေ တက်လာအောင် ကူညီစေချင်ပါတယ်။ သေးတဲ့အမှုကြီးအောင် ကြီးတဲ့အမှုကိုင်တွယ်လို့မရအောင်ဆိုတဲ့ မီးလောင်ရာလေပင့်ဟာမျိုးတော့ မလုပ်ဖို့အတွက် ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ ဒါစိုးရိမ်လို့ပဲ ဖြစ်လိမ့်မယ်။ ဒါပေမယ့်လည်း စိုးရိမ်လို့ပြောတဲ့စကားကိုတောင် ဆင်ခြင်စေချင်ပါတယ်။ ကိုယ်ကစိုးရိမ်လို့ ပြောလိုက်တဲ့စကားဟာ ဘယ်လောက်အကျိုးရှိသလဲ၊ ဒါ ကျွန်မ ခဏခဏပြောပါတယ်။ စကားဆိုတာ တရားတော်ထဲကလို ကျိုးရှိမှန်ကန် သူခံသာတဲ့စကားနဲ့ သူမခံသာတဲ့စကား၊ အဲဒီတော့ ပထမဦးဆုံးကတော့ မှန်ဖို့လိုတာပေါ့။ မှန်ရင်တောင်မှ အကျိုးရှိမလား၊ ဥပမာဆိုရင် လူတွေရဲ့ ကြောက်စိတ်က ပိုပြီးများလာပြီးတော့ သတိဝီရိယရှိတဲ့နေရာမှာ ပိုပြီးတော့ တက်လာမှာမဟုတ်ဘူးဆိုရင် ဒီလိုပြောခြင်းဟာ အကျိုး ရှိပ့ါမလားဆိုတာ ဆင်ခြင်စေချင်ပါတယ်။

ဒီဟာက ကျွန်မတို့ပြည်သူတွေရဲ့ လွတ်လွတ်လပ်လပ်ပြောပိုင်ခွင့်ကို ဟန့်တားနေတာ မဟုတ်ပါဘူး။ တာဝန်သိသိနဲ့ ပြောပိုင်ခွင့်ကို သုံးဖို့ကို ကျွန်မသတိပေးနေတာ ဖြစ်ပါတယ်။ ကျွန်မတို့ စောစောကပြောသွားသလိုပေါ့။ အားလုံးဝိုင်းဝန်းပြီးတော့ ရုန်းကြတာကို ကျွန်မသိပ်ပြီးတော့ ဝမ်းသာပါတယ်ဆိုတဲ့အထဲမှာ အခုကျွန်မတို့ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးပြန်ပြီး အားဖြည့်ပေးရေးအဖွဲ့ဆိုပြီးတော့ ကျွန်မတို့ ဖွဲ့လိုက်ပါတယ်။ ဒီအဖွဲ့ကို ဦးဆောင်တာကတော့ ကျွန်မတို့ရဲ့ ကျန်းမာရေးဝန်ကြီးဟောင်း ပါမောက္ခ ဒေါက်တာကျော်မြင့် ဖြစ်ပါတယ်။ ဒီလို ကျွန်မတို့ ပါမောက္ခကြီးတွေ၊ အငြိမ်းစားပါမောက္ခကြီးတွေ၊ အနားယူနေလို့ရတဲ့ သမားတော်ကြီးတွေဟာ ဝင်လာပြီးတော့ ကျွန်မတို့နိုင်ငံအတွက် ဒီလိုအချိန်မှာ လုပ်ပေးတယ်ဆိုတာ အင်မတန်မှ အားရစရာကောင်းပါတယ်။ နိုင်ငံတစ်နိုင်ငံအတွက် လိုအပ်နေပြီဆိုရင် ဘယ်သူမှ မနားချင်ကြပါဘူး။ တကယ်နိုင်ငံအပေါ်မှာ စေတနာထားတဲ့

**“ကျွန်မတို့နိုင်ငံအနေနဲ့ ပြောရမယ်ဆိုရင် ကာကွယ်ဆေးထုတ်လုပ်နိုင်တဲ့အခြေအနေ၊ နောက်ပြီးတော့ ကုသဆေးထုတ်လုပ်နိုင်တဲ့အခြေအနေမရှိပေမယ့် ဒီလိုဆေးတွေပေါ်လာတာနဲ့အမျှ အချိန်နဲ့တစ်ပြေးညီ ကျွန်မတို့နိုင်ငံကို မြန်နိုင်သလောက် မြန်မြန်ရောက်နိုင်အောင်ဆိုပြီး ကျွန်မတို့ အခုကတည်းကနေပြီး စီစဉ်နေပါတယ်။ ဥပမာဆိုရင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနဲ့ ကျန်းမာရေးဝန်ကြီးဌာနကနေပြီးတော့ ဒီလိုဆေးတွေ ထုတ်နေတဲ့နိုင်ငံက သံတမန်တွေနဲ့ ချိတ်ဆက်ပြီးတော့ ဘယ်လောက်ကျွန်မတို့အနေနဲ့ မြန်မြန်ရနိုင်ဖို့ အလားအလာရှိသလဲ။ အကယ်၍ ဒီဆေးတွေက အောင်မြင်တယ်ဆိုရင် ဆေးတွေက သုံးသင့်မသုံးသင့်ဆိုတာ ကမ္ဘာ့ကျန်းမာရေးဌာနက ကြည့်ပြီး စမ်းသပ်ပြီးမှ ဆုံးဖြတ်မှာဖြစ်ပါတယ်။ ကျွန်မတို့လည်း မသေချာဘဲနဲ့ ကျွန်မတို့ရဲ့ပြည်သူတွေအပေါ်မှာ ဒီဆေးတွေကို မသုံးပါဘူး”**

သူတွေက ငါတို့ နားနားနေနေနေရင် နေလို့ရတာပဲ။ ငါတို့အိမ်ထဲမှာ ငါတို့ဟာ လုံခြုံနေတာပဲဆိုတဲ့ စိတ်ဓာတ်နဲ့မဟုတ်ဘဲ ဘယ်ဘက်ကနေကူညီရမလဲ။ ဘယ်လိုနေရာကနေ ပံ့ပိုးပေးရမလဲ။ ဒီကိစ္စကို မြန်မြန်ဆန်ဆန်အောင်နိုင်အောင်လို့ ဘယ်လိုလုပ်ပေးရမလဲဆိုတာ ဝိုင်းစဉ်းစားပေးတယ်ဆိုတာဟာ ကျွန်မတို့နိုင်ငံအတွက် တစ်တပ်တစ်အားပဲ ဖြစ်ပါတယ်။

ဒါတွေကတော့ စိတ်ပိုင်းဆိုင်ရာရော၊ လက်တွေ့ပိုင်းဆိုင်ရာရော အကူအညီဖြစ်ပါတယ်။ လက်တွေ့ကျကျ ကျွန်မတို့ ပြည်သူတွေအတွက် လုပ်နေတာတွေလည်း အများကြီးရှိပါတယ်။ ဒါဟာ အဓိကကတော့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကနေပြီးတော့ ဆေးရုံများ လုံလုံလောက်လောက်ရှိအောင်၊ နောက်ပြီးတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ပေါင်းပြီးတော့ သက်ဆိုင်ရာ တိုင်း၊ ပြည်နယ်အစိုးရတွေနဲ့ ပေါင်းပြီးတော့ Quarantine စင်တာတွေ လုံလုံလောက်လောက်ရှိအောင်၊ ဒီ Quarantine စင်တာတွေထဲမှာ စေတနာ့ဝန်ထမ်းတွေရော၊ လိုအပ်တဲ့ တခြားဝန်ထမ်းတွေရော၊ ပစ္စည်းပစ္စယတွေရော လုံလောက်အောင်၊ ဆေးရုံတွေမှာဆိုရင်လည်း ဆေးပစ္စည်းတွေ၊ ဆေးဝါးတွေအားလုံး လုံလောက်အောင် အဲဒါတွေလုပ်နေပါတယ်။ ဒီဟာတွေအတွက် ဘဏ္ဍာငွေလုံလောက်အောင်က ကျွန်မတို့အစိုးရကနေပြီးတော့ စီမံဘဏ္ဍာဘက်က လုပ်ပါတယ်။

အခု ပြည်သူတွေအတွက် ကိုဗစ်နဲ့ပတ်သက်ပြီးတော့ လုပ်တယ်ဆိုတဲ့အခါမှာ အခုလောလောဆယ်ကိစ္စတွေကိုသာ ကျွန်မတို့ ကြည့်တာမဟုတ်ပါဘူး။ နောင်ဖြစ်လာမယ့် ကိစ္စတွေကိုပါ ကြည့်ပါတယ်။ ကိုဗစ်အလွန်ကာလမှာ ကျွန်မတို့ စီးပွားရေးမကျဆင်းအောင်လို့ အတိုင်းအတာအထိ စီးပွားရေးအခက်အခဲတွေကတော့ ဖြစ်မှာပါ။ ဒါတစ်ကမ္ဘာလုံးမှာ ဖြစ်နေတယ်ဆိုတာလည်း ကျွန်မတို့ပြည်သူတွေ သိပြီးသားဖြစ်မှာပါ။ စီးပွားရေးအတိုးတက်ဆုံးနိုင်ငံတွေ၊ စီးပွားရေးအကောင်းဆုံးနိုင်ငံတွေမှာတောင်မှ ကိုဗစ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုတွေက ရှိနေပါတယ်။ ဒါပေမယ့်လည်း ဒီဟာတွေဟာ ကျွန်မတို့ပြည်သူတွေအပေါ်မှာ အနည်းဆုံးထိခိုက်မှုရှိအောင်ဆိုပြီးတော့ ကျွန်မတို့ ပြင်ဆင်ထားပါတယ်။ ဥပမာအားဖြင့်ဆိုရင် ကျွန်မတို့အနေနဲ့ အထွေထွေပိုလျှံငွေပေါ့။ ဒါဟာ ဘဏ္ဍာရေးဝန်ကြီးဌာနကနေပြီးတော့ အထွေထွေပိုလျှံငွေ ဘီလီယံ (၁၀၀၀)ကျော်၊ တစ်ဘီလံယံဆိုတာကတော့ သန်း(၁၀၀၀)ဆိုတာ ကျွန်မတို့ပြည်သူတွေသိပြီးသားပဲ ကျွန်မတို့ထင်ပါတယ်။ ဘီလီယံ (၁၀၀၀)ကျော်ကို ကျွန်မတို့အနေနဲ့ သဘာဝဘေးအန္တရာယ်အတွက်ဆိုပြီး အဲဒါဒီဟာကို ကျွန်မတို့ သတ်မှတ်လိုက်ပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုတော့ ကိုဗစ်နဲ့ဆိုင်ပါတယ်။ ဒါပေမယ့် ဒီလိုသတ်မှတ်ထားတဲ့ငွေဟာ ကိုဗစ်ရောဂါနဲ့ပတ်သက်လို့ သုံးဖို့ပါ။ တခြားသဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး သုံးဖို့မဟုတ်ပါဘူး။ တခြားသဘာဝဘေးအန္တရာယ်တွေနဲ့ ပတ်သက်ရင် အဲဒီရန်ပုံငွေထဲမှာ သတ်သတ်ရှိပါတယ်။ အခု ဘီလီယံ (၁၀၀၀)ကျော် ရွှေ့ပြောင်းလိုက်တယ်ဆိုတာ ကျွန်မတို့ ကိုဗစ်ရောဂါနဲ့ပတ်သက်တဲ့ အကျိုးဆက်တွေအတွက်၊ ကိုဗစ်ရောဂါနဲ့ ပတ်သက်တဲ့ လိုအပ်ချက်တွေအတွက် သုံးဖို့ဖြစ်ပါတယ်။ ဒီလို ကျွန်မပြောပြတာက ပြည်သူလူထုတွေအတွက် ကျွန်မတို့တတ်နိုင်သမျှ အားလုံးပြင်ဆင်ထားပါတယ်ဆိုတာ သိစေချင်လို့ပါ။ စိုးရိမ်မလွန်စေချင်လို့ပါ။ ဒါပေမယ့် စိုးရိမ်မလွန်ပါနဲ့ဆိုလို့လည်း မပေ့ါတော့မပေ့ါပါနဲ့ဆိုတာ ကျွန်မထပ်ပြီးတော့ မေတ္တာရပ်ခံပါရစေ။ ဘာဖြစ်လို့လဲဆိုတော့ ဒီပေ့ါဆမှုတွေကများလို့ အခုကျွန်မတို့နည်းနည်းပိုပြီးတော့ ရုန်းကန်နေရပါတယ်။ ဖြစ်ပြီးမှလည်း ဖြစ်ပြီးတာကို ကျွန်မတို့က အကောင်းဆုံးရင်ဆိုင်ပြီးတော့ ကျော်လွှားဖို့ပဲ ဖြစ်ပါတယ်။

ဒီတော့ အခြေခံအားဖြင့် ကျွန်မတို့ထုတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေဟာ တကယ်တော့မများပါဘူး။ တစ်ယောက်ချင်းတစ်ယောက်ချင်း လိုက်နာရမယ့် စည်းကမ်းတွေက မများပါဘူး။ နံပါတ်(၁)က အပြင်သွားရင် နှာခေါင်းစည်းတပ်ပါ။ Mask တပ်သွားပါ။ နောက်ပြီးတော့ လက်ကို ခဏခဏဆေးပါ။ ဆေးတဲ့အခါ စက္ကန့် (၂၀)ကြာအောင်ဆေးပါ။ နောက်ပြီးတော့ တခြားသူတွေနဲ့ ခပ်ခွာခွာနေပါ။ အပြင်ကို၊ လူစုလူဝေးရှိတဲ့နေရာတွေကို မသွားပါနဲ့။ တတ်နိုင်သမျှ ရှောင်ပါ။ မလွှဲမသာ သွားရမယ်ဆိုရင် တခြားသူတွေနဲ့ နီးနီးကပ်ကပ်မနေပါနဲ့။ အနည်းဆုံး ခြောက်ပေတော့ ခွာပြီးနေဖို့ဆိုပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနက အကြံပြုထားပါတယ်။ ဒီစည်းမျဉ်းစည်းကမ်းလေးတွေကို အခြေခံအားဖြင့် လိုက်နာမယ်ဆိုရင်၊ တစ်ဦးချင်းတစ်ဦးချင်းဟာ ကိုယ့်ရဲ့ကျန်းမာရေးကို ကိုယ်စောင့်ရှောက်မယ်ဆိုရင် ကျွန်မတို့ ကိုဗစ်ထိန်းချုပ်မှုလုပ်ငန်းဟာ ပိုပြီးတော့ မြန်မြန်အောင်မြင်မှာဖြစ်ပါတယ်။

အောင်မြင်တော့ အောင်မြင်မှာပါ။ ဒါကိုတော့ ကျွန်မ လုံးဝသံသယမရှိပါဘူး။ အနှေးနဲ့ အမြန်ပေ့ါ။ ဒါပေမယ့် အမြန်ဖြစ်စေချင်တယ်။ အမြန်ဖြစ်မှ ကျွန်မတို့ ပြည်သူတွေ သက်သာမယ်။ ကျွန်မတို့နိုင်ငံသက်သာမယ်။ ကျွန်မတို့ ပိုပြီးတော့ ပုံမှန်အနေအထားကို ပြန်ရောက်သွားမယ်။ တချို့ကလည်း ဒါတွေက ဘယ်လောက်ကြာဦးမှာလဲဆိုပြီး မေးကြမှာပဲ။ ဒါဟာလည်း ကျွန်မတို့လည်း တစ်ချိန်လုံးမေးနေတဲ့ မေးခွန်းပါ။ ကိုယ့်ကိုယ်ကိုယ်လည်း မေးပါတယ်။ ကျွန်မတို့ အစိုးရဌာနတွေအကြားမှာလည်း မေးကြပါတယ်။ ဒီကိစ္စ ဘယ်လောက်ကြာဦးမလဲ၊ ဘာတွေအတွက် ပြင်ဆင်ထားရဦးမလဲဆိုတာ။ အဲဒီတော့ ဘယ်လောက်ကြာဦးမလဲဆိုတာဟာ အခုဆိုရင်တော့ တချို့နိုင်ငံတွေမှာ ကိုဗစ်ကုသဖို့ဆေးကို အားထုတ်ပြီးတော့ ထုတ်လုပ်နေတာရှိတယ်။ တချို့တွေကျတော့ ကာကွယ်ဆေးကို အားထုတ်ပြီး ထုတ်လုပ်နေကြတာရှိတယ်။ တချို့ကျတော့ နှစ်မျိုးစလုံးကိုအားထုတ်ပြီးတော့ ထုတ်လုပ်နေတာရှိတယ်။

ကျွန်မတို့နိုင်ငံအနေနဲ့ ပြောရမယ်ဆိုရင် ကာကွယ်ဆေးထုတ်လုပ်နိုင်တဲ့အခြေအနေ၊ နောက်ပြီးတော့ ကုသဆေးထုတ်လုပ်နိုင်တဲ့အခြေအနေ မရှိပေမယ့် ဒီလိုဆေးတွေပေါ်လာတာနဲ့အမျှ အချိန်နဲ့တစ်ပြေးညီ ကျွန်မတို့နိုင်ငံကို မြန်နိုင်သလောက် မြန်မြန်ရောက်နိုင်အောင်ဆိုပြီး ကျွန်မတို့ အခုကတည်းကနေပြီး စီစဉ်နေပါတယ်။ ဥပမာဆိုရင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနဲ့ ကျန်းမာရေးဝန်ကြီးဌာနကနေပြီးတော့ ဒီလိုဆေးတွေ ထုတ်နေတဲ့နိုင်ငံက သံတမန်တွေနဲ့ ချိတ်ဆက်ပြီးတော့ ဘယ်လောက်ကျွန်မတို့အနေနဲ့ မြန်မြန်ရနိုင်ဖို့ အလားအလာရှိသလဲ။ အကယ်၍ ဒီဆေးတွေက အောင်မြင်တယ်ဆိုရင် ဆေးတွေက သုံးသင့်မသုံးသင့်ဆိုတာ ကမ္ဘာ့ကျန်းမာရေးဌာနက ကြည့်ပြီး စမ်းသပ်ပြီးမှ ဆုံးဖြတ်မှာဖြစ်ပါတယ်။ ကျွန်မတို့လည်း မသေချာဘဲနဲ့ ကျွန်မတို့ရဲ့ပြည်သူတွေအပေါ်မှာ ဒီဆေးတွေကို မသုံးပါဘူး။

ဒါကြောင့် အခုချိန်မှာတော့ အဓိကအားဖြင့် ရန်ကုန်တိုင်းမှာ ကိုဗစ်ရောဂါပြန့်ပွားမှု ထိန်းချုပ်နိုင်ဖို့ကို ကျွန်မတို့အားလုံး အားစိုက်ရပါမယ်။ အဲဒီတော့ ရန်ကုန်မှာရှိတဲ့ ပြည်သူပြည်သားတစ်ယောက်ချင်း တစ်ယောက်ချင်းဟာ ကိုယ့်ရဲ့ကျန်းမာရေးကို ကိုယ်အားစိုက်ပါ။ ကိုယ်ကျန်းမာဖို့၊ ကိုဗစ်ရောဂါမကူးဖို့ဆိုတာ အဲဒါကိုပဲ အဓိကထားပါ။ ကိုယ်မကူးရင် ကိုယ့်ဆီကနေသူများတွေ မကူးနိုင်ဘူး။ အဲဒီတော့ ကိုယ့်အတွက်ကိုယ်လုပ်တာဟာ သူများတွေအတွက် လုပ်တယ်ဆိုတဲ့သဘောလည်း ရောက်ပါတယ်။ ဒါကြောင့် ကျွန်မတို့ ရန်ကုန်က ပြည်သူပြည်သားများ စိတ်ဓာတ်မကျပါနဲ့။ ရန်ကုန်သူ ရန်ကုန်သားများ သတ္တိရှိတယ်လို့ အားလုံးက ပြောကြပါတယ်။ အဲဒီတော့ မှန်ကန်တဲ့နေရာမှာ သတ္တိရှိဖို့လိုပါတယ်။ ဒီကိုဗစ်ရောဂါကို ဖြတ်ကျော်တဲ့နေရာမှာ၊ အနိုင်ယူတဲ့နေရာမှာ သတ္တိရှိရှိနဲ့၊ ဇွဲရှိရှိနဲ့ ဆက်ပြီးတော့ လုပ်ကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ နောက်ပြီးတော့လည်း ရန်ကုန်အစိုးရရော၊ ရန်ကုန်မှာရှိနေတဲ့ တခြားဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေ၊ လူမှုရေးအဖွဲ့တွေ၊ ဝိုင်းဝန်းပြီးတော့ ကူညီနေတဲ့ပုဂ္ဂိုလ်များ အားလုံးကိုလည်း ကျွန်မ ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ ကျေးဇူးတင်တယ်ဆိုတာ ကျွန်မတို့အစိုးရကိုယ်စားလည်း ကျေးဇူးတင်ပါတယ်။ ပြည်သူ ပြည်သားတွေကိုယ်စားလည်း ကျေးဇူးတင်ပါတယ်။ ဒီလို ကျေးဇူးတင်တယ်ဆိုတာ စကားအရပဲ ကျွန်မတို့ပြောနေတာ မဟုတ်ပါဘူး။ တတ်နိုင်သမျှလည်း လုပ်နေရတဲ့ ဝန်ထမ်းတွေကို ပံ့ပိုးပေးပါမယ်။ လုံလုံလောက်လောက် အကာအကွယ်ပစ္စည်းများရှိအောင်၊ နေရထိုင်ရတာ အတတ်နိုင်ဆုံး သက်သာအောင်လို့ ကျွန်မတို့အနေနဲ့ စီစဉ်ပေးပါမယ်။

အခု ဒီကိုဗစ်ဖြစ်လာတာဟာ ဘာလိုလိုနဲ့ တော်တော်ကြာလာပါပြီ။ ၆ လ ကျော်လာပြီဆိုတော့လည်း နှစ်တစ်ဝက်ကျော်လာပါပြီ။ နှစ်တစ်ဝက်ကျော်လာပြီဆိုတော့ ပင်ပန်းတာတွေရှိမယ်၊ ဒါပေမယ့် ပင်ပန်းရကျိုးနပ်ပါလိမ့်မယ်။ တစ်ချိန်တစ်ခါမှာ ကျွန်မတို့ပြန်ကြည့်ရင် ဒီလိုအခက်အခဲတွေကြားမှာ အတူတူရုန်းကန်ခဲ့တယ်၊ အတူတူအောင်နိုင်မှုရခဲ့တယ်ဆိုတဲ့ အသိဟာ ကျွန်မတို့အားလုံးအတွက် အင်အားကြီးတစ်ခု ဖြစ်ပါလိမ့်မယ်လို့ ပြောရင်း နိဂုံးချုပ်ပါတယ်။

**အားလုံးကျန်းမာ ချမ်းသာကြပါစေ။ စည်းကမ်းတွေလိုက်နာကြပါစေ။**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ကလေးသူငယ်အခွင့်အရေးနှင့်စပ်လျဉ်းသည့် အွန်လိုင်းတွေ့ဆုံဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၁**

NGO Child Rights Working Group (NCRWG) က ကျင်းပသည့် ကလေးသူငယ်အခွင့်အရေးနှင့်စပ်လျဉ်းသည့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် အွန်လိုင်းဖြင့် ကျင်းပသည်။

အွန်လိုင်းတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကလေးများ၏ဘဝ မှန်မှန်ကန်ကန်တိုးတက်ရန် လိုအပ်**

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ယနေ့မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံခန့်သည် ကလေးသူငယ်များ ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု စဉ်ဆက်မပြတ်စေရန် အနာဂတ်မျိုးဆက်များဖြစ်သည့် ကလေးများ၏ဘဝ မှန်မှန်ကန်ကန်တိုးတက်ရန် လိုအပ်ပါကြောင်း၊ ကလေးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးသည် စိတ်ပိုင်းဆိုင်ရာ ကျေနပ်နှစ်သိမ့်မှုဖြစ်ပါကြောင်း၊ ထို့ကြောင့် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်သည့် ကျား/မ၊ ဆင်းရဲချမ်းသာ၊ ကိုယ်လက်အင်္ဂါပြည့်စုံခြင်း/ မပြည့်စုံခြင်း၊ ကိုးကွယ်သည့်ဘာသာ၊ မိဘအသိုင်းအဝိုင်းများကြောင့် ခွဲခြားဆက်ဆံခြင်း၊ ကလေးများကို ပြုစုစောင့်ရှောက်သည့်သူများက လျစ်လျူရှုခြင်း၊ အကြမ်းဖက်ခြင်း၊ ရိုက်နှက်ခြင်း၊ ပညာသင်ခွင့်မရှိခြင်း၊ ကလေးများကို စစ်ပွဲများတွင် အသုံးချခြင်း၊ လိင်ပိုင်းဆိုင်ရာ အသုံးချခံရခြင်း စသည်တို့ မဖြစ်အောင် ကာကွယ်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ကလေးများ၏ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနေသည့်အပြင် ကာကွယ်မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**အခွင့်အရေးအပြည့်အဝရရှိလာစေရန် ကြိုးစား**

ယနေ့ တွေ့ဆုံဆွေးနွေးပွဲကို NCRWG (NGO Child Rights Working Group) က ဦးစီးကျင်းပခြင်းဖြစ်ကြောင်း၊ ၎င်းအဖွဲ့ကို ၂၀၀၉ ခုနှစ်က နိုင်ငံတကာနှင့် ပြည်တွင်းလူမှုအဖွဲ့အစည်း ၁၉ ဖွဲ့ဖြင့် ဖွဲ့စည်းခဲ့ပြီး ယခုအခါ အဖွဲ့ဝင် ၄၀ ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါကြောင်း၊ အဖွဲ့၏ ရည်ရွယ်ချက်သည် အစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာပြီး မြန်မာနိုင်ငံအတွင်းတွင်ရှိသည့် ကလေးသူငယ်အားလုံး အခွင့်အရေးအပြည့်အဝရရှိလာစေရန် ကြိုးစား ဆောင်ရွက်လျက်ရှိသည်ဟု သိရပါကြောင်း။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ကလေးသူငယ်အခွင့်အရေးနှင့်စပ်လျဉ်းသည့် အွန်လိုင်းတွေ့ဆုံဆွေးနွေးပွဲ တက်ရောက်စဉ်။
သတင်းစဉ်

**ဦးစားပေး ဆောင်ရွက်နေ**

ကလေးသူငယ်များကို တိုင်းပြည်၏အနာဂတ်ဟုတင်စားကြပြီး မွေးဖွားကာစ ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်းမှသည် လူငယ်ဆိုသည့် အသက်အပိုင်းအခြားအထိ မွေးရာပါ ရပိုင်ခွင့်များကို အသိအမှတ်ပြုစောင့်ရှောက်ပေးခြင်းသည်လည်း နိုင်ငံ၏ အနာဂတ်ကို တည်ဆောက်ခြင်းပင် ဖြစ်ပါကြောင်း၊ နိုင်ငံတိုင်းကလည်း အနာဂတ်ရင်းနှီးမြှုပ်နှံမှုအတွက် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နေကြပါကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ဖြစ်သည့် ကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးပါရန် ပြောကြားသည်။

ထို့နောက် အွန်လိုင်းတွေ့ဆုံဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရန်ကုန်တိုင်းဒေသကြီး လူငယ့်ရေးရာ ကော်မတီအဖွဲ့ဝင် လူငယ်များ၊ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့် ကိုဗစ်-၁၉ ဆိုင်ရာကိစ္စများ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၁**

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့၊ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူငယ့်ရေးရာကော်မတီအဖွဲ့ဝင် လူငယ်များ၊ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ဆိုင်ရာ ဆောင်ရွက်နေမှုများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို Video Conferencing ဖြင့် ညှိနှိုင်းဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါပြန့်ပွားခြင်းအတွက် ကာကွယ်၊ ထိန်းချုပ်ခြင်း လုပ်ငန်းစဉ်များတွင် ပါဝင် ဆောင်ရွက်လျက်ရှိကြသော စေတနာ့ဝန်ထမ်းနှင့် ပရဟိတလူငယ်များနှင့် တွေ့ဆုံပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူငယ့်ရေးရာမူဝါဒကို ဖော်ဆောင်ပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး ပြည်နယ်များတွင် လူငယ့်ရေးရာကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းပြီး မဟာဗျူဟာစီမံချက်များကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာလ ပြည်သူများ အခက်အခဲများကြုံတွေ့ရစဉ်တွင် လူငယ်များအနေဖြင့် စေတနာ့ဝန်ထမ်းများအဖြစ် ပါဝင်ဆောင်ရွက်နေကြခြင်းသည် မူဝါဒပါ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုကဏ္ဍကို လက်တွေ့အကောင်အထည်ဖော်နေကြခြင်းပင်ဖြစ်ကြောင်း၊ ကြုံတွေ့ရသော အခက်အခဲများ၊ လိုအပ်ချက်များကို ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များ နှင့် လူငယ်ကော်မတီဝင်များက ၎င်းတို့ ပါဝင်ကူညီဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကျန်းမာရေး အကာအကွယ်ပစ္စည်းများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ လိုအပ်မှု အခြေအနေများ၊ စီမံအုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များ၊ Quarantine Center များရှိ ပြည်သူများအတွက်သာမက စေတနာ့ဝန်ထမ်းများအတွက်ပါ စိတ်ခွန်အားမြှင့်တင်ပေးရန် လိုအပ်မှုအခြေအနေများ၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းလိုအပ်မှုများ၊ အစောပိုင်းကာလ ကိုဗစ်-၁၉ ဖြစ်ပွားမှု အခြေအနေများနှင့် ဒုတိယလှိုင်းကာလ ဖြစ်ပွားမှုအခြေအနေကွာခြားချက်များနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းစဉ်များတွင် ခရိုင်၊ မြို့နယ်နှင့် Quarantine Center များအလိုက် အဆင့်ဆင့် ပူးပေါင်းဆောင်ရွက်မှု လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမျိုးသားအဆင့် စေတနာ့ ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင်များက ပြန်လည် ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် လက်တွေ့ဆောင်ရွက်နေကြသူများ၏ မြေပြင်အခြေအနေကို သိရှိရန်အလွန်အရေးကြီးသဖြင့် ပါဝင်ဆွေးနွေးကြသူများကို အထူးကျေးဇူးတင်ပါကြောင်း၊ လူဦးရေထူထပ်သည့် ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်နိုင်ရေးသည် အလွန်အရေးကြီးသဖြင့် လိုအပ်ချက်များကို မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် တိုက်ရိုက်ဖြည့်ဆည်းပေးခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းများကို အမြန်ဆုံးပြုလုပ်မည်ဖြစ်ကြောင်း နိဂုံးချုပ် ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် ကြက်ခြေနီစေတနာလုပ်အားရှင်များက ကူညီဆောင်ရွက်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၁**

ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံအနှံ့ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ပူးပေါင်းကာ စဉ်ဆက်မပြတ် ကူညီဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလအတွင်း ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်သူ့ဆေးရုံ၌ ရောဂါပျောက်ကင်းသူများ ဆေးရုံမှဆင်းရာတွင် စစ်တွေမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် လိုအပ်သည့် အကူအညီများပေးလျက်ရှိသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးမှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ကိုဗစ်ရောဂါ ကုသရေးဌာန(ဖောင်ကြီး)၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ရိုးမအိမ်ရာ အသွားအလာကန့်သတ်စောင့်ကြည့်စခန်းနှင့် ကုသရေးဌာန၊ သဃ်န်းကျွန်းမြို့နယ်ရှိ ကုသရေးဌာန (သုဝဏ္ဏ) တို့တွင် လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီးမှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် လှိုင်မြို့နယ်ရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင်လည်းကောင်း ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ဒေသအသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသအချို့၌ မိုးကြီးခြင်း၊ လေပြင်းတိုက်ခြင်းများ ဖြစ်ပေါ်ရာတွင်လည်း အကူအညီလိုအပ်သူများအား ထောက်ပံ့ကူညီခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် သွေးလိုအပ်သူများအတွက် အရေးပေါ်သွေးလှူဒါန်းခြင်းများကိုလည်း စိတ်အားထက်သန်စွာ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝင်းအောင်(MRCS)

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အမျိုးသမီးရေးရာဝန်ကြီး The Hon. Marise Payne နှင့် ဗီဒီယိုကွန်ဖရင့်ဖြင့် ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၁

**အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အမျိုးသမီးရေးရာဝန်ကြီး The Hon. Marise Payne နှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဗီဒီယိုကွန်ဖရင့်ဖြင့် ဆွေးနွေးသည်။** (အောက်ပုံ)



ဆွေးနွေးစဉ် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းဆွေးနွေးပွဲ (High Level Consultations) ကို ယခုနှစ်မကုန်မီ ဆောလျင်စွာ ကျင်းပရေး အပါအဝင် မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း အထွေထွေရွေးကောက်ပွဲကို ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပရေးအတွက် ပြင်ဆင်နေမှုများနှင့် ကိုဗစ်ကာလအတွင်း ရွေးကောက်ပွဲများ ကျင်းပခြင်းဆိုင်ရာ အတွေ့အကြုံများကို ဩစတြေးလျနိုင်ငံမှ မျှဝေပေးနိုင်မည့် အခြေအနေတို့ကို ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ တားဆီး၊ တိုက်ဖျက်ရေးအတွက် ဩစတြေးလျနိုင်ငံက ASEAN COVID-19 Response Fund တွင် ဩစတြေးလျဒေါ်လာ တစ်သန်း ကူညီပံ့ပိုးမှုနှင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိနိုင်ရေးအတွက် ဩစတြေးလျနိုင်ငံအနေဖြင့် GAVI COVAX Advance Market Commitment (AMC)သို့ ဩစတြေးလျဒေါ်လာသန်း ၈၀ ကူညီပံ့ပိုးရန် ကတိကဝတ်ပြုမှုတို့အတွက် ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး ဝန်ကြီးများသည် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုကြောင့် မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့တွင် အခက်အခဲတွေ့နေသူများအတွက် ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များ ဆက်လက်စီစဉ်သွားရေး၊ ကိုဗစ်-၁၉ ကြောင့် မြန်မာနိုင်ငံ၏ လူမှု-စီးပွားဘဝထိခိုက်မှုများပြန်လည်ကုစားရေးကို ကူညီနိုင်ရန်အတွက် ဩစတြေးလျနိုင်ငံက လာမည့်နှစ်နှစ်အတွင်း ကျန်းမာရေးလုံခြုံမှု၊ စီးပွားရေးပြန်လည် နာလန်ထူရေးတို့တွင် အကူအညီပေးသွားမည့်ကိစ္စတို့နှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာဆွေးနွေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ချုပ်ဆိုထားသည့် နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်အညီ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုအခြေအနေ၊ မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးရန် ကုလသမဂ္ဂ၊ အာဆီယံနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများ၊ နေရပ်စွန့်ခွာသူများ၏ စခန်းများအပါအဝင် ထိခိုက်လွယ်သူ အုပ်စုများအတွက် ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ တားဆီးကာကွယ်တိုက်ဖျက်ရေးတွင် ICRC နှင့် WFP တို့နှင့် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများကို အကျဉ်းမျှ ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက တစ်နိုင်ငံ၏ စိန်ခေါ်မှုနှင့် စိုးရိမ်ပူပန်မှုကို တစ်နိုင်ငံက နားလည်အောင်ကြိုးစားရန်နှင့် အပြုသဘော ဝိုင်းဝန်းဖြေရှင်းပေးရန်အရေးကြီးမှုတို့ကို အလေးထားပြောကြားခဲ့ပြီး ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးက ဩစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု ကာလတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ ဖြေရှင်းနိုင်ရေး အပြုသဘောဆောင် ဆက်လက်ကူညီ ပံ့ပိုးသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

**သတင်းစဉ်**

## လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီနှင့် UNICEF တို့ ညှိနှိုင်း

**နေပြည်တော် စက်တင်ဘာ ၂၁**

လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး လုပ်ငန်းကော်မတီနှင့် UNICEF တို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက Video Conferencing ဖြင့် ကျင်းပသည်။ (ယာပုံ)




အစည်းအဝေးသို့ လုပ်ငန်းကော်မတီ၊ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဝင်းနိုင်ထွန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ လုပ်ငန်းကော်မတီဝင်များနှင့် UNICEF (Myanmar) မှ Ms. Noriko Izumi (Chief of Child Protection) နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေးအမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၂၀-၂၀၂၁) အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသိပညာပေးမှုအပိုင်း၌ လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF တို့ လက်မှတ်ရေးထိုးထားသော Multi-Year Work Plan (2020-2021) ပါ လုပ်ငန်းစဉ်မှ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေကို အများပြည်သူသိရှိနိုင်ရေးလုပ်ငန်းစဉ်ပါ သဘောတူညီချက်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ ဆွေးနွေးကြသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၆၁၂ (၂၀၀၅) နှင့် နောက်ဆက်တွဲဆုံးဖြတ်ချက်များအရ သတ်မှတ်ထားသော လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုခြောက်ရပ် (Six Grave Violations) ဖြစ်သည့် ကလေးသူငယ်များအား သေကျေထိခိုက် ဒဏ်ရာရစေခြင်း၊ အရွယ်မရောက် သေးသူများအား လက်နက်ကိုင်အဖွဲ့များသို့ စုဆောင်းခြင်း၊ ကျောင်းနှင့်ဆေးရုံများအား တိုက်ခိုက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်ခြင်း၊ ကလေးသူငယ်များအား ပြန်ပေးဆွဲခြင်းနှင့် ကလေးသူငယ်များအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအထောက်အပံ့များ ပိတ်ပင်ခြင်းတို့မှ ကာကွယ်တားဆီးရန်အတွက် ရည်ရွယ်ပြီး "လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ"ကို နိုင်ငံတော်အစိုးရမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင်ဖွဲ့စည်းပေးခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၂၀-၂၀၂၁) ရေးဆွဲခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၀ ရက်တွင် နိုင်ငံတော်သမ္မတရုံးမှ အဆိုပါ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အရေးပေါ်လူနာများအတွက် ကိုဗစ်-၁၉ Critical Care Unit - ရောဝတီစင်တာကို တည်ဆောက်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၁**

ရောဝတီဖောင်ဒေးရှင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လိုအပ်ချက်နှင့် ညွှန်ကြားမှု၊ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဇော်ဝေစိုး၏ ကြီးကြပ်မှုတို့ဖြင့် ကိုဗစ်-၁၉ အရေးပေါ်လူနာများကို အနီးကပ်ကြပ်မတ်ကုသပေးနိုင်မည့် Critical Care Unit- ရောဝတီစင်တာကို သုဝဏ္ဏအားကစားကွင်း၌ တည်ဆောက်လျက်ရှိသည်။ **(ယာပုံ)**

ရောဝတီ ဖောင်ဒေးရှင်းက Intensive Care Unit (ICU) ခုတင် ၂၀ နှင့် High Dependency Unit (HDU)၅၅ ခုတင်ပါဝင်သော ကိုဗစ်-၁၉ Critical Care Unit - ရောဝတီစင်တာကို အမြန်ဆုံးတည်ဆောက်ပေးနေခြင်းဖြစ်သည်။ ရောဝတီဖောင်ဒေးရှင်းအနေဖြင့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်) မြက်ခင်းတုကွင်းတွင်လည်း ကိုဗစ်-၁၉ ရောဂါကုသရေးဌာန (သုဝဏ္ဏ) ရောဝတီစင်တာ တည်ဆောက်ထားပြီး ၄၂၅ ခုတင်နှင့် ကျန်းမာရေးနှင့် စေတနာ့ဝန်ထမ်း ၁၅၀ နေထိုင်ရန် အဆောင်များပါရှိကြောင်း သိရသည်။ ယခု ကိုဗစ်-၁၉ Critical Care Unit - ရောဝတီစင်တာ ပြီးစီးပါက စုစုပေါင်း ခုတင် ၅၀၀ ဆံ့ ကုသရေးစင်တာ ဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့် စေတနာ့ဝန်ထမ်း ၂၅၀ အထိ တိုးမြှင့်ထားရှိနိုင်မည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(သုဝဏ္ဏ) ရောဝတီစင်တာတွင် ရောဂါ ကုသမှုခံယူနေသည့် ကိုဗစ်လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများ၏ နေ့စဉ်စားသောက်နေထိုင်ရေးကို ရောဝတီဖောင်ဒေးရှင်းက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

**ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကိုမိုး**





# ကိုဗစ်-၁၉ ကာလ စင်ကာပူရွေးကောက်ပွဲ

*ကောင်းမြတ်နွယ် (စင်ကာပူ)*

ကိုဗစ်- ၁၉ ကာလ ၂၀၂၀ ပြည့်နှစ်မှာ ကမ္ဘာ့နိုင်ငံအတော်များများရဲ့ ရွေးကောက်ပွဲကာလနဲ့ တိုက်ဆိုင်နေပါတယ်။

အမေရိကန်နိုင်ငံရဲ့ ရွေးကောက်ပွဲက နိုဝင်ဘာလ ၃ ရက်နေ့ဖြစ်ပြီး ဒီမိုကရက်တစ်ပါတီမှ ဂျိုးဗစ်ဒင် (Joe Biden) နှင့် ရီပတ်ဘလီကင်ပါတီမှ လက်ရှိသမ္မတဒေါ်နယ်ထရမ့်တို့ အကြိတ်အနယ် တစ်ယောက်အားနည်းချက်ကို တစ်ယောက်ဖော်ထုတ်ထောက်ပြကာ မဲဆွယ်နေကြပြီ ဖြစ်ပါတယ်။

ကိုဗစ်- ၁၉ ကူးစက်ခံရသူပေါင်း ခုနစ်သန်းနီးပါး၊ သေဆုံးသူပေါင်း နှစ်သိန်းကျော်ရှိနေတဲ့ အမေရိကန်နိုင်ငံဟာ သမ္မတဒေါ်နယ်ထရမ့်ရဲ့ စီးပွားရေးဦးစားပေး မူဝါဒကြောင့် ရောဂါကူးစက်မှုကာကွယ်ရေးလုပ်ငန်းတွေ အားနည်းခဲ့တယ်။ ကိုဗစ်- ၁၉ ရဲ့ ရက်ရက်စက်စက်ထိုးနှက်မှုကို မရှုမလှ ခံနေရပါတယ်။ ဒါပေမယ့်လည်း အမတ်လောင်းတွေက သက်ဆိုင်ရာဒေသတွေမှာ လူစုလူဝေးနဲ့ ရဲရဲဝံ့ဝံ့ တက်တက်ကြွကြွနဲ့ မဲဆွယ်နေကြပြီ ဖြစ်ပါတယ်။

အလားတူပဲ အင်ဒိုနီးရှားနိုင်ငံက ဒီဇင်ဘာလ ၉ ရက်နေ့ကို လျာထားတယ်။ ဟောင်ကောင်က စက်တင်ဘာလ ၆ ရက်နေ့ကို သတ်မှတ်ခဲ့ပေမယ့် နောက်ဆုံးမှာ ရွေးကောက်ပွဲကို တစ်နှစ်တိတိ နောက်ဆုတ်လိုက်တယ်။

ကျွန်တော့်အနေနဲ့ မကြာသေးခင်က ကျင်းပသွားခဲ့တဲ့ စင်ကာပူနိုင်ငံ ရွေးကောက်ပွဲအကြောင်းလေးကို တင်ပြချင်ပါတယ်။

စင်ကာပူနိုင်ငံက မြန်မာနိုင်ငံထက် အများကြီးနောက်ကျမှ လွတ်လပ် ရေးရခဲ့တာပါ။ အင်္ဂလိပ်ကိုလိုနီလက်အောက်လည်း ကျရောက်ခဲ့တယ်။ ဂျပန်ဖက်ဆစ်ဒဏ်ကိုလည်း ခံခဲ့ရတယ်။ ၁၉၆၅ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့မှာ လွတ်လပ်ရေးရတော့လည်း ရေချိုတောင်အလုံအလောက်မရှိ၊ ပညာတတ်မရှိ၊ ရွှံ့ဗွက်နဲ့ ချုံပုတ်ပဲရှိတဲ့ကျွန်းနဲ့ စခဲ့ရတာပါ။ ခေါင်းဆောင်ကောင်း ရသွားတော့ ယခုနှစ် စင်ကာပူရဲ့ ရွေးကောက်ပွဲက (၁၈)ကြိမ်မြောက် ရွေးကောက်ပွဲ ဖြစ်သွားပါပြီ။ လွတ်လပ်ရေးရပြီးတဲ့နောက်(၁၃)ကြိမ်မြောက် ရွေးကောက်ပွဲလည်း ဖြစ်သွားပါပြီ။

**ဗြဟ္မစိုရ်တရားထွန်းကားတဲ့ နိုင်ငံထူထောင်**

အစဉ်အဆက် ပါတီတည်ထောင်သူ မစ္စတာလီကွမ်ယုကို ပြည်သူအများစု ယုံကြည်နှစ်သက်ကြတဲ့

> **စင်ကာပူအထွေထွေရွေးကောက်ပွဲကို မဲလာမပေးရင် အရေးယူမတဲ့။ လက်တင်အမေရိက နိုင်ငံ ၁၀ နိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံ ၂၁ နိုင်ငံမှာ မဲပေးခြင်းဟာ မလုပ်မနေရ တာဝန်တစ်ရပ် ဖြစ်ပါတယ်။**

အလျောက် PAP (People's Action Party) ကိုပဲ မဲပေးခဲ့ကြတယ်။ ဒီပါတီပဲ နိုင်ငံကိုအုပ်ချုပ်ခဲ့တာ အခြေခိုင်နေပါပြီ။ အရာရာလုပ်ငန်းဌာနအသီးသီးကို ပညာရေးကြည့်မလား၊ စီးပွားရေးကြည့်မလား၊ တရားဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေးပဲကြည့်မလား ကမ္ဘာ့ကစံတင်ရအောင်လုပ်ပြထားတာပါ။ မျက်မမြင်သူ၊ ကိုယ်လက်အင်္ဂါမသန်စွမ်းသူများကို ဘတ်စ်ကားစီးနိုင်အောင် စီစဉ်ပေးထားတယ်။ ကိုယ်အင်အား၊ စိတ်အင်အားငယ်တဲ့သူတွေကို ပိုမိုစာနာရပ်တည်ပေးထားတဲ့ တကယ့်ဗြဟ္မစိုရ်တရား ထွန်းကားတဲ့နိုင်ငံကို ထူထောင်ထားနိုင်ခဲ့ပါတယ်။

အတိုက်အခံပါတီတွေ ရှိပေမယ့်လည်း အင်အားကြီးတဲ့ PAP ပါတီက ဖိနှိပ်အနိုင်ယူတယ်လို့ နာမည်ကြီးပါတယ်။ စင်ကာပူ ပြည်သူပြည်သားတချို့က အဲဒါကို ပြောလေ့ရှိကြတယ်။ PAP ပါတီဥက္ကဋ္ဌ မစ္စတာလီကွမ်ယုက အာဏာရှင် ဆန်ဆန်လူတွေရဲ့ ကြမ်းတမ်းတဲ့ စိတ်တွေကို ထောင်ဒဏ်၊ ကြိမ်ဒဏ်၊ ဒဏ်ငွေတွေနဲ့ အစစအရာရာ ထိန်းချုပ်ခဲ့တဲ့အတွက် ကမ္ဘာ့အလုံခြုံဆုံး ၁၀ နိုင်ငံထဲမှာ နံပါတ် ၈ ရထားတာပေါ့။ ဒီလိုကောင်းအောင် လုပ်ပြထားတာတွေကြောင့် မကျေနပ်ချက်တချို့ ရှိသော်ငြားလည်း ဘယ်အတိုက်အခံပါတီကမှ မကျော်လွှားနိုင်ဘဲ PAP မှ PAP ဖြစ်နေခဲ့ပါတယ်။

> **ကိုဗစ် - ၁၉ ကာလလည်းဖြစ်လို့ အတိုက်အခံ ပါတီတွေအနေနဲ့တော့ လူသိအောင်တောင် လူလုံးပြချိန်မရလိုက်ပါဘူး။ စင်ကာပူနိုင်ငံရဲ့ ဥပဒေကလည်း စီတန်းလှည့်လည်တာ၊ လူငါးယောက်ထက်ပိုပြီး စုဝေးတာ ကန့်သတ်ထားတဲ့ တိုင်းပြည်ဖြစ်တော့ လူသစ်တန်း အတိုက်အခံပါတီတွေအဖို့ မဲဆွယ်ချိန်လည်း မလုံလောက်ခဲ့ပါ။ နှာခေါင်းစည်းများ ဝတ်ဆင်ထားရပြီး လက်ဆွဲနှုတ်ဆက်ခွင့်နဲ့ အနီးကပ်ပြောဆိုခွင့် မရတဲ့အတွက် မဲဆွယ်ဖို့ အတော်ပင်အခက်အခဲရှိတာ တွေ့ရပါတယ်။**

ပါတီတစ်ခုတည်ထောင်ပြီး ရွေးကောက်ပွဲဝင်ရတယ်ဆိုတာ လွယ်တာမှ မဟုတ်တာ။ ပြည်သူတွေကြိုက်လောက်တဲ့ အရည်အချင်းကောင်းတွေရှိနေမှ ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကော်မရှင် (ELD – Elections Department Singapore) ကို စရန်ငွေ စင်ကာပူဒေါ်လာ ၁၃၅၀၀ တင်ရပါတယ်။ မဲဆွယ်တာ၊ ပိုစတာစိုက်ထူတာ စသည်ဖြင့် ရွေးကောက်ပွဲအတွက် ဘာပဲဖြစ်ဖြစ် ဒေါ်လာတစ်သိန်းလောက်တော့ ကုန်ကျနိုင်ပါတယ်။ သို့သော်လည်း ၂၀၂၀ ပြည့်နှစ် စင်ကာပူနိုင်ငံ ရွေးကောက်ပွဲအတွက် မှတ်ပုံတင်ခဲ့တဲ့ ပါတီပေါင်း ၁၉ ခု ခန့်ရှိခဲ့ပြီး တကယ်ဝင်ရောက်ယှဉ်ပြိုင်တဲ့ပါတီက ၁၁ ခု ရှိခဲ့ပါတယ်။

ပြည်သူပြည်သားတွေက PAP (People's Action Party)၊ WP ( Workers' Party) နဲ့ PSP (Progress Singapore Party) တို့လောက်သာ လူသိပါတယ်။ WP ပါတီကတော့ ဖွဲ့စည်းခဲ့တာ ၆၂ နှစ် ကြာခဲ့ပြီဖြစ်လို့ လူသိများတဲ့အပြင် (၁၉၉၁- ၁၉၉၇) မှာ ဟောင်ဂန်းမြို့နယ်မှာ အနိုင်ရခဲ့တယ်။ လူငယ်အများစုနေထိုင်တဲ့ ဟောင်ဂန်း၊ စိန်ဂန်း၊ ပွန်ဂို စတဲ့မြို့နယ်တွေကတော့ ပါတီအသစ်တွေကို စွန့်စားပြီး မဲပေးလိုကြပါတယ်။ တစ်ပါတီတည်းကနေ ထင်တိုင်းမကြဲနိုင်အောင် အတိုက်အခံ အားပြိုင်ပါတီရှိနေဖို့ လိုတယ်ဆိုတဲ့ စိတ်ကူးစိတ်သန်းတွေ ရှိကြပါတယ်။ အတိုက်အခံပါတီတွေကလည်း ဒီမိုကရေစီလိုလားတဲ့ တိုင်းပြည်နဲ့ လူမျိုးကောင်းစားရေးလုပ်ဆောင်မယ့် ပါတီတွေဖြစ်တာ တွေ့မြင်ရပါတယ်။

စင်ကာပူနိုင်ငံရဲ့ ရွေးကောက်ပွဲ ၂၀၁၅ ကို အဲဒီနှစ် စက်တင်ဘာလ ၁၁ ရက်နေ့က ကျင်းပခဲ့တာမို့ ဒီနှစ် ၂၀၂၀ ရွေးကောက်ပွဲက စက်တင်ဘာလထဲမှာမှ ကျင်းပဖို့ဖြစ်သော်လည်း ဝန်ကြီးချုပ်လီရှန်လုံးက ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုပ်ပိုင်ခွင့်အရ မတ်လထဲမှာ ပါလီမန်ဖျက်သိမ်းဖို့ သမ္မတကို အကြံပြုခဲ့ပါတယ်။ ရွေးကောက်ပွဲရက်ကိုလည်း ဇူလိုင်လ ၁၀ ရက်နေ့ကို သတ်မှတ်လိုက်တဲ့အတွက် အတိုက်အခံပါတီတွေ မဲဆွယ်ချိန်မရအောင်လုပ်တာလို့ အစိုးရကို သိပ်မကြိုက်တဲ့ ပြည်သူတွေက ပြောကြပါသေးတယ်။

**မဲဆွယ်ဖို့ခက်ခဲ**

ကိုဗစ်- ၁၉ ကာလလည်းဖြစ်လို့ အတိုက်အခံ ပါတီတွေအနေနဲ့တော့ လူသိအောင်တောင် လူလုံးပြချိန် မရလိုက်ပါဘူး။ စင်ကာပူနိုင်ငံရဲ့ ဥပဒေကလည်း စီတန်းလှည့်လည်တာ၊ လူငါးယောက်ထက်ပိုပြီး စုဝေးတာ ကန့်သတ်ထားတဲ့ တိုင်းပြည်ဖြစ်တော့ လူသစ်တန်း အတိုက်အခံပါတီတွေအဖို့ မဲဆွယ်ချိန်လည်း မလုံလောက်ခဲ့ပါ။ နှာခေါင်းစည်းများ ဝတ်ဆင်ထားရပြီး လက်ဆွဲနှုတ်ဆက်ခွင့်နဲ့ အနီးကပ် ပြောဆိုခွင့်မရတဲ့အတွက် မဲဆွယ်ဖို့ အတော်ပင်အခက်အခဲရှိတာ တွေ့ရပါတယ်။

နိုင်ငံပိုင် ရုပ်မြင်သံကြားကနေ အချိန်အကန့်အသတ်နဲ့ မဲဆွယ်ကြရပါတယ်။ မြန်မာနိုင်ငံလို ဆိုက်ကားတွေလည်း မရှိတော့ အလံတွေနဲ့ အနေးယာဉ်လုပ်သားတွေရဲ့ အင်အားလည်း မသုံးနိုင်။ ကားတွေရဲ့ကိုယ်ခန္ဓာမှာ စတစ်ကာနဲ့ လှုံ့ဆော်ခွင့်မပြုတဲ့အတွက် ပေတစ်ရာ ဟိုက်ဝေးလမ်းတွေပေါ်မှာလည်း မမြင်ရ။ စင်ကာပူနိုင်ငံရဲ့ မဲဆွယ်ရေးစစ်တလင်းက ရပ်ကွက်တိုင်းလိုလိုမှာရှိတဲ့ ဟော့ကာစင်တာ စားသောက်ဆိုင်တန်းပဲ ဖြစ်ပါတယ်။ အဲဒီမှာ ဝန်ကြီးလောင်း၊ အမတ်လောင်း၊ သမ္မတလောင်းတွေက ခြေကျင်ခရီးနှင်ပြီး စာရွက်ဝေ စည်းရုံးရေးဆင်းကြရပါတယ်။

မိမိရပ်ကွက်အတွက်၊ မြို့နယ်အတွက် အမတ်လောင်းတွေ ပီပြင်လာတဲ့အခါ ရပ်ကွက် ဆက်သွယ်ရေးစင်တာ (Community Centre)က ဦးဆောင်ပြီး မဲပေးခွင့်ကတ်တွေကို စာတိုက်ကတစ်ဆင့် ပို့ပါတယ်။

စင်ကာပူ အမျိုးသား မှတ်ပုံတင်ကတ်ပြားက ဘားကုတ်ပါဝင်ပြီး စကင်ဖတ်လိုက်တာနဲ့ သတင်းအချက်အလက် အကုန်ရတယ်။ ကတ်ပြားပေါ်မှာလည်း လိပ်စာပါတယ်။ နေတဲ့နေရာ အိမ်လိပ်စာပြောင်းတာနဲ့ နီးစပ်ရာရဲစခန်းကို အကြောင်းကြားရတယ်။ ရဲစခန်းက ချက်ချင်း စတစ်ကာထုတ်ပြီး မှတ်ပုံတင်ကတ်ပြားပေါ်မှာ ကပ်ပေးပါတယ်။ လိပ်စာအဟောင်းကို အသစ်ဖုံးပေးလိုက်တာနဲ့ တစ်ပြိုင်နက် လူဝင်မှုကြီးကြပ်ရေး၊ အမြတ်ခွန်ဌာန၊ အိုနာစာရန်ပုံငွေရုံး (CPF)၊ အလုပ်လုပ်ကိုင်နေတဲ့လုပ်ငန်းဌာန စတဲ့အရေးကြီးဆက်နွှယ်ရာ သက်ဆိုင်ရာဌာနကြီး ၂၀ ခန့်ကို လိပ်စာပြောင်းကြောင်း အကြောင်းကြားပြီး ဖြစ်ပါတယ်။ ဒါကြောင့် စင်ကာပူနိုင်ငံသားမှတ်ပုံတင်နဲ့ အိမ်ဝယ်ဖို့၊ ကားဝယ်ဖို့၊ ကားစီးလုံး ငှားပြီးမောင်းဖို့၊ ငွေချေးဖို့ ခိုင်မာနေပြီဖြစ်ပါတယ်။

ခိုင်မာနေတဲ့ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ လိပ်စာများကြောင့် မဲပေးခွင့် ကတ်ပြားကို စာတိုက်ကနေ နှစ်ပတ်၊ သုံးပတ် ကြိုတင်ပို့ထားပါတယ်။ အဲဒီကတ် (Poll Card) မှာ မဲဆန္ဒရှင်ရဲ့ နာမည်၊ လိပ်စာ၊ မဲပေးခွင့်ရနံပါတ်၊ မဲရုံလိပ်စာ၊ ကောင်တာနံပါတ် အပြည့်အစုံပါတဲ့အပြင် မဲပေးရမယ့်အချိန် (နှစ်နာရီအကန့်) ပေးထားပါတယ်။ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများအတွက် မနက်ပိုင်း (၈ နာရီက ၁၀ နာရီ) စသည်ဖြင့်ပါ။ သန်သန်စွမ်းစွမ်း လူငယ်များအတွက် နေ့လယ်၊ ညနေခင်းစသည်ဖြင့် ခွဲလိုက်တဲ့အတွက် လူတွေတထောကြီး ပွတ်ညပ်စုထပ်သွားခြင်းကို ကာကွယ်ဖို့ ကြံစည်ပါတယ်။ သို့သော်လည်း နံနက် (၈ နာရီ က ၁၀ နာရီအတွင်း) လာဖို့ အကြံပြုထားတဲ့ မိခင်က မမာမကျန်းမို့ နေ့ခင်းမှလာဖို့ အကြံပြုထားခံရတဲ့ သားဖြစ်သူပါအတူပါလာရင်လည်း မဲပေးခွင့် ပြုလိုက်တာပါပဲ။

၂၀၂၀ မဲဆန္ဒပေးပွဲမှာ ၃၀ ရာခိုင်နှုန်းက မကျေမနပ်ဖြစ်ကြောင်း ဆာဗေး စစ်တမ်းကောက်ယူချက်အရ သိရပါတယ်။ လူတွေတန်းစီစောင့်ရတာ ကြာလွန်းလို့ပါ။ ဒါ့အပြင် လမ်းဘေးပလက်ဖောင်းနေပူပူမှာ နာရီဝက် / ၄၅ မိနစ်တန်းစီရတာကို စိတ်ဆိုးကြပါတယ်။ စင်ကာပူဆိုတာ နေပူတယ်၊ အချိန်မရွေး မိုးရွာတယ်။ အဲဒီနေ့က မိုးမရွာလို့တော်သေးတယ်။

အရင်ရွေးကောက်ပွဲတွေတုန်းကတော့ ဒီ Community Centre အမိုးအောက်မှာ ဝင်္ကပါလို သံတန်းတွေဖွဲ့ထားတဲ့အထဲ သက်သောင့်သက်သာ တန်းစီကြရတယ်။ ရေလေး၊ အအေးလေးသောက်၊ မဲပြားယူ၊ ကြက်ခြေခတ်တံဆိပ်တုံး လေးနှိပ်။ စိတ်ကျေနပ်စရာ ဖြစ်ခဲ့တယ်။

အခုတော့ အရိပ်တစ်လှည့်၊ နေပူတစ်လှည့် နှာခေါင်းစည်းက တပ်ထားရသေးတော့ သက်သောင့်သက်သာမရှိ။ ကြာလိုက်တာ။

ကြာမှာပေါ့။ မဲရုံထဲအဝင် ကိုယ်အပူချိန်တိုင်းရသေးတယ်။ လက်ကို Hand Sanitizer ဖျန်းရသေးတယ်။ လက်အိတ်တစ်စုံပေးပြီး ဝတ်ခိုင်းသေးတယ်။ အဆင့်တွေများနေတော့ ပိတ်ကျပ်နေတဲ့အပြင် အဆောက်အအုံအတွင်းရှိ လူဦးရေကိုလည်း ကန့်သတ်ထားတဲ့အတွက် ရှေ့လူကပြန်မထွက်သေးရင် နောက်လူမသွင်းသေးဘဲ တောင့်ခံထားတဲ့အတွက် ဖြစ်ပါတယ်။

ကိုယ်နဲ့ပါလာတဲ့ Poll Card လေးကို ကိုယ်သွားရမယ့် ဆက်ရှင်မှာပြလိုက်တော့ မဲပြားထုတ်ပေးပါတယ်။ မဲပြားကိုယူပြီး အချင်းချင်း ကြည့်လို့မရအောင် အကန့်လေးကန့် ကာရံထားတဲ့ စားပွဲပေါ်က အကန့်လေးထဲမှာ ကြက်ခြေခတ် စည်းသွား နှိပ်လိုက်ကြရပါတယ်။ လက်သန်း မင်မစွန်းပါ။ နှစ်ခါပြန်လည်း ထည့်မရပါ။ ဟိုတုန်းကလို လိုက်ကာကာထားတဲ့ အခန်းလည်း မသုံးတော့ပါ။ သန့်ရှင်းရေးလုပ်ရတာ လွယ်ကူတဲ့ ခြေတံရှည် စားပွဲပေါ်မှာ လုံခြုံတဲ့အကန့်လေးဖြစ်အောင် ဖန်တီး ထားတာပါ။

မဲပြားပေါ်မှာ ကိုယ်မဲပေးချင်တဲ့ ပါတီကို ကြက်ခြေခတ် တံဆိပ်တုံးလေး နှိပ်ပြီးတဲ့နောက် မဲပုံးဆီသွားပြီး ထည့်လိုက်တာနဲ့ နိုင်ငံသားတာဝန် ကျေပွန်ပါပြီ။

စင်ကာပူ အထွေထွေရွေးကောက်ပွဲကို မဲလာမပေးရင် အရေးယူမတဲ့။ လက်တင်အမေရိကနိုင်ငံ ၁၀ နိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံ ၂၁ နိုင်ငံမှာ မဲပေးခြင်းဟာ မလုပ်မနေရ တာဝန်တစ်ရပ် ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံရဲ့ မဲပေးဖို့ကန့်သတ်ချက်ကတော့ ၂၀၂၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့မှာ ၂၁ နှစ်ပြည့်သူတိုင်း မဲဆန္ဒပေးဖို့ တာဝန်ရှိပါတယ်။ မဲရုံပေါင်း ၁၀၉၇ ရုံ စီစဉ်ထားပြီး မဲလာပေးသူ ၂၅၆၅၀၀၀ ရှိတဲ့အတွက် မဲပေးခွင့်ရှိသူ ရဲ့ ၉၆ ရာခိုင်နှုန်း မဲပေးတယ်လို့ ဆိုပါတယ်။ မဲပေးချိန်က နံနက် ၈ နာရီကနေ ည ၈ နာရီပါ။ ကိုယ်အပူချိန် ၃၇ ဒသမ ၅ ဒီဂရီစင်တီဂရိတ် အထက်ရှိသူကို ပြန်လွှတ်ပါတယ်။ Home Stay အိမ်မှာနေဖို့ ကန့်သတ်ထားသူတွေနဲ့ ဖျားနေသူတွေကို ည ၇ နာရီကနေ ၈ နာရီအတွင်း မဲပေးခွင့် ပြုလိုက်ပါတယ်။ အကြောင်းမဲ့ မဲလာမပေးသူများကို မဲပေးပိုင်ခွင့်စာရင်းမှ ပယ်ဖျက်ခံရပါတယ်။ နောင်မဲပေးခွင့် အခွင့်အရေး ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။

လက်ရှိအာဏာရအစိုးရဟာ ရွေးကောက်ပွဲကော်မရှင်အတွက် တာဝန်ရှိတော့ ရွေးကောက်ပွဲ အဆင်ပြေချောမွေ့ဖို့ အားထုတ်တာတွေ တွေ့ရပါတယ်။ မဲပေးပွဲကနေ မကူးစက်နိုင်ဖို့၊ လူတွေ သက်သောင့်သက်သာ အချိန်မကုန်ဘဲ မဲပေးနိုင်ဖို့၊ စိတ်ချရသော လူအကွာအဝေး၊ နှာခေါင်းစည်း တပ်ဆင်မှု၊ လက်ကို ဆေးဖျန်းမှု၊ လက်အိတ်ဝတ်ဆင်မှု၊ ကိုယ်အပူချိန် ၃၇.၅ ဒီဂရီစင်တီဂရိတ် အထက်ပိုသူတွေကို အဝင်မခံဘဲ သီးသန့်စီစဉ်ပေးမှုစတဲ့ လုပ်ငန်းများကို စနစ်တကျ လုပ်ဆောင်သွားတာ တွေ့ရပါတယ်။

**မိုဘိုင်းဖုန်းနဲ့ မဲဆန္ဒပေးနိုင်ဖို့ ကြိုးပမ်း**

အမှားများကို စစ်တမ်းကောက်ပြီး အနာဂတ်ဒစ်ဂျစ်တယ် နိုင်ငံတော်မှာ မဲရုံလာစရာမလိုဘဲ မိုဘိုင်းဖုန်းနဲ့ မဲဆန္ဒပေးနိုင်ဖို့ ကြိုးပမ်းလျက် ရှိနေကြပါတယ်။

မြန်မာနိုင်ငံ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုလည်း ကိုဗစ်- ၁၉ ကပ်ရောဂါကာလမှာ သတိကြီးစွာနဲ့ ဆောင်ရွက်ရင်းဖြင့် အောင်မြင်မှုရလိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

> **စင်ကာပူနိုင်ငံရဲ့ မဲပေးဖို့ ကန့်သတ်ချက်ကတော့ ၂၀၂၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့မှာ ၂၁ နှစ်ပြည့်သူတိုင်း မဲဆန္ဒပေးဖို့ တာဝန်ရှိပါတယ်။ မဲရုံပေါင်း ၁၀၉၇ ရုံ စီစဉ်ထားပြီး မဲလာပေးသူ ၂၅၆၅၀၀၀ ရှိတဲ့အတွက် မဲပေးခွင့်ရှိသူရဲ့ ၉၆ ရာခိုင်နှုန်းမဲပေးတယ်လို့ ဆိုပါတယ်။ မဲပေးချိန်က နံနက် ၈ နာရီ ကနေ ည ၈ နာရီပါ။ ကိုယ်အပူချိန် ၃၇.၅ ဒီဂရီစင်တီဂရိတ် အထက်ရှိသူကို ပြန်လွှတ်ပါတယ်။ Home Stay အိမ်မှာနေဖို့ ကန့်သတ်ထားသူတွေနဲ့ ဖျားနေသူတွေကို ည ၇ နာရီကနေ ၈ နာရီအတွင်း မဲပေးခွင့်ပြုလိုက်ပါတယ်။ အကြောင်းမဲ့ မဲလာမပေးသူများကို မဲပေးပိုင်ခွင့်စာရင်းမှ ပယ်ဖျက်ခံရပါတယ်။ နောင် မဲပေးခွင့် အခွင့်အရေး ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။**

# တစ်ဦးချင်း၊ တစ်မိသားစုချင်း၊ တစ်ရပ်ကွက်ချင်း၊ တစ်မြို့နယ်ချင်းစီ တင်းတင်းကျပ်ကျပ် စုစုစည်းစည်းနဲ့ ညီညီညွတ်ညွတ် ဆောင်ရွက်မယ်ဆိုရင် ကိုဗစ်ရောဂါကူးစက်မှုကွင်းဆက်ကို လျှော့ချနိုင်မှာဖြစ်ပါတယ်

ပါမောက္ခဒေါက်တာဇော်ဝေစိုး

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီဒုတိယဥက္ကဋ္ဌ၊ ဆေးတက္ကသိုလ်–၁ (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးနှင့် မြန်မာ့ရုပ်မြင်သံကြားမှ သတင်းအဖွဲ့က စက်တင်ဘာ ၂၀ ရက်တွင် ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်–**

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး [ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်)]**

ကိုဗစ် – ၁၉ နဲ့ပတ်သက်ပြီး ရန်ကုန်အနေနဲ့ ထိန်းချုပ်နိုင်တဲ့ အနေအထား မရောက်သေးပါဘူး။ ကိုဗစ်ဓာတ်ခွဲအတည်ပြုလူနာ အရေအတွက်က ဆက်ပြီး တက်နေတဲ့ အနေအထား ရှိပါတယ်။ ကျွန်တော်တို့ ထိန်းချုပ်နိုင်မှု မရှိသေးပါဘူး။

ကိုဗစ် – ၁၉ ကုသမှုအပိုင်းအနေနဲ့ မြောက်ဥက္ကလာပမြို့နယ်ရှိ ဝေဘာဂီ ပြည်သူ့ဆေးရုံ၊ တောင်ဥက္ကလာပမြို့နယ်ရှိ မိခင်နှင့်ကလေးဆေးရုံ၊ ဖောင်ကြီး ကိုဗစ်စင်တာ၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ရိုးမအိမ်ရာ၊ လှိုင်မြို့နယ်ရှိ လှိုင်ကိုဗစ်စင်တာနဲ့ မြတ်လေးဆောင်၊ သုဝဏ္ဏဘောလုံးအကယ်ဒမီကျောင်းတွေမှာ သီးခြားကုသမှုပေးနေပါတယ်။ ယနေ့ထွက်ပေါ်လာတဲ့ Positive လူနာတွေကို လက်ခံကုသပေးဖို့အတွက် ခုတင်လွတ်အနေနဲ့ ၆၀၀ ရှိပါတယ်။ ကျွန်တော်တို့ စီမံခန့်ခွဲနိုင်တဲ့ အနေအထားမှာ ရှိပါတယ်။ ဒါကြောင့် လူနာအားလုံးကို ဆေးရုံမှာတင်ပြီး ကုသပေးဖို့အတွက် ပြင်ဆင်နေပါတယ်။

ဒီလူနာတွေကို သယ်ယူပို့ဆောင်ပေးမှုအနေနဲ့ ယခင်လူနာ ၂၀၀ / ၂၅၀ ပို့ဆောင်ပေးနေရာကနေ လူနာ ၅၀၀ ကျော်ကို ပို့ဆောင်ပေးရမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ အတော်ကို ကြိုးစားအားထုတ်ရမှာ ဖြစ်ပါတယ်။ ယခင်တုန်းက ကျွန်တော်ပြောခဲ့ဖူးပါတယ်၊ လက်ရှိ ကျွန်တော်တို့ အနေအထားက လူနာ ၃၀၀ / ၄၀၀ အတွက် ကြိုတင်တွက်ချက်ပြီး ဆောင်ရွက်ထားတာပါ။ ယခု လူနာ ၅၀၀ ဖြစ်လာတဲ့အတွက် ကျွန်တော်တို့အနေနဲ့ လုပ်ငန်းဆောင်ရွက်မှု မဟာဗျူဟာတွေ ပြောင်းလဲပြီး ဆောင်ရွက်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့နဲ့ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

ဒီလို လုပ်ငန်းဆောင်ရွက်မှု မဟာဗျူဟာတွေ ပြောင်းလဲဆောင်ရွက်နိုင်ဖို့ဆိုရင် တင်းကျပ်စွာ ထိန်းချုပ်ဆောင်ရွက်တဲ့နည်းလမ်းနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ လက်ရှိမှာ Quarantine ထားတယ်ဆိုရင် ပထမဆုံး သုံးပတ် သို့မဟုတ် တစ်လထားခဲ့ပြီး ၁၄ ရက်ကို လျှော့ချခဲ့ပါတယ်။ ယခုကျွန်တော်တို့က Double Negative နဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကိုဗစ်ရောဂါဓာတ်ခွဲစစ်ဆေးမှုကို နှစ်ကြိမ် နှာခေါင်းတို့ဖတ်နမူနာယူပြီး စစ်ဆေးကြည့်လိုက်လို့ နှစ်ခါ Negative ဖြစ်ရင် တစ်ပတ်နဲ့ ဆေးရုံက ဆင်းပေးမှာဖြစ်ပါတယ်။ အဓိပ္ပာယ်က ဓာတ်ခွဲစစ်ဆေးမှု ခံယူသူအနေနဲ့ နှစ်ကြိမ်စလုံးမှာ Negative ဖြစ်တဲ့အတွက် ပြည်သူလူထုထဲကို ကူးစက်နိုင်ခြင်းမရှိဘူးလို့ သုံးသပ်ပြီး ဆေးရုံတက်ရမယ့်ရက်ကို ထပ်ပြီး လျှော့မှာဖြစ်ပါတယ်။ ဒါကို နိုင်ငံတကာမှာလည်း ကျင့်သုံးနေပါတယ်။

ကျွန်တော်တို့အနေနဲ့ တင်းကျပ်စွာထိန်းချုပ်ဆောင်ရွက်တဲ့ နည်းလမ်းကို ရွေးချယ်ရခြင်းက တတ်နိုင်သမျှ သေဆုံးမှုနှုန်းကို အနည်းဆုံးဖြစ်အောင်လို့ ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ Quarantine တွေအနေနဲ့ Double Negative ခုနစ်ရက်လျှော့ဖို့ စတင်နေပြီ ဖြစ်ပါတယ်။ Double Negative ဖြစ်လို့ ဆင်းခွင့်ရသူတွေဟာ Home Quarantine ဆက်နေရမှာ ဖြစ်ပါတယ်။ ဒီ Home Quarantine ကို အားဖြည့်ဖို့ လိုပါတယ်။ Home Quarantine မှာ လျှော့တိလျှော့ရဲနေလို့ မရပါဘူး။ ဒီအတွက်လည်း Home Quarantine လုပ်မယ့် လူကိုယ်တိုင် လိုက်နာဖို့လိုအပ်သလို ဘေးကလည်း သူ့ကို ပံ့ပိုးပေးဖို့ လိုပါတယ်။ ကျွန်တော်ပြောတဲ့ စကားလုံးအဓိပ္ပာယ်က **“ကြပ်မတ်ပေးဖို့”** မဟုတ်ပါဘူး။ **“ပံ့ပိုးပေးဖို့”** ဖြစ်ပါတယ်။ Home Quarantine ဝင်နေတဲ့သူကို အခက်အခဲဖြစ်အောင်လုပ်ဖို့ မဟုတ်ပါဘူး။ ဒီလူအတွက် အဆင်ပြေအောင် လုပ်ပေးဖို့ ဖြစ်ပါတယ်။ ဒီလိုလုပ်ပေးတဲ့နေရာမှာ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီ၊ မိသားစုကိုယ်တိုင်၊ ရပ်ရွာက၊ မြို့နယ်နဲ့တိုင်း အပါအဝင် နိုင်ငံတော်အနေအထားနဲ့လုပ်ဖို့ စီစဉ်ပြီးဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ တစ်ဆင့်လျှော့ချပြီး ဆောင်ရွက်မယ့် အစီအစဉ်မှာ ပြည်သူလူထုရဲ့ပါဝင်မှုက အရေးကြီးပါတယ်။ Facility Quarantine ကနေပြီး Double Negative ဖြစ်လို့ ပြန်ထွက်လာမယ့်သူတွေကို အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြဖို့ လိုအပ်ပါတယ်။ သူတို့အနေနဲ့ Home Quarantine တစ်ပတ်နေရမှာ ဖြစ်ပါတယ်။ ရောဂါကူးစက်မှုကို လျှော့ချမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဆေးရုံတွေရဲ့ လုပ်ငန်းဆောင်ရွက်နိုင်မှု စွမ်းဆောင်ရည်ကို ကျော်လွန်တော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒဂုံဆိပ်ကမ်းမြို့နယ် ရိုးမအိမ်ရာထဲက အဆောင်ခြောက်ဆောင်ကို ထပ်မံပြင်ဆင်နေပါတယ်။ ရိုးမမှာ ယခုအချိန်မှာဆိုရင် ခုတင် ၅၇၆ ခုတင် ထည့်သွင်းထားပြီး ဖြစ်ပါတယ်။ နောက်ထပ် ခြောက်ဆောင် ပြင်ဆင်ပြီးရင် ခုတင် ၄၄၀ ကျော် ထပ်မံလက်ခံနိုင်မှာ ဖြစ်ပါတယ်။ ဒါကို ဒီနေ့အပြီး ပြင်ဆင်သွားမှာဖြစ်ပါတယ်။ နောက်တစ်ရက် ထွက်ပေါ်လာမယ့် လူနာတွေအတွက် အသင့်ဖြစ်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခုလို ကြိုတင်ပြင်ဆင်ဆောင်ရွက်တဲ့အခါမှာ တတ်နိုင်သမျှ အစွမ်းကုန်ပြည့်စုံအောင် စီစဉ်သွားမှာဖြစ်ပါတယ်။ သို့ရာတွင် ချို့ယွင်းချက်များရှိနိုင်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒါကိုကြိုတင်ပြီး တောင်းပန်အသိပေးပါတယ်။

ယခုရိုးမအိမ်ရာကို ပြင်ဆင်နေတဲ့အချိန်နဲ့ တစ်ပြိုင်တည်းမှာ အောင်မြင့်မိုရ် အိမ်ရာကို ပြင်ဆင်နေပါတယ်။ သုဝဏ္ဏဘောလုံးအကယ်ဒမီကျောင်းမှာလည်း ဆက်ပြီးတော့ ခုတင် ၁၀၀ ဆံ့ HDU နဲ့ ICU ကို ပြင်ဆင်နေပါတယ်။ ယခုအနေအထားအရ လူနာတွေ များလာလေလေ ရောဂါပြင်းထန်တဲ့သူ အရေအတွက်က များလာလေလေ ဖြစ်ပါတယ်။ ဒီရောဂါပြင်းထန်တဲ့သူတွေကို အပြည့်အဝကုသမှုပေးနိုင်ဖို့အတွက် HDU နဲ့ ICU ခုတင် ၁၀၀ ဆံ့ကို ယနေ့စတင်ဆောက်လုပ်ဖို့ ပြင်ဆင်မှာဖြစ်ပါတယ်။ ဒါကို တည်ဆောက်ဖို့အချိန် တစ်ပတ်/ ၁၀ ရက် ကြာမှာဖြစ်ပါတယ်။ အဲဒီအချိန်မှ အဆင်သင့်ဖြစ်မှာ ဖြစ်ပါတယ်။

နောက်ထပ် မဟာဗျူဟာအစီအစဉ်နဲ့ ပြင်ဆင်ဆောင်ရွက်နေတာက မြို့နယ်ဆေးရုံများ ဖြစ်ပါတယ်။ ယခင်က မြို့နယ်ဆေးရုံတွေကို အသုံးပြုခဲ့ခြင်း မရှိခဲ့ပါဘူး။ ယခုအချိန်မှာ ရခိုင်ပြည်နယ်မှာ ပြုလုပ်ခဲ့သလို မြို့နယ်ဆေးရုံတွေက တာဝန်ယူပြီး ရောဂါမပြင်းထန်တဲ့သူတွေကို လက်ခံကုသပေးဖို့ စီစဉ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်ဆေးရုံတွေမှာ ယခုစတင်ပြင်ဆင်နေပါပြီ။ ဒီဆေးရုံတွေရဲ့ ကိုဗစ်ရောဂါသည်တွေကို လက်ခံကုသပေးမယ့်နေရာတွေကို ပြင်ဆင်နေသလို ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများကိုလည်း ကိုဗစ်ရောဂါဆိုင်ရာ မွမ်းမံသင်တန်းတွေကို သင်ကြားပေးနေပြီ ဖြစ်ပါတယ်။ ဒီနေရာတွေမှာ ရောဂါလက္ခဏာ မပြင်းထန်တဲ့ လူနာတွေကို လက်ခံကုသပေးသွားမှာ ဖြစ်ပါတယ်။ လူနာတော်တော်များများက အနံ့ပျောက်တာ ဖြစ်ပါတယ်။ လူကိုယ်တိုင် သွားနိုင်၊ လာနိုင်၊ စားနိုင်၊ သောက်နိုင် ဖြစ်တဲ့ လူနာအမျိုးအစားတွေကို မြို့နယ်ဆေးရုံတွေမှာ ထားရှိကုသပေးသွားဖို့ စီစဉ်သွားမှာ ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့အနေနဲ့ ကြိုတင်ပြင်ဆင်ထားမှုဖြစ်ပါတယ်။ ဒီနေ့ ထားမှာမဟုတ်သေးပါဘူး။ မနက်ဖြန်လည်း ကျွန်တော်တို့ ထားဖို့မလိုသေးပါဘူး။

ကျွန်တော်တို့ပြင်ဆင်ထားတာတွေက ကုသရေးအပိုင်းဖြစ်သလို တစ်ဖက်ကလည်း ကာကွယ်ရေးအပိုင်းအနေနဲ့ အများကြီးဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဆောင်ရွက်ဖို့ကိုလည်း ပြင်ဆင်လျက်ရှိပါတယ်။ Contact Tracing ကို ယခု အင်နဲ့အားနဲ့ ဆောင်ရွက်ဖို့ လုပ်နေပါတယ်။ တစ်ဖက်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဒီ Contact Tracing ကို လုပ်နေတဲ့အချိန်မှာ ပြည်သူလူထု ပါဝင်ဖို့လိုပါတယ်။

ပြည်သူလူထုအနေနဲ့ Contact ဖြစ်သွားသူတွေဟာ တစ်ဦး၊ တစ်ယောက်ချင်း မိမိကိုယ်တိုင်၊ မိမိကနေ အများကိုမကူးအောင်၊ ကိုယ်က အများကို မကူးအောင်၊ အများက ကိုယ့်ကို မကူးအောင် နေထိုင်ကြဖို့ လိုပါတယ်။ မိမိတို့ တစ်ယောက်ချင်းစီ နေထိုင်ဖို့ လိုအပ်သလို မိသားစုတစ်စုချင်းစီကလည်း ဒီကိစ္စကို စီစဉ်ဆောင်ရွက်လိုက်နာဖို့ လိုအပ်ပါတယ်။ အလားတူ အိမ်အလိုက်၊ ရပ်ရွာအလိုက် စီစဉ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီလိုမျိုး တစ်ဦးချင်း၊ တစ်ယောက်ချင်းစီ Contact ဖြစ်သွားတယ်ဆိုရင် ဒီဘက်ကလည်း အသိပေးပါမယ်။ ကိုယ်ကိုယ်တိုင်လည်း သိမှာဖြစ်ပါတယ်။ ကိုယ်က Contact ဖြစ်ရင် Positive ဖြစ်နိုင်တယ်။ ကိုယ် Positive ဖြစ်ရင် ဘေးကသူတွေကို ကူးစက်နိုင်တာကို အားလုံးက နားလည်ပြီး အသေအချာလိုက်နာနေထိုင်မယ်ဆိုရင် ကိုဗစ်ရောဂါကူးစက်မှု ကွင်းဆက်ဖြတ်တဲ့လုပ်ငန်းက အောင်မြင်မှာ ဖြစ်ပါတယ်။

ဒီနေ့ ကျွန်တော်တို့လုပ်နေတာတွေ အကုန်လုံးသည် ကုသရေးဘက်က ဖြစ်ပြီး ကာကွယ်ရေးဘက်က ဆောင်ရွက်နေမှုတွေ မအောင်မြင်ရင် ကုသရေးဘက်မှာ အခက်အခဲတွေ အများကြီးဖြစ်မှာ ဖြစ်ပါတယ်။ ကာကွယ်ခြင်းလုပ်ငန်းဟာ ကျွန်တော် အရင်ကပြောခဲ့သလို ပြည်သူလူထုတစ်ဦးချင်း၊ တစ်ယောက်ချင်းစီရဲ့ လိုက်နာဆောင်ရွက်မှုနဲ့ ဆိုင်ပါတယ်။ ဒါကြောင့် တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်မိသားစုချင်း၊ တစ်အိမ်ချင်း၊ တစ်ရပ်ကွက်ချင်း၊ တစ်မြို့နယ်ချင်းစီ ဒီကိစ္စကို အသေအချာ တင်းတင်းကျပ်ကျပ် အားလုံး စုစုစည်းစည်းနဲ့ ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်မယ်ဆိုရင် ကိုဗစ်ရောဂါကူးစက်မှုကွင်းဆက်ကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ ရောဂါကူးစက်မှုကွင်းဆက်ကို တားထားနိုင်မှာ ဖြစ်ပါတယ်။ ဖြတ်နိုင်မှာ ဖြစ်ပါတယ်။ ဒါက သိပ်အရေးကြီးပါတယ်။ ဒါမှသာလျှင် ဒီဘက်က ကုသမှုအပိုင်းမှာ နိုင်နိုင်နင်းနင်းလုပ်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီလိုမျိုး ဆောင်ရွက်ပေးကြဖို့ လိုအပ်ပါတယ်။ ဆောင်ရွက်ပေးကြပါလို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းပါတယ်။ ဆောင်ရွက်ပေးကြဖို့လည်း ကျွန်တော့်အနေနဲ့ အထူးအနူးအညွတ်မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ထက်လျှံ

> “ဒီနေ့ ကျွန်တော်တို့လုပ်နေတာတွေ အကုန်လုံးသည် ကုသရေးဘက်ကဖြစ်ပြီး ကာကွယ်ရေးဘက်က ဆောင်ရွက်နေမှုတွေမအောင်မြင်ရင် ကုသရေးဘက်မှာ အခက်အခဲတွေ အများကြီးဖြစ်မှာ ဖြစ်ပါတယ်။ ကာကွယ်ခြင်းလုပ်ငန်းဟာ ကျွန်တော် အရင်ကပြောခဲ့သလို ပြည်သူလူထုတစ်ဦးချင်း၊ တစ်ယောက်ချင်းစီရဲ့ လိုက်နာဆောင်ရွက်မှုနဲ့ ဆိုင်ပါတယ်။ ဒါကြောင့် တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်မိသားစုချင်း၊ တစ်အိမ်ချင်း၊ တစ်ရပ်ကွက်ချင်း၊ တစ်မြို့နယ်ချင်းစီ ဒီကိစ္စကို အသေအချာ တင်းတင်းကျပ်ကျပ် အားလုံးစုစုစည်းစည်းနဲ့ ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်မယ်ဆိုရင် ကိုဗစ်ရောဂါကူးစက်မှုကွင်းဆက်ကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ ရောဂါကူးစက်မှုကွင်းဆက်ကို တားထားနိုင်မှာ ဖြစ်ပါတယ်။ ဖြတ်နိုင်မှာ ဖြစ်ပါတယ်။ ဒါက သိပ်အရေးကြီးပါတယ်။ ဒါမှသာလျှင် ဒီဘက်က ကုသမှုအပိုင်းမှာ နိုင်နိုင်နင်းနင်းလုပ်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီလိုမျိုး ဆောင်ရွက်ပေးကြဖို့ လိုအပ်ပါတယ်”

## မီဒီယာကောင်စီက ကိုဗစ်ကပ်ရောဂါ ကာကွယ်ကုစားမှုခံယူသည့် သတင်းသမား ၈၇ ဦးကို ဆက်သွယ်ကူညီပေးခဲ့

**ရန်ကုန် စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ကိုဗစ်အကူအညီပေးရေးကော်မတီက စက်တင်ဘာ၂၁ ရက်အထိ သတင်းသမား ၈၇ ဦးကို ဆက်သွယ်၍ အကူအညီပေးအပ်ခဲ့ရာ ကူညီငွေကျပ် ၁၂၃ သိန်း ကူညီခဲ့ပြီး ရန်ပုံငွေ နည်းပါးနေသဖြင့် အကူအညီပေးမှုကို ခေတ္တရပ်နားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် ကိုဗစ်–၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း သတင်းအလုပ်နှင့် ဆက်စပ်သွားလာလုပ်ကိုင်စဉ် ကူးစက်ခံရပြီး အတည်ပြုလူနာအဖြစ်သတ်မှတ်ခံရသည့် သတင်းသမားများ၊ ကူးစက်ခံရသူနှင့် ထိတွေ့မှုကြောင့် Home Quarantine သို့မဟုတ် Facility Quarantine Center များတွင် အသွားအလာကန့်သတ်ခြင်းခံနေရသည့် သတင်းမီဒီယာသမားများအား အထောက်အပံ့ပေးရေး အသိပေးကြေညာချက်ကို စက်တင်ဘာ ၁၃ ရက် နေ့စွဲဖြင့် ထုတ်ပြန်ချက်ကြေညာပြီးနောက် သတင်းသမားများပေးပို့လာသည့် စာရင်းများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ကိုဗစ်အကူအညီပေးရေးကော်မတီက စိစစ်ပြီး စက်တင်ဘာ ၁၆ ရက်မှ စက်တင်ဘာ ၂၁ ရက်အထိ သတင်းသမား စုစုပေါင်း ၈၇ ဦးကို ဆက်သွယ်၍ အကူအညီပေးအပ်ခဲ့ကာ ပိုးတွေ့ရှိသူအဖြစ် အတည်ပြုခံရသူ သုံးဦး၊ Facility Quarantine ဝင်ရသူ ၃၃ ဦးနှင့် Home Quarantine ဝင်ရသူ ၅၁ ဦးတို့အား ကူညီငွေကျပ် ၁၂၃ သိန်း ကူညီခဲ့ပြီး ဖြစ်သည်။

သန့်ဇင်ဝင်း

# အကျိုးဆက်



ရန်ကုန်မှစပြီးတော့ ရောဂါပြန့်ပွားတဲ့အချိန်ကို သတ်မှတ်လိုက်မယ်ဆိုရင် ဩဂုတ်လ နောက်ပိုင်းအပတ်ပါ။ ဒီဩဂုတ်လနောက်ပိုင်းအပတ်မှာစပြီး ပြန့်ပွားလာတယ်။ စပြီး ပြန့်ပွားလာတယ်ဆိုတာကို စက်တင်ဘာလ အစောပိုင်းမှာ၊ လဆန်းပိုင်းမှာဆိုရင် အများပြည်သူက သိလာပြီ။ သိလာတဲ့အချိန်မှာတော့ ပိုပြီးတော့ သတိထားလာပြီ။ အခုဆိုရင် တတိယပတ်ထဲကို ဝင်လာပြီ။ တတိယပတ်ထဲကိုဝင်လာပြီဆိုတော့ ဒီအချိန်မှာ ကျွန်မတို့ ထိန်းထိန်းသိမ်းသိမ်းလုပ်သွားတယ်ဆိုရင် နောက်တစ်ပတ်၊ နှစ်ပတ်အတွင်းမှာ အကျိုးဆက်ဟာ ပေါ်လာမှာပါ။ ဘယ်သူမှတော့ အကန့်အသတ်ကြားထဲမှာ မနေချင်ဘူး။ ဒါပေမယ့် ဒီကန့်သတ်မှုတွေဟာ ရေရှည်မှာ မြန်မြန်ဆန်ဆန် ဒီအခြေအနေကနေပြီးတော့ ကျွန်မတို့ ရုန်းထွက်နိုင်အောင်လို့ သေသေချာချာ သတိထားပြီးတော့ အားလုံးကနေပြီး ပူးပေါင်းဆောင်ရွက်ပေးစေချင်ပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၁၅ ရက်နေ့တွင် နိုင်ငံအတွင်း COVID–19 ရောဂါပြန့်ပွားမှု အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ၆၁၀ ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၆၁၅၁ ဦး ရှိသွားပြီ

နေပြည်တော် စက်တင်ဘာ ၂၁

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၆၁၀ ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၆၁၅၁ ဦးရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိ သူ ၆၁၅၁ ဦးအနက် သေဆုံးသူ ၉၈ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၁၄၄၅ ဦးနှင့် စက်တင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၂၁ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၃၄၅ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၂၄၃၈၃ | ၆၁၅၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၄၄၅ | ၉၈ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၁၁၇၅၇

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၁၄၄၅ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၁-၉-၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

## COVID–19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကိုသိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည်ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း(သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သော နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်းစသည့် နောက်ဆက်တွဲဆိုးကျိုးများခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်
မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)

## ၂၁-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၀၀၅၇၅၉ | ၄၂၅၀၄၉၇ | ၂၀၄၁၂၆ |
| ၂။ | အိန္ဒိယ | ၅၄၉၁၄၁၀ | ၄၃၉၆၃၉၉ | ၈၇၉၃၃ |
| ၃။ | ဘရာဇီး | ၄၅၄၄၆၂၉ | ၃၈၅၁၂၂၇ | ၁၃၆၈၉၅ |
| ၄။ | ရုရှား | ၁၁၀၉၅၉၅ | ၉၁၁၉၇၃ | ၁၉၄၈၉ |
| ၅။ | ပီရူး | ၇၆၈၈၉၅ | ၆၁၅၂၅၅ | ၃၁၃၆၉ |
| ၆။ | ကိုလံဘီယာ | ၇၆၅၀၇၆ | ၆၃၃၁၉၉ | ၂၄၂၀၈ |
| ၇။ | မက္ကဆီကို | ၆၉၇၆၆၃ | ၄၉၉၃၀၂ | ၇၃၄၉၃ |
| ၈။ | တောင်အာဖရိက | ၆၆၁၂၁၁ | ၅၉၀၀၇၁ | ၁၅၉၅၃ |
| ၉။ | စပိန် | ၆၅၉၃၃၄ | စိစစ်ဆဲ | ၃၀၄၉၅ |
| ၁၀။ | အာဂျင်တီးနား | ၆၃၁၃၆၅ | ၄၈၈၂၃၁ | ၁၃၀၅၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၁ - ၉ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၉၀၁၉၀ | ၂၃၀၂၃၃ | ၄၉၉၉ |
| အင်ဒိုနီးရှား | ၂၄၈၈၅၂ | ၁၈၀၇၉၇ | ၉၆၇၇ |
| စင်ကာပူ | ၅၇၆၀၇ | ၅၇၁၈၁ | ၂၇ |
| မလေးရှား | ၁၀၂၇၆ | ၉၃၉၅ | ၁၃၀ |
| မြန်မာ | ၆၁၅၁ | ၁၄၄၅ | ၉၈ |
| ထိုင်း | ၃၅၀၆ | ၃၃၄၂ | ၅၉ |
| ဗီယက်နမ် | ၁၀၆၈ | ၉၄၇ | ၃၅ |
| ကမ္ဘောဒီးယား | ၂၇၅ | ၂၇၄ | ၀ |
| ဘရူနိုင်း | ၁၄၅ | ၁၄၂ | ၃ |
| လာအို | ၂၃ | ၂၂ | ၀ |

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၄ / ၂၀၂၀**
**၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၁ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ လောဆွန့် ကျေးရွာနေ မကြည်ပိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၉-၂၀၂၀ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ လောဆွန့်ကျေးရွာနေ မကြည်ပို (ခ) ကြည်ကြည်ပို (၂၄) နှစ်၊ (ဘ) ဦးအောင်ရှိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် အတူ ခင်ပွန်းဖြစ်သူ မောင်တူး(၃၅)နှစ်၊ (ဘ)ဦးစိန်ဖေတို့ (၂) ဦးအား စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (လုံးတုံ)မယ(ပ)၄၈/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မပြင် ကျေးရွာနေ မရင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၁၆-၉-၂၀၂၀ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ မပြင်ကျေးရွာနေ မရင် (၄၈) နှစ်၊ (ဘ) ဦးလူတင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများ၊ အဆင့်နိမ့်ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (လုံးတုံ) မယ(ပ) ၄၉/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ဆားကျင်းကျေးရွာနေ မနုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၉-၂၀၂၀ ရက်နေ့တွင် မုံရွာမြို့နယ်၊ ဆားကျင်းကျေးရွာနေ မနု (၄၅)နှစ်၊ (ဘ) ဦးညို၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့် အတူ ဖမ်းဆီးရမိသဖြင့် မမစ (မုံရွာ) မယ(ပ)၂၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ တောင်ကြား ကျေးရွာနေ မင်းနိုင်သည် မူးယစ်ဆေးဝါးများ သုံးစွဲနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၉-၂၀၂၀ ရက်နေ့တွင် ကောလင်းမြို့နယ်၊ ပန်းမရဲ ကျေးရွာသွားလမ်းမပေါ်၌ တောင်ကြားကျေးရွာနေ ထိုက်ထိုက်(၃၀) နှစ်၊ (ဘ)ဦးအောင်ဆန်းနှင့် ၎င်းကျေးရွာနေ မင်းနိုင် (၃၃) နှစ်၊ (ဘ) ဦးမောင်ကြည်တို့ (၂) ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများ နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကောလင်း) မယ(ပ) ၁၇၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ မောက်စဖာ ကျေးရွာနေ ဝင်းမြင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၉-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ မောက်စဖာ ကျေးရွာနေ ဝင်းမြင့် (၅၄) နှစ်၊ (ဘ) ဦးလူထွေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် ဝင်းမြင့်အား မတွေ့ရှိဘဲ ၎င်း၏ဇနီးဖြစ်သူ မအိ(၅၀)နှစ်၊ (ဘ) ဦးသောင်းဒန်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖောင်းပြင်)မယ(ပ)၁၆၅/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆ (ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ ဝက်ကျကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၉-၂၀၂၀ ရက်နေ့တွင် ပုလဲမြို့နယ်၊ ဝက်ကျကျေးရွာနေ နေဝင်း(၅၃) နှစ်၊ (ဘ)ဦးတင်ဖေလေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေသူများဖြစ်သော ရန်နိုင်စိုး (၂၅) နှစ်၊ (ဘ) ဦးဝင်းစိန်၊ အေးကို (၂၅) နှစ်၊ (ဘ) ဦးကျော်ဆွေ၊ ပိုင်စိုးဦး (၂၅) နှစ်၊ (ဘ) ဦးတင်ဦး၊ နိုင်လင်း (၄၁) နှစ်၊ (ဘ) ဦးဘကံတို့ (၅) ဦးအား ဘိန်းဖြူများ၊ ဘိန်းများ၊ အဆင့်နိမ့်ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပုလဲ)မယ(ပ)၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ညောင်သပြေ ကျေးရွာနေ ဖြူတုတ်သည် မူးယစ်ဆေးဝါးများ အကြီးအကျယ်ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၉-၂၀၂၀ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ ညောင်သပြေကျေးရွာနေ ဖြူတုတ် (ခ) ညိုတင် (၅၇) နှစ်၊ (ဘ) ဦးမောင်အေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မော်လိုက်) မယ(ပ)၇၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ မယ်ဇလီပင်ကျေးရွာနေ မငွေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၉-၂၀၂၀ ရက်နေ့တွင် မြို့သစ်မြို့နယ်၊ မယ်ဇလီပင် ကျေးရွာနေ မငွေး (ခ) ခင်ခင်ငွေး (၄၅) နှစ်၊ (ဘ) ဦးခွေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မြို့သစ်)မယ(ပ)၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာအပိုင်၊ ကျောက်ဝါးတူးစခန်းတွင် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချသုံးစွဲမှုများ ပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု (၈) မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၈) ဦး၊ မ (၃) ဦး၊ ပေါင်း (၁၁) ဦးတို့အား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၆-၉-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာအပိုင်၊ ကျောက်ဝါးတူးစခန်းအနီး လမ်းမပေါ်၌ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ မောင်းကုန်း ကျေးရွာနေ ဖြိုးမြင့်အောင် (ခ) ကိုဖြိုး (၃၃) နှစ်၊ (ဘ) ဦးမျိုးလွင်နှင့် ညောင်ပင်သာကျေးရွာနေ ရဲအောင် (၂၀) နှစ်၊ (ဘ) ဦးခင်မောင်အေးတို့ (၂) ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တကောင်း) မယ(ပ)၂၁/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ နှစ်ကိုင်းကျေးရွာနေ ဦးမြင့်အောင်+ဒေါ်နှင်းအေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၉-၂၀၂၀ ရက်နေ့တွင် သံဖြူဇရပ်မြို့နယ်၊ နှစ်ကိုင်းကျေးရွာနေ ဦးမြင့်အောင်+ဒေါ်နှင်းအေးတို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့အားမတွေ့ရှိဘဲ ၎င်းတို့၏ သားဖြစ်သူ ရန်နိုင်စိုး (ခ) နိုင်စိုး (၃၅) နှစ်၊ (ဘ) ဦးမြင့်အောင်အား ဘိန်းစာရွက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကျိုက္ခမီ) မယ(ပ)၁၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၇) ရပ်ကွက်နေ သူရသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၇-၉-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၇) ရပ်ကွက်နေ သူရ (ခ) ဆက်ပိုင် (၂၃) နှစ်၊ (ဘ) ဦးမင်းသိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒဂုံမြောက်) မယ(ပ)၃၄/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက် ရပ်ကွက်နေ ကျင်ဝှက်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၈-၉-၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်နေ သန့်ဇင်အောင် (ခ) ကျင်ဝှက် (၂၄) နှစ်၊ (ဘ) ဦးသိန်းဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်) မယ(ပ)၁၅၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် (၁) ရပ်ကွက်နေ ကိုပြည့်ဖြိုးကျော် (ခ)ပွဲစားသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၉-၉-၂၀၂၀ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် (၁)ရပ်ကွက်နေ ပြည့်ဖြိုးလွင် (ခ) ပြည့်ဖြိုးကျော် (ခ) ပွဲစား (၃၄) နှစ်၊ (ဘ) ဦးတင်ဦးလွင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မြောက်ဥက္ကလာပ) မယ(ပ)၇၄/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် (၄၇) ရပ်ကွက်နေ ပြည့်စုံဗိုလ်သည် မူးယစ်ဆေးဝါးများသုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၉-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် (၄၇) ရပ်ကွက်နေ ပြည့်စုံဗိုလ် (၃၃) နှစ်၊ (ဘ) ဦးဝင်းဘို၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒဂုံမြောက်) မယ(ပ)၃၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်လမ်းဆုံအနီး၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချနေသူများ ပေါ်များလျက်ရှိကြောင်း သတင်း ပေးပို့ခြင်း။ | ၁၄-၉-၂၀၂၀ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်းဆုံ၌ လှိုင်သာယာမြို့နယ်၊ (၁၅) ရပ်ကွက်နေ ဟန်မင်း (ခ) ဇော်မင်း (၄၀) နှစ်၊ (ဘ) ဦးလှမောင် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဘုရင့်နောင်) မယ(ပ)၂၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၆ | ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က) ရပ်ကွက်အတွင်း မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူ ပေါ်များလျက် ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၉-၂၀၂၀ ရက်နေ့တွင် သင်္ဃန်းကျွန်းမြို့နယ်၊ (က) ရပ်ကွက်၊ အာသာဝတီလမ်းမပေါ်၌ ၎င်းမြို့နယ်၊ ရန်အောင်ရပ်ကွက်နေ စိုးမြင့်အောင်(ခ)ကစ်ကစ် (၁၉)နှစ်၊ (ဘ)ဦးဘထွန်းအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သုဝဏ္ဏ)မယ(ပ)၅၆/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၇ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၄) ရပ်ကွက်နေ အောင်ကျော် (ခ) ကုလားကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၉-၂၀၂၀ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ BOC အဝိုင်းအနီး၌ ၎င်းမြို့နယ်၊ (၁၄) ရပ်ကွက်နေ အောင်ကျော် (ခ) ပါကျဲ (ခ) ကုလားကြီး (၄၇) နှစ်၊ (ဘ) ဦးသန်းဝင်းအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များအား ထပ်မံသိမ်းဆည်းရမိသဖြင့် နမစ(သောင်ကြီး)မယ (ပ) ၈၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၈ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ ငအိုးကျေးရွာနေ မချိုသဲသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၉-၂၀၂၀ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ ငအိုးကျေးရွာနေ မချိုသဲ (ခ) သဲသဲ(၃၅)နှစ်၊ (ဘ)ဦးဝင်းအောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မဘိမ်း) မယ (ပ)၅၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၉ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၅)အတွင်း မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု (၁၈) မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား (၁၉) ဦး၊ မ (၅) ဦး၊ ပေါင်း (၂၄) ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၃-၉-၂၀၂၀ ရက်နေ့တွင် လားရှိုးမြို့၊ ရပ်ကွက်(၅)၊ ရေကန်တောင်လမ်းမပေါ်၌ ရပ်ကွက်(၇)နေ အောင်မြင့် (ခ)ကီလာမက်(၃၉)နှစ်၊ (ဘ)ဦးစိန်အား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး)မယ(ပ)၁၄၉/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

*စာမျက်နှာ ၁၀ သို့*

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၀-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၂၀-၉-၂၀၂၀)ရက်နေ့၊ ည(၈:၀၀) နာရီမှ (၂၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအတွင်း COVID-19 ဓာတ်ခွဲစစ်ဆေးချက်များအရ -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁,၁၉၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) ဓာတ်ခွဲနမူနာမှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁၆၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဒုတိယ အသုတ် ဓာတ်ခွဲနမူနာ (၃၉၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၄) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉၁၈) ခု၊

  စုစုပေါင်း ဓာတ်ခွဲနမူနာ (၂,၆၈၃) ခုတို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၆၄) ဦး တွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၂၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၅,၈၀၅)ဦး ရှိပြီဖြစ်ပါသည်။

၃။ (၂၀-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၂,၂၂၂) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၄၁၄)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၆၉၂)ခု၊
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉၁၈) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၄၃) ခုနှင့်
- နေပြည်တော် အမှတ် (၂)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၄၈၅)ခု
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၆၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၂၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၂) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ တာချီလိတ်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊

  စုစုပေါင်း ဓာတ်ခွဲနမူနာ (၄,၈၉၂) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၅၄၂) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာ (၂၇၈) ဦး တွေ့ရှိကြောင်းကို (၂၀-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။

၄။ (၂၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ ထပ်မံ သေဆုံးသူ (၂) ဦးရှိပါသည် -

| စဉ် | Case | အသက် (နှစ်) | ကျား/မ | ဆေးရုံ | သေဆုံးသည့် ရက်စွဲ |
|---|---|---|---|---|---|
| ၁ | Case-5387* | ၈၄ | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၉-၉-၂၀၂၀) မွန်းလွဲ (၂:၄၅) နာရီ |
| ၂ | Case-5299* | ၆၂ | ကျား | မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး | (၁၉-၉-၂၀၂၀) နံနက် (၃:၁၅) နာရီ |

* အဆိုပါလူနာသေဆုံးချိန်တွင် ဓာတ်ခွဲနမူနာရယူ၍ ပေးပို့စစ်ဆေးထားဆဲဖြစ်ပြီး COVID-19 ရောဂါပိုးရှိကြောင်း ဓာတ်ခွဲအဖြေရရှိပြီးနောက် ထုတ်ပြန်ခြင်းဖြစ်ပါသည်။

၅။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၉၄) ဦးရှိပြီးဖြစ်ပါသည်။

၆။ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၄၂) ဦးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၂၀-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ မှ**
**(၂၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ**

| | |
|---|---|
| (၂၀-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) | (၁,၁၉၃) ခု |
| (၂၀-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ (ဒုတိယအသုတ်) | (၁၆၅)ခု |
| (၂၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ဒုတိယအသုတ်) | (၃၉၃)ခု |
| (၂၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ | (၁၄) ခု |
| (၂၀-၉-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ | (၉၁၈) ခု |
| (၂၀-၉-၂၀၂၀) ရက်နေ့တွင် ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂,၆၈၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂၆၄) ဦး |

**COVID-19 ရောဂါ လူနာများအခြေအနေ**
**(၂၀-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ မှ**
**(၂၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၂၆၄) ဦး | (၅,၈၀၅) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၀) ဦး | (၁,၂၆၀) ဦး |
| သေဆုံးလူနာ | (၂) ဦး | (၉၄) ဦး |

## ကမ္ဘောဇဘဏ်က မော်လမြိုင်မြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်း

**မော်လမြိုင် စက်တင်ဘာ ၂၁**

ကမ္ဘောဇဘဏ်သည် ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး ခုတင်(၅၀၀)သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်း ခုနစ်မျိုးနှင့် ပြည်သူ့ဆေးရုံအထွေထွေ အသုံးပြုရန်အတွက် ငွေကျပ် သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**




အခမ်းအနားတွင် ကမ္ဘောဇဘဏ်မှ မွန်ပြည်နယ် တာဝန်ခံဦးထင်အောင်လှိုင်နှင့် မော်လမြိုင်မြို့ဘဏ်ခွဲလေးခုတို့မှ မန်နေဂျာများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ဆေးရုံသုံးနှာခေါင်းစည်း အခုရေ တစ်သိန်း၊ ခေါင်းစွပ် ၂၀၀၀၊ မျက်နှာအကာ ၅၀၀၊ လက်အိတ် ၅၀၀၀၊ လက်သန့်ဆေးရည် ဘူးကြီး ၅၀၀၊ မျက်မှန် ၁၀၀၊ PPE ဝတ်စုံ ၂၀၀ နှင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီး အထွေထွေအသုံးပြုရန်အတွက် ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကမ္ဘောဇဘဏ်သည် ဖေဖော်ဝါရီ ၂၆ ရက်မှ စတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ငွေကျပ် ၆၄၅၃၂ သိန်း လှူဒါန်းထားရှိပြီး ဆက်လက် လှူဒါန်းရန် စီစဉ်ထားရှိကြောင်း သိရသည်။ **ကိုကျော်**

■ *ကျောဖုံးမှ*

ထိုသို့ထောက်ပံ့ ပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငွေးက ထောက်ပံ့ငွေများကို အခြေခံလူတန်းစားများထံ လက်ဝယ်အရောက် အမြန်ထုတ်ပေးသွားရန် စသည်တို့ကို ဆွေးနွေးပြောကြားသည်။ ကွန်းစုမြို့နယ်တွင် ကျေးရွာအုပ်စု ၂၇ စုရှိပြီး အိမ်ထောင်စု ၃၅၆၉၃ စုရှိ၍ အခြေခံလူတန်းစားအိမ်ထောင်စု ၂၃၈၄၅စု၊ လူဦးရေ စုစုပေါင်း ၁၂၀၃၇၆ ဦးရှိရာ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် သိန်းပေါင်း ၄၇၆၉ သိန်းကို ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ငွေကြေးထောက်ပံ့မှု ကြီးကြပ်ကွပ်ကဲရေး ကော်မတီမှ တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာများအလိုက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ခွဲဝေပေးသည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေး ပစ္စည်းလေးမျိုးအား ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**စည်သူရအောင်(ကွန်းစု)**

*စာမျက်နှာ ၉ မှ*

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၂၀ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ဝါးပြာတောင်ရွာနေ ကိုအောင်ဖြူသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၉-၂၀၂၀ ရက်နေ့တွင် တောင်ကြီးမြို့၊ ဝါးပြာတောင်ရွာနေ စိုင်းအောင်ဖြူ(ခ)အောင်ဖြူ(၃၅)နှစ်၊ (ဘ) ဦးစိုင်းမြင့်ဦး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး)မယ(ပ)၆၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂၁ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ ကျောက်တန်းကျေးရွာနေ ကိုထော်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၉-၂၀၂၀ ရက်နေ့တွင် ညောင်ရွှေမြို့နယ်၊ ကျောက်တန်းကျေးရွာနေ ကိုထော်(ခ)ဆန်းဝင်း(၄၂)နှစ်၊ (ဘ)ဦးကြွယ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(နန်းပန်) မယ(ပ)၂၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂၂ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ အုတ်တံတားရပ်ကွက်နေ နေထက်ဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၉-၂၀၂၀ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ အုတ်တံတားရပ်ကွက်နေ နေထက်ဦး(၂၂)နှစ်၊ (ဘ)ဦးမင်းသိန်းဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရပ်စောက်) မယ(ပ)၅၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၉-၉-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၃၄၂)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၁၇၁၁)ဦး၊ မ(၃၄၀)ဦး၊ ပေါင်း(၂၀၅၁)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၀၄၂၂.၄၀၉၄)ဂရမ်၊ ICE (၁၄၃၅.၄၂) ဂရမ်၊ ဘိန်း(၄၇၃၈၈.၈၇၈၈၆) ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၄၀၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၃၆၃.၇၆)ဂရမ်၊ ဘိန်းစာရွက် (၅၃၅၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား(၆၇၃၇၂၂)ပြား၊ ဆေးခြောက် (၁၄၈၅၁.၄၈)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၃၀.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၆၀.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၇) လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၁-၉-၂၀၂၀) ရက်နေ့၊ ညနေ (၅:၀၀)နာရီ

၁။ (၂၀-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၅၄၂) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံမြို့နယ် | ၅၅ |
| | | အင်းစိန်မြို့နယ် | ၃၂ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၃၁ |
| | | ဒဂုံမြို့နယ် | ၃၁ |
| | | ဒလမြို့နယ် | ၂၉ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၂၃ |
| | | သာကေတမြို့နယ် | ၁၈ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် | ၁၈ |
| | | လမ်းမတော်မြို့နယ် | ၁၇ |
| | | ဗဟန်းမြို့နယ် | ၁၇ |
| | | သန်လျင်မြို့နယ် | ၁၆ |
| | | လှိုင်သာယာမြို့နယ် | ၁၆ |
| | | သဃ်္ဃန်းကျွန်းမြို့နယ် | ၁၅ |
| | | တာမွေမြို့နယ် | ၁၄ |
| | | လှိုင်မြို့နယ် | ၁၃ |
| | | စမ်းချောင်းမြို့နယ် | ၁၀ |
| | | မရမ်းကုန်းမြို့နယ် | ၉ |
| | | ပန်းဘဲတန်းမြို့နယ် | ၉ |
| | | တောင်ဥက္ကလာပမြို့နယ် | ၈ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၈ |
| | | ကျောက်တံတားမြို့နယ် | ၈ |
| | | ဆိပ်ကြီးခနောင်တို | ၈ |
| | | ဗိုလ်တထောင်မြို့နယ် | ၇ |
| | | ကမာရွတ်မြို့နယ် | ၇ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၇ |
| | | အလုံမြို့နယ် | ၇ |
| | | မှော်ဘီမြို့နယ် | ၇ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ၆ |
| | | ပုဇွန်တောင်မြို့နယ် | ၆ |
| | | ရန်ကင်းမြို့နယ် | ၄ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၄ |
| | | ကွမ်းခြံကုန်းမြို့နယ် | ၄ |
| | | ဒေါပုံမြို့နယ် | ၃ |
| | | လသာမြို့နယ် | ၃ |
| | | ရွှေပြည်သာမြို့နယ် | ၂ |
| | | ကျောက်တန်းမြို့နယ် | ၁ |
| | | ခရမ်းမြို့နယ် | ၁ |
| | | သုံးခွမြို့နယ် | ၁ |
| | | ထန်းတပင်မြို့နယ် | ၁ |
| | | ကော့မှူးမြို့နယ် | ၁ |
| | စုစုပေါင်း | | ၄၇၇ |
| ၂ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၂၀ |
| | | မောင်တောမြို့နယ် | ၄ |
| | | ကျောက်ဖြူမြို့နယ် | ၂ |
| | | မြေပုံမြို့နယ် | ၁ |
| | စုစုပေါင်း | | ၂၇ |
| ၃ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့နယ် | ၄ |
| | | ကန်ကြီးထောင့်မြို့နယ် | ၂ |
| | | အိမ်မဲမြို့နယ် | ၂ |
| | | ဒေးဒရဲမြို့နယ် | ၁ |
| | | ဘိုကလေးမြို့နယ် | ၁ |
| | | လေးမျက်နှာမြို့နယ် | ၁ |
| | | မအူပင်မြို့နယ် | ၁ |
| | စုစုပေါင်း | | ၁၂ |
| ၄ | မန္တလေးတိုင်းဒေသကြီး | ပုသိမ်ကြီးမြို့နယ် | ၅ |
| | | မဟာအောင်မြေမြို့နယ် | ၁ |
| | | အမရပူရမြို့နယ် | ၁ |
| | | ပြည်ကြီးတံခွန်မြို့နယ် | ၁ |
| | စုစုပေါင်း | | ၈ |
| ၅ | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ဇမ္ဗူသီရိမြို့နယ် | ၄ |
| | | ပုဗ္ဗသီရိမြို့နယ် | ၂ |
| | စုစုပေါင်း | | ၆ |
| ၆ | ပဲခူးတိုင်းဒေသကြီး | ပဲခူးမြို့နယ် | ၃ |
| | | ဒိုက်ဦးမြို့နယ် | ၁ |
| | | သနပ်ပင်မြို့နယ် | ၁ |
| | စုစုပေါင်း | | ၅ |
| ၇ | မကွေးတိုင်းဒေသကြီး | မကွေးမြို့နယ် | ၃ |
| | | နတ်မောက်မြို့နယ် | ၁ |
| | စုစုပေါင်း | | ၄ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး | ကသာမြို့နယ် | ၁ |
| | | ရွှေဘိုမြို့နယ် | ၁ |
| | စုစုပေါင်း | | ၂ |
| ၉ | မွန်ပြည်နယ် | မော်လမြိုင်မြို့နယ် * | ၁ |
| | စုစုပေါင်း | | ၁ |
| | (၂၀-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | ၅၄၂ |

*ရန်ကုန်တိုင်းဒေသကြီးတွင် ဆေးကုသမှုခံယူနေသူဖြစ်ပါသည်။

၂။ (၂၁-၉-၂၀၂၀) ရက်နေ့၊ မွန်းလွဲ (၂:၀၀) နာရီအထိ ထပ်မံ သေဆုံးသူ (၃) ဦးရှိပါသည် –

| စဉ် | Case | အသက် (နှစ်) | ကျား/ မ | ဆေးရုံ | သေဆုံးသည့် ရက်စွဲ |
|---|---|---|---|---|---|
| ၁ | Case-5367* | ၆၇ | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၉-၉-၂၀၂၀) နံနက် (၁၂:၄၅) နာရီ |
| ၂ | Case-5368* | ၆၈ | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၁၉-၉-၂၀၂၀) နံနက် (၂:၀၀) နာရီ |
| ၃ | Case-5059* | ၇၈ | ကျား | ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး | (၁၈-၉-၂၀၂၀) ညနေ (၅:၁၀) နာရီ |

* အဆိုပါလူနာများသေဆုံးချိန်တွင် ဓာတ်ခွဲနမူနာရယူ၍ ပေးပို့စစ်ဆေးထားခဲ့ဖြစ်ပြီး COVID-19 ရောဂါပိုးရှိကြောင်း ဓာတ်ခွဲအဖြေရရှိပြီးနောက် ထုတ်ပြန်ခြင်းဖြစ်ပါသည်။

၃။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၉၇)ဦး ရှိပြီဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

❖ *ကျောဖုံးမှ*

စုစုပေါင်း (၂,၄၃၉)ခုအား ယနေ့ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၄၆) ဦး တွေ့ရှိရပါသည်။

၂။ (၂၁-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၆,၁၅၁) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များအနက် စုစုပေါင်း (၁,၄၄၅) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၄။ (၂၁-၉-၂၀၂၀)ရက်နေ့၊ ည (၈:၀၀) နာရီအထိ ထပ်မံသေဆုံးသူ (၁) ဦး ရှိပါသည်။

၅။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၉၈)ဦး ရှိပြီဖြစ်ပါသည်။

၆။ (၂၀-၉-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၂၁-၉-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၄၅) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၂၁-၉-၂၀၂၀) ရက်နေ့ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအထိ

| | |
|---|---|
| (၂၁-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၃၈) ခု |
| (၂၁-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၉) ခု |
| (၂၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၅) ခု |
| (၂၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၆) ခု |
| (၂၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁၅) ခု |
| (၂၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃) ခု |
| (၂၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁) ခု |
| (၂၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈) ခု |
| (၂၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ တာချီလိတ်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂) ခု |
| (၂၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃) ခု |
| (၂၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉) ခု |
| (၂၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဟီးတိန်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁) ခု |
| (၂၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅) ခု |
| (၂၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈) ခု |
| (၂၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆) ခု |
| (၂၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၂၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂) ခု |
| (၂၁-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅) ခု |
| (၂၁-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော် အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၄၅) ခု |
| (၂၁-၉-၂၀၂၀) ရက်နေ့တွင် စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၃၄၆) ဦး |

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး အရှင်ဝိစိတ္တ(ကိုရီးယားဆရာတော်)နှင့် တိုင်းရင်းဆေးမိသားစုက လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ကိုရီးယားဆရာတော်နှင့် တိုင်းရင်းဆေးအဖွဲ့သားများက အလှူငွေများ လာရောက်ပေးအပ် လှူဒါန်းသည်။

ရှေးဦးစွာဆရာတော် မနာပဒါယီ အရှင်ဝိစိတ္တ(ကိုရီးယားဆရာတော်)က ကိုရီးယားနိုင်ငံသို့ ရောက်ရှိနေသော ဒါယကာ၊ ဒါယိကာမများ၏ ဒုတိယအကြိမ် စုပေါင်းလှူဒါန်းရခြင်းအကြောင်းကို မိန့်ကြားသည်။

ယင်းနောက် အလှူငွေပေးအပ်ပွဲ ကျင်းပရာ ဆရာတော် မနာပဒါယီအရှင်ဝိစိတ္တ (ကိုရီးယား ဆရာတော်)က ငွေကျပ်သိန်း ၅၀၊ ဦးကြည်စိုး-ဒေါ်ဌေးဌေးရီ (ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ် ရေး)က ငွေကျပ်သိန်း ၂၀၀၊ ဦးသိန်းမောင်-ဒေါ်ပါးပါးစန္ဒီ ပရဆေးမိသားစုက ငွေကျပ်သိန်း ၅၀ နှင့် ကျန်းမာရေးသုံးပစ္စည်းများ၊ ဦးမောင်မောင်ဦးနှင့် မိသားစု (ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ်သိန်း ၅၀ နှင့် ကျန်းမာရေးသုံးပစ္စည်းများ၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ်သိန်း ၁၀၀ တို့ကို လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



ဒေါက်တာထွန်းမြင့်က "အခုကာလမှာ ပြည်သူတွေကလည်း ပူးပေါင်းပါဝင်လာတဲ့အတွက် မကြာမီအချိန်အတွင်းမှာ ကူးစက်မှု လျော့ကျသွားတော့မယ်လို့ ယုံကြည်ပါတယ်။ အခုလို စေတနာရှင်တွေက လှူဒါန်းငွေ စုစုပေါင်း ကျပ်သိန်း ၄၅၀ နဲ့ ကျန်းမာရေး သုံးပစ္စည်းတွေ ထောက်ပံ့လှူဒါန်းပေးကြတဲ့ အတွက် အလှူရှင်တွေကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**ကိုဌေး**

# အမေရိကန်နှင့် ဂျပန်မဟာမိတ်ဆက်ဆံရေး မြှင့်တင်ရန် ဂျပန်ဝန်ကြီးချုပ်နှင့် အမေရိကန်သမ္မတတို့ သဘောတူ

တိုကျို စက်တင်ဘာ ၂၁

**အမေရိကန်နှင့် ဂျပန် နှစ်နိုင်ငံမဟာမိတ်ဆက်ဆံရေး ပိုမိုခိုင်မာစေရေး မြှင့်တင်သွားရန် ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟီဒဲနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ သဘောတူညီခဲ့ကြောင်း သိရသည်။**

မစ္စတာဆူဂါ ဂျပန်ဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်သည့် စက်တင်ဘာ ၁၆ ရက်မှစတင်ကာ ပထမဆုံးအကြိမ်အဖြစ် သမ္မတထရမ့်နှင့် ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးခဲ့သည်။

ဆွေးနွေးမှုအပြီးတွင် မစ္စတာဆူဂါက နှစ်နိုင်ငံမဟာမိတ်ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်စေရန် အတူတကွလက်တွဲလုပ်ဆောင်သွားမည်ဟု သမ္မတ ထရမ့်က ကတိပြုခဲ့ကြောင်းနှင့် ဒေသအတွင်း၌ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် အခြေခံအုတ်မြစ်ထူထောင်နိုင်ရေး ကြိုးပမ်းမည်ဖြစ်ကြောင်း သတင်းထောက်များနှင့် တွေ့ဆုံစဉ်အတွင်း ပြောကြားခဲ့သည်။

မြောက်ကိုရီးယားက အတင်းအကျပ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရသည့် ဂျပန်နိုင်ငံသားများအရေးကိစ္စကို ဖြေရှင်းရာတွင်လည်း အမေရိကန်က အပြည့်အဝ ကူညီအားပေးရန် မစ္စတာဆူဂါက သမ္မတထရမ့်အား တောင်းဆိုခဲ့ရာတွင် ထရမ့်က ယင်းကိစ္စနှင့် ပတ်သက်၍ ဂျပန်နှင့်နီးကပ်စွာဆောင်ရွက်မည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ခေါင်းဆောင်နှစ်ဦးတို့သည် ကိုဗစ်-၁၉ ကာကွယ်ဆေးဖြန့်ဝေရေးနှင့် ရောဂါကုသရေးတို့တွင်လည်း တိုးတက်မှုရရှိစေရေး ကြိုးပမ်းရန်နှင့် အင်ဒိုပစိဖိတ် ဒေသအတွင်း လွတ်လပ်ပွင့်လင်းမှုရှိစေရေး အတူပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟီဒဲ၊ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

# WeChat အသုံးပြုခြင်းကို တားမြစ်မည့် သမ္မတထရမ့်၏အမိန့်ကို အမေရိကန်တရားရုံးက ယာယီပိတ်ပင်

**ဝါရှင်တန် စက်တင်ဘာ ၂၁**

တရုတ်နိုင်ငံကပိုင်ဆိုင်သည့် လူမှုကွန်ရက်မီဒီယာ အက်ပလီကေးရှင်းတစ်ခုဖြစ်သည့် WeChat ဆော့ဖ်ဝဲရယူသုံးစွဲခြင်းနှင့် အခြားလုပ်ငန်းဆောင်တာများအပေါ် သမ္မတထရမ့်အစိုးရအဖွဲ့ တားမြစ်သည့်အမိန့်ကို အမေရိကန်တရားရုံးက ယာယီပိတ်ပင်ထားကြောင်း သိရသည်။




အမေရိကန်ပြည်ထောင်စုအတွင်း WeChat အက်ပလီကေးရှင်း အသုံးပြုခြင်းကို တားမြစ်မည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့က စက်တင်ဘာ ၂၀ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါ အက်ပလီကေးရှင်းမှတစ်ဆင့် အသုံးပြုသူများ၏ အချက်အလက်များကို အလွဲသုံးစားပြုလုပ်နိုင်သည့် အန္တရာယ်ရှိသည်ဟု အမေရိကန်အစိုးရအဖွဲ့က ဆိုထားသည်။

အမေရိကန်ရှိ WeChat အသုံးပြုသူများက အဆိုပါပိတ်ပင်မှုကို ကန့်ကွက်သည့်အနေဖြင့် ဆန်ဖရန်စစ္စကိုရှိ ဖက်ဒရယ်တရားရုံးတွင် အမှုဖွင့်ခဲ့ကြသည်။ စက်တင်ဘာ ၁၉ ရက်တွင် ကနဦးထုတ်ပြန်လိုက်သည့် တရားရုံးအမိန့် ထုတ်ပြန်ချက်၌ WeChat အက်ပလီကေးရှင်းသည် တရုတ်ဘာသာစကား ပြောဆိုသည့် တရုတ်- အမေရိကန်နိုင်ငံသား လူမှုအဖွဲ့အစည်းအတွင်းရှိ သုံးစွဲသူအများစုအတွက် တစ်ခုတည်းသော ဆက်သွယ်ရေး နည်းလမ်းတစ်ခုဖြစ်ကြောင်း ဆိုထားသည်။

အဆိုပါ သုံးစွဲသူများအတွက် WeChat ဆော့ဖ်ဝဲအပြင် ဆက်သွယ်ရေးစကြံအဖြစ် အသုံးပြုနိုင်သည့် အခြား အက်ပလီကေးရှင်းများ မရရှိနိုင်သေးကြောင်း တရားရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဘရာဇီးနိုင်ငံ၌ ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၁၃၆၈၉၅ ဦးအထိရှိလာ

**ဆော်ပိုလို စက်တင်ဘာ ၂၁**

ဘရာဇီးနိုင်ငံတွင် စက်တင်ဘာ ၂၀ ရက်က ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၃၆၃ ဦး ထပ်မံသေဆုံးခဲ့ရာ တစ်နိုင်ငံလုံး သေဆုံးသူအရေအတွက် စုစုပေါင်း ၁၃၆၈၉၅ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ပြီးခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ ၁၆၃၈၉ ဦး ထပ်တိုးလာခဲ့ပြီး တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူအရေအတွက် စုစုပေါင်း ၄၅၄၄၆၂၉ ဦးအထိ ဖြစ်လာခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံအတွင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားခဲ့ချိန်မှစတင်ကာ တောင်ပိုင်းဆော်ပိုလိုပြည်နယ်နှင့် မြို့တော် ရီယိုဒီဂျနေးရိုးတို့တွင် ရောဂါကြောင့် သေဆုံးသူအရေအတွက် အများဆုံးဖြစ်ခဲ့သည်။

ဆော်ပိုလို၌ ရောဂါကူးစက်ဖြစ်ပွားမှု အဆိုးဆုံးဖြစ်ပြီး ရောဂါကူးစက်ခံရသည့် အတည်ပြုလူနာအရေအတွက် စုစုပေါင်း ၉၃၅၃၀၀ အထိ ရှိခဲ့ကာ ဘာဟီးယာ အရှေ့မြောက်ပိုင်းတွင် ၂၉၅၃၀၃ ဦးအထိ ရောဂါကူးစက်ခံခဲ့ရသည်။

အမေရိကန်ပြည်ထောင်စုပြီးလျှင် ဘရာဇီးနိုင်ငံသည် ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ဒုတိယအများဆုံးနိုင်ငံဖြစ်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံတွင် သက်ကြီးရွယ်အိုများနှင့် ရောဂါအခံရှိသူများ ဗိုင်းရပ်စ်စစ်ဆေးမှု ပိုမိုခံယူနိုင်စေရေး စီမံဆောင်ရွက်

**တိုကျို စက်တင်ဘာ ၂၁**

ဂျပန်နိုင်ငံတွင် သက်ကြီးရွယ်အိုများနှင့် ပင်ကိုရောဂါအခံရှိသူများ ကိုဗစ်-၁၉ စစ်ဆေးမှု ပိုမိုခံယူနိုင်စေရေးအတွက် အစိုးရက စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

### ထက်ဝက်ကိုသာ ကျခံစေမည်

သက်ကြီးရွယ်အိုများနှင့် ရောဂါအခံရှိသူများအား ပီစီအာ စစ်ဆေးမှု သို့မဟုတ် ကိုယ်ခန္ဓာမှ ထွက်ပေါ်လာသည့် ပဋိပစ္စည်း ရှိ မရှိ စစ်ဆေးသည့်အခါ ကျန်းမာရေးဝန်ကြီးဌာနက ပုံမှန်ကုန်ကျစရိတ်၏ ထက်ဝက်ကိုသာ ကျခံစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

### တိုးချဲ့ရန် ဆုံးဖြတ်

အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများ၊ နာတာရှည်အဆုတ်ရောဂါ၊ ကျောက်ကပ်ရောဂါရှိသူများနှင့် အခြားနာမကျန်းဖြစ်သူများသည် သတ်မှတ်ချက်နှင့်ကိုက်ညီပြီး ၎င်းတို့ကို ကိုဗစ်- ၁၉ ဗိုင်းရပ်စ် ရှိ မရှိ စမ်းသပ်စစ်ဆေးရန်အတွက် ပြည်သူ့ဘဏ္ဍာငွေ အသုံးပြုခြင်းကို တိုးချဲ့ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

### ထပ်ဆောင်းထောက်ပံ့မှု

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ထပ်ဆောင်းထောက်ပံ့မှုများအတွက် ကိုဗစ်- ၁၉ ဆိုင်ရာ အရန်ရန်ပုံငွေထဲမှ အမေရိကန်ဒေါ်လာ ၄၈ သန်း ထုတ်ယူအသုံးပြုမည်ဖြစ်ကြောင်း၊ ပီစီအာ စစ်ဆေးမှုအတွက် အမေရိကန်ဒေါ်လာ ၉၅ ဒေါ်လာနှင့် ပဋိပစ္စည်းစစ်ဆေးမှုအတွက် အမေရိကန်ဒေါ်လာ ၃၅ ဒေါ်လာ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု ပြင်းထန်နေသော်လည်း တာ့ဂျ်မဟာကို ပြန်လည်ဖွင့်လှစ်

**နယူးဒေလီ စက်တင်ဘာ ၂၁**

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ဆက်လက်အရှိန်မြင့်နေပြီး အမေရိကန်ပြည်ထောင်စုရှိ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းကို အမီလိုက်လာလျက်ရှိသော်လည်း စက်တင်ဘာ ၂၁ ရက်တွင် ခရီးသွားများအတွက် တာ့ဂျ်မဟာကို ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

လူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိသည့် အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် ၅ ဒသမ ၄ သန်းကျော်ရှိလာပြီဖြစ်သည်။ နိုင်ငံအတွင်း နေ့စဉ် ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက် ၁၀၀၀၀၀ ခန့်ရှိပြီး နေ့စဉ် သေဆုံးသူအရေအတွက် ၁၀၀၀ ကျော်ရှိကြောင်း သိရသည်။

သို့ရာတွင် ပြီးခဲ့သည့် မတ်လက တစ်နိုင်ငံလုံး အဝင်၊ အထွက် ကန့်သတ်ပိတ်ဆို့မှု တင်းကျပ်စွာ ချမှတ်လိုက်မှုကြောင့် ပြည်သူတို့၏ လူနေမှုဘဝများ အခက်အခဲကျရောက်ခဲ့ပြီးနောက်တွင် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက အခြားသော နိုင်ငံများကဲ့သို့ ကပ်ရောဂါထိန်းချုပ်ရေးဆိုင်ရာ တင်းကျပ်သည့် အစီအမံများပြန်လည်ချမှတ်ရန် စိတ်ပျက်အားလျော့ခဲ့သည်။



အိန္ဒိယနိုင်ငံတွင် ပြန်လည်ဖွင့်လှစ်လိုက်သည့် တာ့ဂျ်မဟာ အဆောက်အအုံအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကင်းလှည့်နေစဉ်။

သို့ဖြစ်ရာ အစိုးရက မကြာသေးခင်လများအတွင်း ရထားပို့ဆောင်ရေးလမ်းကြောင်းများ၊ ပြည်တွင်းလေကြောင်းခရီးစဉ်များ၊ ဈေးများ၊ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ခြင်း အပါအဝင် ကန့်သတ်ချက်များ ပိုမိုဖြေလျှော့ပေးခဲ့ပြီး ယခုအခါ တာ့ဂျ်မဟာသို့ ခရီးသွားများ လာရောက်လည်ပတ်ခြင်းကိုပါ ခွင့်ပြုပေးလိုက်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် တင်းကျပ်သည့် လူမှုဝေးကွာ စည်းကမ်းလမ်းညွှန်ချက်များ ဆက်လက်ချမှတ်ထားကာ နေ့စဉ် လာရောက်လည်ပတ်သူ အရေအတွက်ကို မူလအရေအတွက်၏ လေးပုံတစ်ပုံအထိ လျှော့ချထားပြီး တစ်ရက်လျှင် ၅၀၀၀ အထိခွင့်ပြုထားကြောင်းနှင့် အွန်လိုင်းမှ လက်မှတ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**ဘန်ကောက်ပို့စ်**

# ကိုဗစ်- ၁၉ ကြောင့် ကမ္ဘာအနှံ့ သေဆုံးသူ တစ်သန်းနား နီးကပ်လာချိန်တွင် အမေရိကန်တွင် သေဆုံးသူ နှစ်သိန်းနီးပါးရှိလာ

**ဝါရှင်တန် စက်တင်ဘာ ၂၁**

တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ် – ၁၉ကြောင့် သေဆုံးသူတစ်သန်းနီးပါးရှိလာသည့်အချိန်တွင် အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် – ၁၉ကြောင့် သေဆုံးသူ နှစ်သိန်းနီးပါး ရှိလာကြောင်း သိရသည်။

ကမ္ဘာအနှံ့ ကိုဗစ်- ၁၉ ဖြစ်ပွားနေစဉ် တချို့သော နိုင်ငံများ၌ ကူးစက်မှု အဆမတန်များပြားနေပြီး အချို့သောနိုင်ငံများတွင်မူ အသွားအလာ ပိတ်ဆို့ကန့်သတ်မှု တင်းကျပ်ခြင်းကြောင့် ကူးစက်မှု ကျဆင်းသွားသည်။ အမေရိကန်ကဲ့သို့သော နိုင်ငံမျိုးတွင် ကူးစက်မှု ဆက်လက်ကျဆင်းမည်လား သို့မဟုတ် ဆက်လက်များပြားဦးမည်လားဆိုသည်ကိုမူ မည်သူမျှ အတိအကျ မပြောနိုင်ဟု တက္ကဆက်တက္ကသိုလ် ကျန်းမာရေးသိပ္ပံစင်တာမှ ကူးစက်ရောဂါပညာရှင် ကတ်သရီနီ ထရိုအီဆီက ပြောသည်။

အမေရိကန်ပြည်ထောင်စုတွင် ဇူလိုင်လနှောင်းပိုင်းမှစတင်ကာ ရောဂါကူးစက်မှုနှုန်း ကျဆင်းလာခဲ့သည်။ သို့သော်လည်း မကြာသေးမီရက်များအတွင်း ကိုဗစ် – ၁၉ ကူးစက်မှုနှုန်း တစ်ဖန်များပြားလာခဲ့သည်။ တက္ကသိုလ်များ၊ ကျောင်းများတွင် ရောဂါကူးစက်မှု ထပ်မံများပြားလာမည်ကို စိုးရိမ်နေကြရသည်။

ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၇၂ နိုင်ငံထက်မနည်း နေ့စဉ် ကူးစက်မှုနှုန်းများပြားမှုနှင့် ကြုံတွေ့နေရသည်။ အိန္ဒိယနိုင်ငံတွင် နေ့စဉ်ကူးစက်ခံရသူ ၉၀၀၀၀ ကျော်ရှိနေပြီး ဥရောပတွင်လည်း ကူးစက်မှု များပြားနေသည့်အတွက် အသွားအလာ ပိတ်ဆို့ကန့်သတ်မှုများ ပြန်လည်ချမှတ်နေရသည်။

စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် အမေရိကန်၌ ကိုဗစ်– ၁၉ကြောင့် သေဆုံးသူအရေအတွက်မှာ နှစ်သိန်းနီးပါးရှိလာသည်ဟု သိရသည်။

**နယူးယောက်တိုင်းမ်စ်**



အမေရိကန်ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

# ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကမ္ဘာ့ခေါင်းဆောင်များ ဗီဒီယို မိန့်ခွန်းပြောကြားမည်

**ဂျီနီဗာ စက်တင်ဘာ ၂၁**

ကုလသမဂ္ဂအထွေထွေညီလာခံတွင် စက်တင်ဘာ ၂၂ ရက်မှ စတင်ကာ ကမ္ဘာ့ခေါင်းဆောင်များ ဗီဒီယိုမိန့်ခွန်းပြောကြားမည်ဟု သိရသည်။ ယခုနှစ်အတွင်း ကိုဗစ်–၁၉ ကြောင့် ဘေးကင်းလုံခြုံစိတ်ချရရေးအတွက် ကမ္ဘာ့ခေါင်းဆောင်များသည် ဗီဒီယို မိန့်ခွန်းပြောကြားခြင်းဖြစ်သည်။




နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပမည့် အထွေထွေညီလာခံကို အွန်လိုင်းပေါ်မှသာ ကျင်းပမည်ဖြစ်သည်။ အဖွဲ့ဝင် ၁၉၃ နိုင်ငံ ကိုယ်စားလှယ်များသည် ဗီဒီယို မိန့်ခွန်းပြောကြားကြရန် စီစဉ်ထားကြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၊ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့သည် ပထမနေ့တွင် မိန့်ခွန်းပြောကြားကြမည်ဖြစ်သည်။ ကိုဗစ်– ၁၉ တိုက်ဖျက်ရေးနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု တိုက်ဖျက်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းမှ ပူးပေါင်းပါဝင်ကြရန် အထွေထွေညီလာခံ မတိုင်မီ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး အန်တိုနီယိုဂူတာရက်စ်က တောင်းဆိုခဲ့သည်။

ယခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် နိုင်ငံရေးကြေညာချက်များကို အတည်ပြုချမှတ်သွားရန် အဖွဲ့ဝင်နိုင်ငံများက မျှော်လင့်ထားသည်။ တရုတ်–အမေရိကန် ပဋိပက္ခအပါအဝင် ကိုဗစ်– ၁၉ နှင့် ရာသီဥတု ပြောင်းလဲမှုတိုက်ဖျက်ရေးတို့တွင် ကမ္ဘာ့ခေါင်းဆောင်များ မည်သို့ မိန့်ခွန်းပြောကြားမည်ကို စိတ်ဝင်စားလျက်ရှိကြသည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ဂျီးရီးယားနိုင်ငံတွင် ကျန်းမာရေးလုပ်သားများ သပိတ်မှောက်မှုကို ဆိုင်းငံ့

**လေဂို့စ် စက်တင်ဘာ ၂၁**

နိုင်ဂျီးရီးယားနိုင်ငံတွင် လုံလောက်သည့် လုပ်ခလစာရရေး၊ ကိုဗစ် – ၁၉ ကာလ အပိုဆုငွေရရေးနှင့်ပတ်သက်ပြီး သီတင်းတစ်ပတ်ကြာ ကျန်းမာရေးလုပ်သားများ ဆန္ဒပြပြီးနောက် အဆိုပါဆန္ဒပြမှုကို ဆိုင်းငံ့ထားသည်ဟု ကျန်းမာရေးလုပ်သားများသမဂ္ဂမှ တာဝန်ရှိသူများက စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

နိုင်ငံအတွင်း လူပေါင်း ၅၇၂၄၂ ဦး ကိုဗစ် ကူးစက်ခံထားရပြီး သေဆုံးသူ ၁၀၉၈ ဦး ရှိလာပြီးနောက်တွင် ကိုဗစ်– ၁၉ ကို ထိန်းချုပ်နိုင်ရေးအာဏာပိုင်များ ရုန်းကန်လာရသည်။ သမဂ္ဂငါးခုအောက်ရှိ ကျန်းမာရေးဝန်ထမ်းများအားလုံးသည် စက်တင်ဘာ ၂၁ ရက်မှစတင်ကာ လုပ်ငန်းခွင် ပြန်ဝင်ရန် သဘောတူခဲ့ကြသည်။

ဆေးဝါးကျွမ်းကျင်သူများ၊ သူနာပြုများ၊ သားဖွားများနှင့် ဓာတ်မှန်ပညာရှင်များအားလုံး ပါဝင်စုစည်းထားသည့် ကျန်းမာရေးစောင့်ရှောက်မှု အသက်မွေးဝမ်းကျောင်းအဖွဲ့အစည်းသည် ကိုဗစ်–၁၉ တိုက်ဖျက်ရေးတွင် ရှေ့တန်းမှ ပါဝင်နေကြသူများကို ကိုယ်စားပြုသည်။

အဆိုပါကျန်းမာရေးလုပ်သားများသည် လူမှုဖူလုံရေးနှင့် လုပ်ခလစာအပါအဝင် အခြားသော ကိစ္စရပ်များအတွက် သပိတ်မှောက်ကာ တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် ကျန်းမာရေးလုပ်သားပေါင်း ၁၀၀၀ ဝန်းကျင်မှာ ကိုဗစ် – ၁၉ ကူးစက်ခံထားရသည်။ အစိုးရကမူ ၎င်းတို့၏ သပိတ်မှောက်မှုကို ရှုတ်ချထားသည်။

**အေအက်ဖ်ပီ**

# ကိုဗစ်- ၁၉ လေထဲမှ ပျံ့နှံ့နိုင်ဟု စီဒီစီမှ ညွှန်ကြားချက်ထုတ်ပြန်


**ဝါရှင်တန် စက်တင်ဘာ ၂၁**

**အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ)မှ ၎င်းတို့၏ ဝက်ဘ်ဆိုက်ပေါ်တွင် အသစ်ထုတ်ပြန်ညွှန်ကြားချက်အရ ကိုဗစ် – ၁၉ သည် လူတစ်ဦးအသက်ရှူထုတ်လိုက်သည့် အသက်ရှူလမ်းကြောင်း အမှုန်အမွှားများ သို့မဟုတ် အမှုန်အမွှားသေးသေးလေးများမှတစ်ဆင့် ပျံ့နှံ့နေနိုင်သည်ဟု ပြောကြားထားသည်။**

ကိုဗစ်– ၁၉အပါအဝင် လေထဲမှ ပျံ့နှံ့နိုင်သည့် ရောဂါများသည် အလွယ်တကူ ရောဂါကူးစက်နိုင်ပြီး အလွယ်တကူပျံ့နှံ့နေနိုင်သည်။ ယခင်က ကိုဗစ်– ၁၉ သည် ထိတွေ့မှုနီးစပ်သည့် လူအချင်းချင်းတွင် ချောင်းဆိုး၊ နှာချေ စကားပြောရာမှတစ်ဆင့် ခြောက်ပေအတွင်းရှိ လူများကိုကူးစက်နိုင်သည်ဟု စီဒီစီဝက်ဘ်ဆိုက်စာမျက်နှာတွင် ဖော်ပြထားသည်။

စက်တင်ဘာ ၁၈ ရက်အထိ နီးစပ်မှုရှိသည့် လူအချင်းချင်းသာ ကိုဗစ် – ၁၉ ကူးစက်မှုရှိသည်ဟု ဖော်ပြထားရာမှ ယခုအခါ ကိုဗစ် – ၁၉ သည် အသက်ရှူထုတ်လိုက်သည့် အမှုန်အမွှားများမှတစ်ဆင့် ကူးစက်နိုင်သည်ဟု ဖော်ပြလာသည်။ ရောဂါကူးစက်ခံထားရသည့် လူတစ်ဦးက ချောင်းဆိုး၊ နှာချေခြင်း၊ သီချင်းဆို၊ စကားပြောခြင်းနှင့် အသက်ရှူခြင်းမှတစ်ဆင့် ကူးစက်နိုင်သည်ဟု ဖော်ပြထားသည်။

ရောဂါပိုးပါသည့် အမှုန်အမွှားများကို နှာခေါင်း၊ ပါးစပ်နှင့် အဆုတ်ထဲသို့ရှူရှိုက်မိပါက ကူးစက်နိုင်သည်ဟု စီဒီစီက ပြောကြားသည်။ အခြားလူတစ်ယောက်က



ရှူထုတ်လိုက်သည့် အမှုန်အမွှားများသည် လေထဲတွင် ဆက်လက်ရှိနေနိုင်သည်ဟု သက်သေပြချက်များလည်း ပေါ်ထွက်လာလျက်ရှိကြောင်း သိရသည်။

**စီအင်န်အင်န်**

## ကိုဗစ် -၁၉ ဖြစ်ပွားနေသည့်ကြားမှ ယူဂန္ဓာနိုင်ငံတွင် အားကစားပွဲများ ပြန်လည်စတင်

**ကမ်ပါလာ စက်တင်ဘာ ၂၁**

ယူဂန္ဓာနိုင်ငံတွင် အားကစားပွဲများကို ပြန်လည်စတင်ခွင့်ပြုကြောင်း သမ္မတ ယိုဝီရီမတ်စာဗီနီက စက်တင်ဘာ၂၀ ရက်တွင် ကြေညာခဲ့သည်။ ကိုဗစ် – ၁၉ ကြောင့် ခြောက်လကြာ အားကစားပွဲများ ပိတ်ထားရပြီးနောက် ပြန်လည်ခွင့်ပြုလိုက်ခြင်း ဖြစ်သည်။ ကွင်းပြင်ကျယ်တွင် ကျင်းပသည့် အားကစားပွဲများကို ကြည့်ရှုသူ ပရိသတ်မပါဘဲ ပြန်လည်စတင်ခွင့်ပြုမည်ဟု သမ္မတက ရုပ်မြင်သံကြား မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

အားကစားပွဲတွင် ကြည့်ရှုသူပရိသတ်မပါဘဲ ပြန်စတင်ခွင့်ပြုမည်ဖြစ်ပြီး ပါဝင်ကြမည့် အားကစားသမားများသည် ပွဲမစမီ ၇၂ နာရီတွင် ကိုဗစ် – ၁၉ ရှိ၊ မရှိ ဆေးစစ်ရမည်ဖြစ်သည်။ ဆေးစစ်မှုသည်လည်း ၁၄ ရက်အတွင်း သက်တမ်း ကုန်ဆုံးမည်ဖြစ်ပြီး အားကစားသမားများသည် ၁၄ ရက်ကျော်သွားပါက ဆေးပြန်စစ်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင် အားကစားသမားများသည် ပြိုင်ပွဲတစ်ရာသီလုံး သီးခြားခွဲနေထိုင်ရမည်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အလုံပိတ်ခန်းမ အတွင်း ကစားရသည့်ပွဲများ အားကစားခန်းမများကိုမူ ဆက်လက်ပိတ်ထားဦးမည်ဖြစ်သည်။

ကာစီနိုဝိုင်းများ၊ ဂိမ်းစင်တာများနှင့် ရုပ်ရှင်ရုံများကိုလည်း ဆက်လက်ပိတ်ထားဦးမည်ဖြစ်ပြီး လူစုလူဝေး ပြုလုပ်ခြင်းများကိုလည်း တားမြစ်ထားသည်။

**ဆင်ဟွာ**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာယီပိတ်သိမ်းမည့် စက်ရုံ/အလုပ်ရုံများမှ အလုပ်သမားများအတွက် ပိတ်ရက်ကာလ လုပ်ခ၊ လစာ ထောက်ပံ့ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ UMFCCI မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် Video Conferencing ဖြင့် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၁**

ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာယီပိတ်သိမ်းမည့် စက်ရုံ/အလုပ်ရုံများမှ အလုပ်သမားများအား ပိတ်ရက်ကာလအတွက် လုပ်ခ၊ လစာ ထောက်ပံ့ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ UMFCCI မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် အလုပ်ရှင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ကပ်ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခေတ်ခွဲအတည်ပြုလူနာများ များပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး (ကိုကိုးကျွန်းမြို့နယ်မပါ)တွင် နေထိုင်သည့် ပြည်သူများအား နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့ပြီးဖြစ်ကြောင်း။

သို့ဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းရှိ အလုပ်သမားနှင့် ပတ်သက်ဆက်ဆံသည့် မိသားစုဝင်များအား ချမှတ်ထားသည့် ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာလိုက်နာလုပ်ဆောင်ရေး အလေးထား လုပ်ဆောင်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ရန်ကုန်




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ Video Conferencing စနစ်ဖြင့် COVID-19 ကပ်ရောဂါ အခြေအနေကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာယီပိတ်သိမ်းမည့် စက်ရုံ/အလုပ်ရုံများမှ အလုပ်သမားများအား ပိတ်ရက်ကာလအတွက် လုပ်ခ၊ လစာ ထောက်ပံ့ပေးနိုင်ရေးနှင့် ပတ်သက်၍ UMFCCI မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးစဉ်။
သတင်းစဉ်

တိုင်းဒေသကြီးအတွင်း ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၄ ရက်မှစ၍ ရက်သတ္တပတ်နှစ်ပတ်ခန့် ယာယီပိတ်သိမ်းမည့် စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများအား ပိတ်ရက်ကာလအတွက် လုပ်ခ၊ လစာ ထောက်ပံ့ပေးနိုင်ရေးနှင့်ပတ်သက်၍ UMFCCI ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများမှ ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် ကောင်းမွန်သည့် အကြံဉာဏ်များရှိပါက ပေးကြရန်နှင့် လုပ်ငန်းရှင်များအနေဖြင့် ရှေ့ဆက်လက်ပူးပေါင်းလုပ်ဆောင်မည့် အစီအစဉ်များနှင့် ကြေညာချက်အပေါ် သဘောထားအမြင်များ၊ အကြံဉာဏ်များကို ပွင့်ပွင့်လင်းလင်းပေးအပ်သွားကြရန် ဖြစ်ပါကြောင်း။

နေအိမ်တွင်နေထိုင်ရေး (Stay at Home) ကာလအားနှစ်ပတ် သတ်မှတ်ထားပါကြောင်း၊ ပြည်သူအားလုံးမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာ ဆောင်ရွက်သွားပါက ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ပြီး ရောဂါဖြစ်ပွားမှုနှုန်း လျော့ကျသွားနိုင်မည်ဖြစ်ကြောင်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အခိုင်အမာပြောကြားထားရှိပါကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ဆောင်ရွက်ရခြင်းကို အားလုံးသိရှိ နားလည်ကြမည်ဖြစ်ပါကြောင်း၊ ယခုလိုဆောင်ရွက်ရာတွင် စက်ရုံ၊ အလုပ်ရုံများ ယာယီပိတ်သိမ်းရသည့်အတွက် အလုပ်လက်မဲ့ဖြစ်ပွားသည့် အလုပ်သမားများအတွက် လုပ်ခလစာ၊ အခကြေးငွေများကို မည်ကဲ့သို့ထောက်ပံ့ပေးမည့် အစီအစဉ်အတွက် လုပ်ငန်းရှင်များနှင့် ယခုကဲ့သို့ဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လူမှုဖူလုံရေးထည့်ဝင်ကြေး ပေးသွင်းထားသည့် အလုပ်သမားများအတွက် လူမှုရေးထောက်ပံ့ကူညီမှုများကို ဥပဒေနှင့်အညီ ပေးအပ်သွားရန် စီစဉ်ထားရှိပါကြောင်း၊ လူမှုဖူလုံရေးထည့်ဝင်ကြေး ပေးသွင်းထားခြင်းမရှိသည့် အလုပ်သမားများအတွက်လည်း နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးရန် စီစဉ်လျက်ရှိရာ အလုပ်ရှင်များကလည်းပူးပေါင်းပြီး အလုပ်သမားများအား တတ်နိုင်သမျှထောက်ပံ့ ပေးစေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း UMFCCI မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပူးပေါင်းပြီး အလုပ်သမားများအပေါ် မည်ကဲ့သို့ထောက်ပံ့ကူညီ ဆောင်ရွက်သွားမည်ကို ယခုဆွေးနွေးပွဲတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် UMFCCI ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသည့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် အလုပ်ရှင်ကိုယ်စားလှယ်များက လုပ်ငန်းရှင်များ၏ ကြုံတွေ့နေရသည့်အခက်အခဲများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာချက်နှင့်ပတ်သက်၍ မရှင်းလင်းသည့် အချက်များ၊ အကြံပြုချက်များနှင့် သိရှိလိုသည်များအား မေးမြန်းဆွေးနွေးတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် UMFCCI ဥက္ကဋ္ဌက အလုပ်သမားများအား (Stay at Home) နေထိုင်ရမည့် အလုပ်ရပ်နားထားရသည့် ကာလအတွင်း ထောက်ပံ့ကူညီပေးနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် ဆွေးနွေး၍ ပြန်လည်တင်ပြသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဆိပ်ကမ်းအင်ဂျင်နီယာဘာသာရပ်မှ နောက်ဆုံးနှစ် ကျောင်းသားများအား မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ) ( MITT)က ပညာသင်ဆုနှင့် သင်ကြားရေးအထောက်အကူပြု ပစ္စည်းများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၁**

မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (သီလဝါ) (MITT)က မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဆိပ်ကမ်းအင်ဂျင်နီယာဘာသာရပ်မှ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုနှင့် သင်ကြားရေးအထောက်အကူပြု ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၁ နာရီခွဲက အဆိုပါတက္ကသိုလ် ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)နှင့် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ)(MITT)မှ Administration Manager ဦးကျော်ဆွေလှနှင့် တာဝန်ရှိ သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ) (MITT)မှ Administration Manager ဦးကျော်ဆွေလှက MITT Scholarship နှင့် သင်ထောက်ကူပစ္စည်း ပေးအပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆိပ်ကမ်းအင်ဂျင်နီယာဘာသာရပ်နောက်ဆုံးနှစ်မှ ထူးချွန်ကျောင်းသား ကျောင်းသူ ၁၀ ဦးအတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၀၀ ဖြင့် စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၀၀၀ အား လွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ တက္ကသိုလ်သို့ Cannon Laser Printer ၁၂ လုံး လူ ၆၀ ဆံ့ စာသင်ခန်းတစ်ခန်းအတွက် စားပွဲ၊ ကုလားထိုင်၊ ပရိုဂျက်တာ တစ်လုံးနှင့် အဲကွန်းနှစ်လုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၈၃ သိန်းကျော် ပေးအပ်လှူဒါန်းသည်။

MITT အနေဖြင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဆိပ်ကမ်းအင်ဂျင်နီယာနောက်ဆုံးနှစ် ထူးချွန်ကျောင်းသား ၁၀ ဦး နှစ်စဉ်ရွေးချယ်ပြီး တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၀ စီ ပေးအပ်ခဲ့ရာ ၂၀၁၆ ခုနှစ်မှစတင်၍ အမေရိကန်ဒေါ်လာ ၂၀၀ အထိ တိုးမြှင့်ပေးအပ်ချီးမြှင့်ပေးခဲ့သည်။ ထို့အပြင် ၂၀၀၇ ခုနှစ်မှစတင်၍ ဆိပ်ကမ်းအင်ဂျင်နီယာ ကျောင်းသားများထဲမှ အထူးချွန်ဆုံး ကျောင်းသားတစ်ဦးအား MITT ၏ မိခင်ကုမ္ပဏီဖြစ်သော Hutchison Port Holding မှ ရွှေတံဆိပ်ဆု (Hutchison Port Holding-HPH) နှင့် ငွေသားအဖြစ် အမေရိကန်ဒေါ်လာ ၁၀၀၀ ကို မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ပေးအပ်ချီးမြှင့်ခဲ့ရာ ယခုနှစ်အထိ (၁၄) ကြိမ်တိုင်တိုင် ပေးအပ်ခဲ့ပြီးဖြစ်သည်။

မြန်မာ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (သီလဝါ)(MITT) အနေဖြင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ ၂၀၀၂ ခုနှစ်မှ စတင်၍ သင်ထောက်ကူပစ္စည်းများအား နှစ်စဉ်ပေးအပ်လှူဒါန်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ရေကြောင်းသိပ္ပံပညာဌာန၊ ရေကြောင်းစက်မှုအင်ဂျင်နီယာဌာနနှင့် ဆိပ်ကမ်းအင်ဂျင်နီယာဌာနများမှ ဆောင်ရွက်သည့် Project များအတွက် အမေရိကန်ဒေါ်လာ ၆၅၀၀ ကို လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ရေကြောင်းသိပ္ပံပညာဌာန၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်း အင်ဂျင်နီယာဌာန၊ ဆိပ်ကမ်းအင်ဂျင်နီယာပညာဌာနများမှ ဆောင်ရွက်သည့် Project များအတွက် အမေရိကန်ဒေါ်လာ ၅၅၀၀ ကို လည်းကောင်း၊ ၂၀၁၆ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၆၀၀၀ တန်ဖိုးရှိ သင်ကြားရေး အထောက်အကူပြု ပစ္စည်းများအား လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ဆိပ်ကမ်းအင်ဂျင်နီယာဌာနများ၏ GIS Lab များတွင် အသုံးပြုရန်အတွက် အမေရိကန် ဒေါ်လာ ၆၀၀၀ ကို လည်းကောင်း၊ ၂၀၁၈ ခုနှစ် ပညာသင်နှစ်တွင် အသုံးပြုရန်အတွက် အမေရိကန်ဒေါ်လာ ၆၀၀၀ တန်ဖိုးရှိ သင်ကြားရေး အထောက်အကူပြု ပစ္စည်းများကို လည်းကောင်း၊ ၂၀၁၉ ခုနှစ် ပညာသင်နှစ်အတွက် ငွေကျပ် ၈၈ သိန်းကျော် တန်ဖိုးရှိ စားပွဲများ၊ ထိုင်ခုံများ၊ Projector နှင့် အဲကွန်းများကို လည်းကောင်း၊ ၂၀၂၀ ခုနှစ် ပညာသင်နှစ်အတွက် ငွေကျပ် ၈၃သိန်းကျော် တန်ဖိုးရှိစားပွဲများ ၊ ထိုင်ခုံများ၊ Projector၊ အဲကွန်းနှင့် Printer များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၄၇**

**ရက်သာ**

**လိုတော့သည်။**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် နောင်ချိုမြို့နယ် ကိုဗစ်-၁၉ ကော်မတီ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် တွေ့ဆုံ

နောင်ချို စက်တင်ဘာ ၂၁

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးနေလင်းနှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ် ကိုဗစ်-၁၉ ကော်မတီ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့နှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးက မဲရုံကိစ္စရပ်များ၊ မြို့နယ်လုံခြုံရေး၊ လူလုံခြုံရေး၊ လမ်းလုံခြုံရေးနှင့် စည်းရုံးရေးကာလဖြစ်သောကြောင့် လုံခြုံရေးကိစ္စရပ်များကို ဆောင်ရွက်ထားမှုများ ရှင်းလင်းပြီး မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ နောင်ချိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်းက နောင်ချိုမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှုနှင့် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံသို့ ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် နှာခေါင်းစည်းအခု ၂၅၀၀ တို့ကို ပေးအပ်ရာ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ နောင်ချိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်းက လက်ခံယူသည်။


ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဇ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။



**ရွေးကောက်ပွဲများသည်-**

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

# မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၁

မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးကျော်စွာစိုးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -



**လေးစားရပါသော မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်က မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးကျော်စွာစိုး ဖြစ်ပါတယ်။

ယနေ့နိုင်ငံတော်ရုပ်မြင်သံကြားမှ ပြည်သူများသို့ တိုက်ရိုက်ပြောကြားတင်ပြခွင့်ရတဲ့အတွက် ဝမ်းသာကြည်နူးရပါတယ်ခင်ဗျာ။

ယခု ကျွန်တော်တို့ တိုင်းပြည်ရဲ့ စီးပွားရေးအခြေအနေလေးကို တင်ပြချင်တာက ကျေးလက်နေပြည်သူများရဲ့ ဘဝ၊ မြို့ပြနေပြည်သူများရဲ့ ဘဝကို ဦးစားပေးတင်ပြလိုပါတယ်ခင်ဗျာ။ ကျွန်တော်တို့ တိုင်းပြည်ရဲ့ လူဦးရေ သန်း(၅၀)ကျော်ရှိသည့်အနက် ၇၀% ဟာ ကျေးလက်ဒေသမှာနေထိုင်ကြပြီး အဲ့ဒီသူတွေထဲမှ ၅၀ % ဟာ စိုက်ပျိုးမွေးမြူရေးကို လုပ်ကိုင်နေကြသူများ ဖြစ်ပါတယ်။

ခေတ်အဆက်ဆက်ကပြည်သူတွေရဲ့ဝင်ငွေဟာ တိုးတက်မှု နှေးကွေးနေသော်လည်း ကုန်ဈေးနှုန်းတက်သည့်နှုန်းမှာ မြင့်မားနေသည်ကို မည်သူမျှငြင်းလို့ မရကြပါဘူးခင်ဗျား။

ကျေးလက်နေပြည်သူများရဲ့ဘဝဟာ တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေတာကြောင့် ကျေးလက်မှ (အိမ်နီးချင်း) ပြည်ပနိုင်ငံများကို မိတကွဲဖတကွဲ သွားရောက်လုပ်ကိုင်နေကြရတဲ့အတွက် လူငယ်တွေရဲ့ ဘဝအချိန်တော်တော်များများကို သူများတိုင်းပြည်အတွက် သွားရောက်ပေးဆပ်ပြီး ခက်ခဲကြမ်းတမ်းတဲ့ဘဝကို ဖြတ်သန်းနေကြရပါတယ်။ အဓိကကတော့ ကျေးလက်တွေမှာ အလုပ်အကိုင်ရှားပါးမှုကြောင့်ပါပဲ။ ကျေးလက်မှာနေသော်လည်း လယ်သမားကနည်းနည်း လယ်လုပ်သားက များများ ဖြစ်နေကြပါတယ်။

ဒါကြောင့် ကျွန်တော်တို့ပါတီရဲ့ မူဝါဒက လယ်မရှိတဲ့သူက စိုက်ပျိုးရေးထက် မွေးမြူရေးကိုလုပ်နိုင်ဖို့ ကူညီသွားမှာဖြစ်ပါတယ်။ ဥပမာ လယ်တစ်ဧက စိုက်ပျိုးတဲ့နှုန်းနဲ့ ဝက်တစ်ကောင်မွေးတဲ့နှုန်းဟာ ဝက်မွေးတဲ့ သူကမှ (၃)လကျော် (၄)လဆိုရင် သေချာပေါက် မြတ်တော့မယ်ဆိုတာ တွက်ချက်လို့ရပါတယ်။ လယ်သမားက ထွက်လာတဲ့သီးနှံ ကောင်းပါ့မလား၊ ရောင်းရပ့ါမလား၊ ကြွေးတင်တော့မှာလား ဆိုတဲ့ သောကစိတ်များ ဖိစီးနေတာ ကျေးလက်နေပြည်သူတွေ အသိဆုံးဖြစ်ပါတယ်။ ဒါကြောင့် ကျေးလက်ပြည်သူအပေါင်းတို့ကို တိုက်တွန်းချင်တာက စိုက်ပျိုးရေးသီးသန့်ချည်းပဲ မလုပ်ဘဲ မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ကြဖို့ တိုက်တွန်းလိုပါတယ်။ မွေးမြူရေးလုပ်ဖို့ ကျွန်တော်တို့ပါတီက အားသွန်ခွန်စိုက် ကူညီပေးဖို့ ကတိပြုပါတယ်။ မြို့ပြနေပြည်သူများကလည်း ဝိုင်းဝန်းအားပေးဖို့ လိုအပ်ပါတယ်၊ ဒါတွေက ငါတို့နဲ့ မဆိုင်ဘူးလို့ မမှတ်ပါနဲ့၊ ကျေးလက်မှာ စိုက်ပျိုးရေး၊ မွေးမြူရေး အားနည်းလာတာနဲ့အမျှ မြို့ပြရဲ့ သားဈေး၊ ငါးဈေး၊ သီးနှံဈေးတွေ မြင့်မားစွာနဲ့ ဝယ်ယူစားသုံးကြရမှာဖြစ်တဲ့အတွက် မြို့ပြနေပြည်သူများကို တိုက်ရိုက်ခံစားရမှာ ဖြစ်ပါတယ်။

ပညာရေးကိုပြောကြားလိုတာက ယခုမြန်မာနိုင်ငံရဲ့ ပညာရေးစစ်တမ်းကို ကြည့်လိုက်မယ်ဆိုရင် စာမတတ်တဲ့ ကလေးငယ်များ၊ လူငယ်၊ လူရွယ်များဟာ များပြားနေတာကို တွေ့နေရပါတယ်။ တိုင်းပြည်လူဦးရေရဲ့ ၃ ပုံ ၁ ပုံခန့်က ပညာရေးအားနည်းနေတဲ့ လူတွေဖြစ်နေ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံတော်ကြီးရောက်ဖို့ ခက်ခဲမယ်ဆိုတာ သဘောပေါက်စေချင်ပါတယ်ခင်ဗျာ။ ဒါကြောင့် စက်ရုံ အလုပ်ရုံကြီးများထက် ဈေးကွက် ပိုမိုကြီးမားတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနဲ့ ပညာရေး ဖွံ့ဖြိုးတိုးတက်အောင် အဓိကဖော်ဆောင်ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီမှာ နိုင်ငံရေးသမားစစ်စစ် တစ်ယောက်မှမရှိပါဘူး၊ လယ်သမားထုအတွက် စုပေါင်းထူထောင်ခဲ့တဲ့ ပါတီဖြစ်ပါတယ်။ ကိုယ်လုပ်မှကိုယ်ရမှာမို့လို ကျွန်တော်တို့ အခြေခံလူတန်းစားနဲ့ လယ်သမားများ ကိုယ့်အကြောင်းကိုယ် ပြောနိုင်ဖို့ လယ်သမားကိုယ်စားလှယ်တော်တွေကို မဲပေးပြီး လွှတ်တော်ထဲ အရောက်ပို့ရမှာဖြစ်ပါတယ်။

လွှတ်တော်ကြီးကတရားမျှတစွာနဲ့ လွှတ်တော်ထဲမှာ ထိုင်ခုံတွေ ခင်းပေးထားပါတယ်။ ဒီမိုကရေစီအရေးကို ပြောမယ့်လူတွေအတွက် ခုံတွေခင်းထားသလိုကာကွယ်ရေးအကြောင်း ပြောမယ့်သူတွေအတွက်လည်း ခုံတွေခင်းပေးထားပါတယ်။ ဥပဒေအကြောင်း၊ တရားရေးအကြောင်း၊ အလုပ်သမားအကြောင်း၊ ပညာရေး၊ ကျန်းမာရေးအကြောင်းတွေ ပြောဆိုနိုင်မယ့်လူတွေအတွက်လည်း ခုံတွေခင်းပေးထားသလို လယ်သမားများအတွက်လည်း ခုံတွေခင်းပေးထားပါတယ်။ ဒါကြောင့်အခြေခံလူတန်းစားလယ်သမားများလည်း လွှတ်တော်ထဲကို ရဲရဲဝံ့ဝံ့ဝင်ထိုင်ပြီး ကိုယ့်အကြောင်းကို ပြောနိုင်အောင် လယ်သမားများက ကိုယ့် ကိုယ်စားလှယ်လောင်းကို အရောက်တွန်းပို့ပေးကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

လယ်သမားကိုယ်စားလှယ်တော်ကြီးများကို ပြောကြားလိုသည်မှာ နိုင်ငံရေး ကျွမ်းကျင်စရာမလိုပါဘူး ခင်ဗျာ။ လွှတ်တော်ထဲမှာ ကိုယ့်အရပ်၊ ကိုယ့်ဒေသ၊ ကိုယ့်ပြည်သူတွေအတွက် ကျွန်တော်တို့ မြို့နယ်မှာ ဘယ်လောက်ခက်ခဲ ကျပ်တည်းနေပါတယ်၊ ဘာဖြစ်ချင်ပါတယ်၊ ဘာလုပ်ပေးပါ ဆိုတဲ့ စကားကို သတ္တိရှိရှိလွှတ်တော်ထဲမှာ သွားပြောပေးမယ့်လူဖြစ်ဖို့ လိုပါတယ်။ ဘယ်သူ့မျက်နှာမှ ကြည့်စရာမလိုဘဲနဲ့ ပြည်သူ့မျက်နှာကိုသာကြည့်ပြီး တင်ပြဖို့ လိုပါတယ်။

နိုင်ငံတော်ဆိုတာ ပြည်သူအားလုံးကို ကိုယ်စားပြုတဲ့နေရာပါ။ အစိုးရဆိုတာ ပြည်သူကို စောင့်ရှောက်ဖို့ ပြည်သူက အပ်နှင်းထားတဲ့အဖွဲ့ပါ။ ကိုယ့်ရဲ့ဘဝကို အပ်ထားရတဲ့သူကို ချစ်ပဲချစ်ချင်ပါတယ်။ မကြောက်ပါရစေနဲ့လို့ ပြည်သူအားလုံးက ဆုတောင်းနေပါတယ်။ ကျွန်တော်တို့ အခုလုပ်နေတာ တကယ့်နိုင်ငံရေး မဟုတ်သေးပါဘူး။ ပြည်သူလူထုကတော့ နေပူထဲမှာ ဆင်းရဲမြဲဆင်းရဲ၊ စိတ်ပင်ပန်း လူပင်ပန်းနေတာတွေ မပြောင်းလဲသေးပါဘူး။ တိုင်းပြည်ရဲ့ နိုင်ငံရေးသမားစစ်စစ်ဆိုတာ ပြည်သူလူထု စိတ်ချမ်းချမ်းသာသာနဲ့ ဘဝတိုးတက်မြင့်မားအောင် ပြောင်းလဲပေးနိုင်ရမှာဖြစ်တယ်။



နောက်တင်ပြလိုသောအချက်မှာ မြို့နယ်များနဲ့ ကျေးလက်တို့တွင် နေထိုင်ကြသော အခြေခံလူတန်းစားတွေမှာ ရောဂါဖြစ်ပြီး နေမကောင်းလို့ ဆေးရုံ၊ ဆေးခန်းသွားရမယ်၊ တက်ရမယ်ဆိုလျှင် ငွေရေးကြေးရေး များစွာ ခက်ခဲပြီး ဝေဒနာထက် ငွေကြောင့် စိတ်ဆင်းရဲမှုက ပိုမိုနေတယ်ဆိုလျှင် ငြင်းလို့ မရပါဘူးခင်ဗျာ။ ဒါကြောင့် အခြေခံ လူတန်းစားများအတွက် စုပေါင်းဆေးကုခြင်းဆိုတဲ့ စနစ်ကို လုပ်ပေးပြီး လူတစ်ယောက်လျှင် တစ်လ ဘယ်လောက်ထည့်ဝင်ပါ၊ ဘဝတစ်လျှောက်လုံးမှာ ကိုယ့်သားသမီးအတွက်၊ ကိုယ့်မိဘအတွက်၊ ကိုယ့်ဇနီးအတွက် ကျန်းမာရေးစရိတ် လုံးဝမပူပင်ရအောင် စုပေါင်းဆေးကုခြင်းဆိုတဲ့စနစ်ကိုလည်း အလျင်အမြန် ထူထောင်ပေးမှာဖြစ်ပါတယ်။ အချိန်မရတဲ့အတွက် အသေးစိတ်မရှင်းပြနိုင်တာ ခွင့်လွှတ်စေချင်ပါတယ်။ မြန်မာနိုင်ငံသားအားလုံး ကျန်းမာရေးအာမခံရှိရန် ရည်ရွယ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လယ်သမားပါတီကြီးက လယ်သမားတွေဘဝ လွတ်လပ်အောင် တိုးတက်အောင် ဆင်းရဲတွင်းက တက်လာပြီး လွှတ်တော်ထဲ အစိုးရအဖွဲ့ထဲ ရောက်အောင် ကိုယ့်ဘဝလူတစ်လုံးသူတစ်လုံးဖြစ်အောင် လွတ်မြောက်ရေး ကြိုးကြိုးချပေးတာကို ကြိုးဆွဲပြီး ဝီရိယကလေးစိုက်ကာ အပေါ်ဆွဲတက်ခဲ့ပါလို့ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီက အခြေခံလယ်သမားထုကြီးကို အလေးအနက်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**တိုင်းရင်းသားညီအစ်ကိုများ(ပါတီ၏ သီချင်း)**

**တေးရေး/တေးဆို – ဦးအုန်းလွင်**
**ကြာမြင့်ချိန် ☎ ၄ မိနစ် ၅ စက္ကန့်**

ဘုး ဖရုံ သခွား ပဲ ငရုတ်ပါ အမြဲလုပ်ကိုင်ရှာ . . .
တောင်ယာကို မောင်စောင့်ကာ ခေါင်ရည်ကိုသောက်အုံးမှာ
(ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်၊ ဗမာ တို့ညီအစ်ကိုများ
တောင်ပေါ်မြေပြန့်က သွေးရင်းသားရင်း တောင်သူလယ်သမား)၂
တို့ညီအစ်ကိုများ
စုစည်းအား လက်တွဲထား ... တောင်သူလယ်သမားအကျိုးစီးပွား
(တိုးတက်ဖို့ မျှော်မှန်းရည် ကြိုးစားလို့ ဆောင်ရွက်မည်)၂
တို့လယ်သမား တိုးတက်လာ စိုက်ပျိုးရေးနည်းပညာ
စက်မှုလယ်ယာ တစ်ခေတ်ပြောင်းကာ သီးနှံတွေအထွက်တိုးမှာ
တို့လယ်သမား တိုးတက်လာ ခေတ်နဲ့အညီလိုက်မှာ
သီးနှံတွေအထွက်တိုးလာ ကမ္ဘာ့စပါးကျီဖြစ်အုံးမှာ
(ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်၊ ဗမာ တို့ညီအစ်ကိုများ
တောင်ပေါ်မြေပြန့်က သွေးရင်းသားရင်း တောင်သူလယ်သမား)၂
တို့ညီအစ်ကိုများ
စုစည်းအား လက်တွဲထား ... တောင်သူလယ်သမားအကျိုးစီးပွား
(တိုးတက်ဖို့ မျှော်မှန်းရည် ကြိုးစားလို့ ဆောင်ရွက်မည်)၂

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- သာသနာ့ဝန်ထမ်း၊
- ထောင်ဒဏ်ကျခံနေရသူ၊
- စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး–
- ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်–
  - ✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊
- သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
- သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

# အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၁

**အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ ဒုတိယဥက္ကဋ္ဌ-၁ ဦးထွန်းဝင်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**



ကျွန်တော်က အမျိုးသားညီညွတ်ရေး ကွန်ဂရက်ပါတီ (UNC) ဌာနချုပ်၊ ဒု-ဥက္ကဋ္ဌ (၁) ဦးထွန်းဝင်း ဖြစ်ပါတယ်။ အရွယ်ရောက်သူတိုင်း ဆန္ဒပြုဖို့ ထိုက်တန်တဲ့ မဲတစ်ပြားစီ ကိုင်ထားပြီး ဘယ်သူ့ပေးရပ့ါလို့ ဇဝေဇဝါ ဖြစ်နေချိန်မှာ ကျွန်တော်တို့ ပါတီကိုယ်စားလှယ်ကိုသာ ဒီမဲတစ်ပြားကို ပေးပါလို့ မတောင်းရက်ပါ။ ကျွန်တော်တို့ပါတီရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေအပေါ်မှာသာ နားလည်မှုရှိစွာနဲ့ အားရပါးရထောက်ခံပေးကြပါလို့ ပန်ကြားပါရစေ။ မိဘပြည်သူ၊ အလုပ်သမား၊ လယ်သမား၊ လက်လုပ်လက်စား၊ ကျောင်းသားကြီးငယ်၊ လူရွယ်လူလတ်တို့ ခင်ဗျား -

လေးစားစွာ ဂုဏ်ပြုနှုတ်ခွန်းဆက်သလိုက်ပါတယ် ...
ငြိမ်းချမ်းခြင်း မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ ... ။

ကျွန်တော်တို့ပါတီဖြစ်စဉ်အကျဉ်းကို အမြွက်မျှ တင်ပြပါရစေ။ လက်ရှိ အမျိုးသားညီညွတ်ရေး ကွန်ဂရက်ပါတီကို ၂၈ - ၂ - ၂၀၁၂ နေ့မှာ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် ရခဲ့ပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲမှာ ဒီနာမည်နဲ့ပဲ ရွေးကောက်ပွဲ ဝင်ခဲ့တာဖြစ်ပါတယ်။ ဒီမတိုင်ခင်ကတော့ မြန်မာတစ်နိုင်ငံလုံး တစ်စုစီ၊ တစ်စုစီ ပြန့်ကျဲနေတဲ့ မွတ်စလင်တွေကို တစ်စုတည်းစုပြီး လွတ်လပ်ရေးအတွက် နိုင်ငံရေးအင်အားတစ်ရပ်အနေနဲ့ ထူထောင်ဖို့ ဆရာကြီး ဦးရာဇတ်ကို ဗိုလ်ချုပ်က တိုက်တွန်းတာကြောင့် ဗမာမွတ်စလင်ကွန်ဂရက် 'ဗမက' ကို ဖွဲ့စည်းပြီး 'ဖဆပလ' အဖွဲ့ချုပ်ကြီးရဲ့ တပ်ပေါင်းစုဝင်အဖြစ် ပူးပေါင်းပါဝင်ခဲ့ပါတယ်။ တောင်ပေါ်မြေပြန့်မခွဲတဲ့ စုစည်းညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ကြပါတယ်။ ပင်လုံစာချုပ်ကြီးကိုလည်း ချုပ်ဆိုနိုင်ခဲ့ကြပါတယ်။ လွတ်လပ်ရေးကြီးကိုလည်း အရယူနိုင်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးတဲ့နောက်မှာလည်း 'ဗမက' ဟာ 'ဖဆပလ' ရဲ့ မဟာမိတ်အဖြစ်နဲ့ ၁၉၅၆ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ထိ နိုင်ငံရေးမျက်နှာစာမှာ အထင်ကရ လှုပ်ရှားပြီး ပြည်တွင်း ငြိမ်းချမ်းရေး၊ စစ်ပြီးကာလ ပြန်လည်ထူထောင်ရေးနဲ့ စက်မှုထုတ်ကုန်တိုးမြှင့်ရေးတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပတ်ဝန်းကျင်နိုင်ငံအားလုံးလိုလိုကမော့ကြည့်ရတဲ့ထိ အောင်မြင်ခဲ့ပါတယ်။ ဒီလို အောင်မြင်စွာ တည်ဆောက်ပြီးတဲ့နောက်မှာတော့ ငြမ်းလိုအဖျက်ခံခဲ့ရပါတယ်။ ဒါကြောင့် ပါတီဖျက်ပြီး နောက်တစ်နေ့ အောက်တိုဘာ ၁ရက်နေ့မှာ 'ဗမက (သစ်)' လို့ ပြန်ဖွဲ့သူတွေက ဖွဲ့သလို ၁၉၆၁ မှာ 'ဗပက' ကိုဖွဲ့ပြီး၊ 'ပမညတ' အဖွဲ့ကြီးနဲ့ မဟာမိတ်ဖွဲ့၊ အတိုက်အခံ နိုင်ငံရေးအင်အားစုအဖြစ် လှုပ်ရှားခဲ့ပါတယ်။ 'မဆလ' တစ်ပါတီ တည်မြဲဖို့အတွက် ၁၉၆၄-မှာ ကျန်ပါတီတွေအားလုံးကို ဖျက်သိမ်းလိုက်တော့ 'ဗမက (သစ်)' ရော၊ 'ဗပက' ပါ ပါသွားခဲ့ရပါတယ်။

၁၉၉၀ ရွေးကောက်ပွဲဝင်ဖို့ 'အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ' (UNC) အမည်နဲ့ မှတ်ပုံတင်ပြီး ရွေးကောက်ပွဲ ဝင်ခဲ့ပါတယ်။ နိုင်ငံရေးပါတီတွေကို ဖျက်သိမ်းခဲ့ပြန်ပြီး တစ်ဖန် ၂၀၁၀ ရွေးကောက်ပွဲအတွက် ပါတီတွေ ပြန်တည်ထောင်ကြတော့ ၂၀၁၂ မှာမှ မှတ်ပုံတင်နိုင်ခဲ့တာပါ။ "အမျိုးသား ညီညွတ်ရေး ကွန်ဂရက်ပါတီ " (UNC) အမည်ကို သုံးခဲ့တာပါ။

အတိတ်သမိုင်းကို ပြန်ကြည့်ရင် နိုင်ငံရေးဥတုကိုလိုက်ပြီး အမည်တွေ ဘယ်လိုပဲပြောင်းပြောင်း နိုင်ငံတော်ထူထောင်ရေးနဲ့ ကာကွယ်ရေးကိစ္စတွေမှာ ပြည်သူတွေအားလုံးနဲ့အတူ ပါဝင်ဆောင်ရွက်ခဲ့ကြပြီး ခွင့်တူညီမျှ မခြားမနား ခံစားခဲ့ရသလို နိုင်ငံတော်လည်း ဂုဏ်ရောင်ပြောင်ခဲ့ရပါတယ်။ ခုအခါမှာလည်း နိုင်ငံတော်ရဲ့ အရေးကိစ္စဟူသမျှမှာ အရင်ကနဲ့မခြား၊ ကာကွယ်ရေး၊ တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးခေတ်မီရေးကိစ္စတွေမှာ အားလုံးနဲ့အတူ ပါဝင်ခွင့်သာဖို့ လိုပါတယ်။ တိုင်းပြည်အတွက် တကယ်ဆောင်ရွက်နိုင်စွမ်းရှိတဲ့ ကြီးမားတဲ့ ကျွန်တော်တို့ လူမှုအစုအဖွဲ့တွေကို ကျွန်တော်တို့ UNC ပါတီအနေနဲ့ ၂၀၁၄ -ခု သန်းခေါင်စာရင်းကောက်ကာလက ထိတွေ့သိရှိခဲ့ရတာကြောင့်၊ အသုံးမတည့်ဘဲ အဟောသိကံ မဖြစ်စေချင်ပါ။ ကိုယ့်နိုင်ငံ အနီးအနားက ရှေ့တန်းကို ရောက်နေကြတဲ့ နိုင်ငံတွေမှာ "ခြားနားမှု ရှိသော်ငြားလည်း အားထားရသူတွေ" အဖြစ် ဖန်တီးပေါင်းစပ်နိုင်ခဲ့ကြလို့သာ အကျိုးရှိခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလို လူနည်းစုပင်ဖြစ်သော်ငြားလည်း ကြီးမားလှတဲ့ လူ့အစုအဝေးကြီးတစ်ရပ်ကို ပစ်ပယ်ထားဖို့ မူရှိနေတဲ့ နိုင်ငံတစ်နိုင်ငံမှာဆိုရင်တော့ တကယ့်ငြိမ်းချမ်းရေးနဲ့ တိုးတက်မှုကို ဘယ်လိုမှ ရှာတွေ့နိုင်မှာ မဟုတ်ပါဘူး။ ခုလို မြန်မာပြည်အနှံ့ တောင်ပေါ်မြေပြန့်မကျန် COVID-19 ကပ်ကြီးအတွင်း ခွဲခြားမှုတွေပျောက်ပြီး သူ့ဆီငါပို့၊ ငါလို သူပေး၊ ဝေးလည်းနီး၊ သူငါမကွဲ ဝိုင်းကူလိုက်ကြလို့ အကျိုးရှိလိုက်ကြတာ။ အားရဝမ်းသာစရာပါ။

တိုင်းပြည်အတွက် အားလုံးနဲ့အတူ ဝိုင်းကူဆောင်ရွက်ဖို့ အပြန်အလှန်နားလည်မှုရအောင် ပူးပေါင်းဆောင်ရွက်တဲ့နည်း၊ အပြန်အလှန် သိမှတ်နားလည်မှုပေးတာကို စိတ်ရှည်လက်ရှည်လုပ်တဲ့နည်း၊ မေတ္တာပေး၊ မေတ္တာယူတဲ့နည်းနဲ့ မုန်းခြင်းမပါ၊ ဖားခြင်းမပါ၊ ချစ်ခြင်းကိုသာရှာမယ်၊ ငါတို့ စိတ်တူကိုယ်တူကြိုးစားကြမယ်ဆိုတဲ့ ယုံကြည်စိတ်နဲ့ ၂၀၁၈ အောက်တိုဘာ ၂၄ ရက်နေ့က၊ ရန်ကုန်မြို့ City Hotel မှာ ပြည်လုံးကျွတ်ညီလာခံကြီး ခေါ်ယူပြီး ပါတီရဲ့ မူဝါဒ၊ သဘောထားနဲ့လုပ်ငန်းစဉ်တွေကို ချမှတ်ပြီး ဒီရွေးကောက်ပွဲကြီးအတွက် ပြင်ဆင်ခဲ့တာ ဖြစ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများခင်ဗျား -**

လူတိုင်းဟာ သဘာဝအရ ညီတူညီမျှ မွေးဖွားလာကြပါတယ်။ မြန်မာပြည်သားအားလုံး ခွင့်တူညီမျှရှိပါမှ ညီညွတ်မှုကို ရကြပါမယ်။ လူမျိုးစုအားလုံးဟာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ရပ့ါမယ်။ လူ့တန်ဖိုးနဲ့ လူ့ဂုဏ်သိက္ခာကို တန်ဖိုးထားပြီး လူ့အခွင့်အရေးစံမီတဲ့ လူမျိုးဘာသာ၊ ရာထူးဂုဏ်သိန်၊ လိင်မခွဲတဲ့ဝါဒ၊ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပြည်လုံးအနှံ့ သက်ရောက်တဲ့ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ရပါမယ်။

နိုင်ငံတော်မှာဈေးကွက်စီးပွားရေးစနစ်ဟာ ခိုင်မာပီပြင် အသက်ရှင်ရပါမယ်။ နိုင်ငံတော် လက်ဝါးကြီးအုပ်စီးပွားရေးစနစ်နဲ့ ပုဂ္ဂလိက လက်ဝါးကြီးအုပ်စီးပွားရေးကို လုံးဝရှင်းပစ်ပြီး လွတ်လပ်စွာ ပြိုင်ဆိုင်ခွင့်ကို ဥပဒေပြဋ္ဌာန်းပြီး အာမခံရပါမယ်။ အသေးစားနဲ့ အလတ်စား စီးပွားရေးနဲ့ ကုန်ထုတ် လုပ်ငန်းတွေကို နိုင်ငံတော်က ထောက်ပံ့ချီးမြှောက်ရပါမယ်။

အလုပ်သမားတွေရဲ့ လုပ်ခလစာကို ဝတ်ရေးနဲ့နေရေးကိုပါ ထည့်တွက်ဖို့ လိုပါမယ်။ ကျန်းမာရေးနဲ့ ပညာရေးအတွက်ကိုတော့ နိုင်ငံတော်က ကျခံရမှာ ဖြစ်ပါတယ်။ အဲဒီအတွက် စရိတ်ကို နိုင်ငံတော်မှာ အမြင့်ဆုံး သုံးထားတဲ့ စရိတ်တွေထဲက သုံးပုံ နှစ်ပုံလောက်ထိ ဖြတ်တောက်သုံးစွဲဖို့ စီစဉ်ရပါမယ်။

လယ်သမားတွေကို "လယ်လုပ်သူ လယ်ပိုင်စေ" အာမခံချက်ပေးရပါမယ်။ စီးပွားရေး တွက်ခြေကိုက်တဲ့သီးနှံကို လယ်သမားက ရွေးချယ်စိုက်ပျိုးခွင့်ရှိရပါမယ်။ မြေပိုင်ရှင်ကြီးစနစ် ပေါ်ပေါက်မလာဖို့ ဥပဒေပြုပြီး ထိန်းသိမ်းကာကွယ်ရပါမယ်။ စိုက်ပျိုးရေးထောက်ကူစရိတ်ကို နိုင်ငံတော်က တာဝန်ယူရပါမယ်။ သိမ်းပိုက်ခံ လယ်ယာမြေတွေကိုလည်း လက်ငုတ်လက်ရင်း လယ်သမားလက်ထဲ လက်တွေ့ကျကျ မြန်မြန်ရောက်အောင် လှည့်ပတ်မှုမပါ၊ အချိန်ဆွဲမှုမပါဘဲ ဥပဒေပြဋ္ဌာန်း စီစဉ်ပေးရပါမယ်။

ကျေးလက်က နေစရာမြေမရှိတဲ့ ပြည်သူတွေကို ပြည်သူတွေပိုင်တဲ့ မြေထဲက စနစ်ချနာမည်ဖောက်ပေးပြီး မြေလက်ရောက်ပေးဖို့ လိုအပ်ပါမယ်။ လူတိုင်းဟာ မိမိကိုယ်တိုင်နေထိုင်မယ့်မြေကို ကိုယ်တိုင်ဝယ်ယူ နေထိုင်ဖို့မစွမ်းရင် နိုင်ငံတော်ကပေးဖို့ တာဝန်ယူရပါမယ်။ မြို့ပြက အိမ်ခြေမဲ့တွေကိုလည်း တိုင်းပြည်က မြေစိုက်ပေးပြီးတန်ဖိုးနည်းအိမ်ခန်းတွေကို အစိုးရက စီမံကိန်းချဆောက်လုပ်ပေးရပါမယ်။ ကုမ္ပဏီဝန်ထမ်းတွေအတွက်လည်း ကုမ္ပဏီတွေက ဒီအတိုင်းစီစဉ်ဖို့ ဥပဒေပြုရပါမယ်။

လွတ်လပ်တဲ့ ဗဟိုချုပ်ကိုင်မှုကင်းတဲ့ LIBERAL DEMOCRATIC EDU-CATION ကို ဖော်ဆောင်ရပါမယ်။ ဂုဏ်သိက္ခာရှိတဲ့ပညာကို ဂုဏ်သိက္ခာရှိပြီး ကိုယ့်ကိုယ်ကိုယ်ယုံကြည်တဲ့ ကျောင်းသားတွေကို ကိုယ်တိုင်တွေးခေါ် ဆုံးဖြတ်ရဲစွာနဲ့ ဆရာပီပီ ဆရာစားမချန် ပညာရော စေတနာနဲ့မေတ္တာပါပြွမ်းတဲ့ ဆရာတွေက သင်ပေးတဲ့ လေးစားခံ့ညားဖွယ်ရှိတဲ့ ကျောင်းတွေမှာ သင်ယူနိုင်ရပါမယ်။ တက္ကသိုလ်ပညာကိုလည်း တစ်ကျောင်း၊ တစ်ဂါထာသင်တဲ့ကျောင်းတွေ အစား၊ ဂုဏ်သရေကြီးမြင့်တဲ့ ကမ္ဘာ့အဆင့်မီ တက္ကသိုလ်ကျောင်းကြီးတွေမှာ တက္ကသိုလ်ကျောင်းသားဘဝ သရုပ်ပီစွာနဲ့ တည်ကြည်စွာ ကမ္ဘာ့ပညာရေးနယ်ပယ်မှာ သီအိုရီ အရရော၊ သုတေသနနဲ့ လက်တွေ့မှာပါ ချိတ်ဆက်ဆက်ဆံနိုင်တဲ့ ပညာရေး ဖြစ်ဖို့လိုပါတယ်။ တက္ကသိုလ်ကျောင်းသားဆိုတာမှာ အဆောင်နေခွင့် တစ်ပါတည်းပါပြီးသား ဖြစ်ရပါမယ်။ ခိုးသားတွေရဲ့အလယ်မှာ ကြီးရတဲ့ ကျေးသူငယ်မျိုး မဖြစ်စေရပါဘူး။ ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂတွေကို လွတ်လပ်စွာ ဖွဲ့စည်းလှုပ်ရှားခွင့်ပေးရပါမယ်။ လှုပ်ရှားမှုတိုင်းလည်း ဂုဏ်သိက္ခာ ရှိကြရပါမယ်။

**လေးစားမြတ်နိုးအပ်ပါသော မဲဆန္ဒရှင်များခင်ဗျား -**

အခုတင်ပြတဲ့ မူဝါဒတွေကို ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ်တွေက ဆန္ဒရှင်တွေရဲ့ နေအိမ်တံခါးဝထိလာပြီး ရှင်းပြပါမယ်။ အောင်နိုင်ရေး ကြေညာချက်ကိုတော့ ကျွန်တော်တို့ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

၁။ အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ (UNC)သည် မြန်မာ့နိုင်ငံရေးကိစ္စများကို နိုင်ငံရေးဥပစာတွင် နိုင်ငံရေးနည်းဖြင့် ပါဝင်ဖြေရှင်းနိုင်ဖို့ တည်ထောင်ထားသော နိုင်ငံရေးပါတီဖြစ်ပါသည်။

၂။ UNC ပါတီသည် မြန်မာ့နိုင်ငံရေးကိစ္စများကို အားလုံးနှင့်အတူ ဝိုင်းကူဖြေရှင်းရင်း မိမိအစုအဖွဲ့၏ တာဝန်ထမ်းဆောင်မှုကို ပိုမိုပီပြင်ထင်ရှားစေရမည် ဖြစ်ပါသည်။

၃။ ယင်းသို့ ကြိုးပမ်းကြရာတွင် UNC သည် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်၍ နှစ်သက်ရာယဉ်ကျေးမှုကို တည်ဆောက်နိုင်ခွင့်၊ လူ့အခွင့်အရေးစံနှင့် လူ့ဂုဏ်သိက္ခာအပေါ် အလေးထားလေးစား ယုံကြည်၍ လူမျိုးဘာသာ၊ လိင်မခွဲခြားသော စစ်မှန်သည့် ဖက်ဒရယ် ဒီမိုကရက်တစ် ပြည်ထောင်စုနိုင်ငံပေါ်ထွန်းလာရေးကို ဦးလည်မသုန် ကြိုးပမ်းလျက်ရှိကြကုန်သော လူမျိုးစုများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် သစ္စာထား၍ အတူတကွ ပူးပေါင်းဆောင်ရွက်သည်။

၄။ ကျွန်ုပ်တို့၏ UNC ပါတီသည် ဒီမိုကရေစီ ယဉ်ကျေးမှုထွန်းကားရေး၊ အာဏာရှင်အုပ်စိုးမှုပပျောက်ရေး၊ လူမျိုးကြီးဝါဒလွှမ်းမိုးမှုမှ လွတ်မြောက်ရေး၊ လယ်သမား၊ အလုပ်သမား၊ ကျောင်းသား၊ ကုန်သည်၊ ဝန်ထမ်းနှင့် ရဟန်းရှင်လူ၊ ကိုးကွယ်ယုံကြည်သူအားလုံး၏ လွတ်လပ်ခွင့်အတွက် သမိုင်းတစ်လျှောက် တိုက်ပွဲဝင်ခဲ့ကြသူ၊ တိုက်ပွဲဝင်လျက်ရှိကြသူ၊ ဝိုင်းဝန်းကြိုးပမ်းကြသူ အားလုံးနှင့်အတူ တစည်းတလုံးတည်း ရှိသည်။

၅။ ကျွန်ုပ်တို့သည် ပြည်သူအားလုံးတို့အား အမုန်းစကားကိုမဆို၊ အချစ်စကားကိုသာဆို၍ ခွဲခြားခြင်းကို မလို၊ ပေါင်းစည်းခြင်းကိုသာလို၍၊ ချုပ်ချယ်ခြင်းကို မလို၊ လွတ်လပ်ခြင်းကိုသာလို၍ ဆန္ဒရှင် ပြည်သူအားလုံးတို့၏ မြတ်သော အလိုဟူသမျှ ပြည့်ဝစေ၊ မချစ်မနှစ်သက်သောအရာဟူသမျှ ဝေးကွာစေဟူသော စိတ်စေတနာဖြင့် ပြည်သူ့အကျိုးကို ဆောင်ပါမည်။

၆။ ကျွန်ုပ်တို့သည် ဤလုပ်ငန်းစဉ်များဖြင့် ကျွန်ုပ်တို့အပေါ် အထင်မှားသူများလည်း အမြင်မှန်စေ၊ ကျွန်ုပ်တို့အပေါ် နားလည်မှုလွဲမှားသူများလည်း နားလည်မှုရစေ၊ ဤသို့သော ကြည်လင်မှုဖြင့် နိုင်ငံ့အရေး ပူးပေါင်းလုပ်ဆောင်ရာတွင် ကျွန်ုပ်တို့သည် မိမိတို့ရယူလိုသော အခွင့်အရေးများနှင့် ထမ်းရွက်လိုသော တာဝန်များကို လွှတ်တော်ပြင်ပတွင်သာမက လွှတ်တော်အတွင်း၌ပါ ဆောင်ရွက်လိုပါသည်။ ဒါကြောင့် ကျွန်ုပ်တို့ UNC ပါတီကို ကြည်ဖြူသူ၊ ပြည်သူတို့၏ တစ်ခဲနက် ထောက်ခံမှုကို ယုံကြည်စွာအားကိုး တောင်းခံရင်း ဒီပါတီစုံ ရွေးကောက်ပွဲကြီးဆီသို့ရဲဝံ့စွာဝင်ရောက်လာပြီဖြစ်ပါကြောင်း မြတ်နိုးလေးစားစွာ အသိပေးအပ်ပါတယ် ခင်ဗျား - အားလုံးကို ကျေးဇူးတင်ပါတယ်။

**လူ့အခွင့်အရေးစံနှင့်အညီ လူ့တန်ဖိုးစံမီစေဖို့**
**UNC ကို ထောက်ခံကြပါစို့။**

## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့. . . .

- အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် နောက်ဆုံးအကြိမ်အဖြစ် ၁၄ ရက်ကြာ ထပ်မံ ကပ်ထားကြေညာမည်။
- မဲဆန္ဒရှင်များအနေဖြင့် လိုအပ်သော တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည်။

# ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကိုဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၁

**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ ပြန်ကြားရေးတာဝန်ခံ ဒေါ်ခင်နုက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ရှင်-**
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။
ကျွန်မကတော့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီမှ ပြန်ကြားရေးတာဝန်ခံ ဒေါ်ခင်နု ဖြစ်ပါတယ်။ ပါတီရဲ့ မူဝါဒ၊ သဘောထားလုပ်ငန်းစဉ်များကို ပြည်သူအပေါင်းအား တင်ပြခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ရှင်-**
ဦးစွာပထမ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီကို မိတ်ဆက်လိုပါတယ်။ ကျွန်မတို့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီကို ၂၀၁၃ ခုနှစ် မတ်လ (၁၃) ရက်နေ့တွင် မှတ်ပုံတင်အမှတ် (၆၃)ဖြင့် ဖွဲ့စည်းထူထောင်ခွင့်ရရှိပြီး၊ ပြည်ထောင်စုတစ်ဝှမ်းလုံးတွင် စည်းရုံးထားသည့် ပါတီတစ်ခု ဖြစ်ပါတယ်။ ပါတီရဲ့ဌာနချုပ်ကို အမှတ် (၂၄) ပထမထပ်၊ ၁၀၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ထားပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ရှင်-**
ကျွန်မတို့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီရဲ့ ရည်ရွယ်ချက်များကတော့-
၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝှမ်းတွင် လူ့အခွင့်အရေး မှန်ကန်မျှတစွာ ရရှိရေး၊ စစ်မှန်ပြည့်ဝသော ဒီမိုကရေစီဖော်ဆောင်ရေးနှင့် လူ့အခွင့်အရေး ဆုံးရှုံးခံနေရသူများအား ကာကွယ်မြှင့်တင်ပေးရေးတို့ကို ဆောင်ရွက်ရန်။
၂။ ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းရာတွင် တစ်တပ်တစ်အား ပါဝင်ရန်။
၃။ နိုင်ငံတော်ရှိ တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုတည်မြဲရေးအား အစဉ်သဖြင့် တည်တံ့ခိုင်မြဲရေးကို ရည်ရွယ်သည့်အပြင် တိုင်းရင်းသားညီနောင်အားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ရန်။
၄။ မြန်မာနိုင်ငံတွင် နိုင်ငံသားတစ်မျိုးတည်းသာရှိပြီး၊ တိုင်းရင်းသားပြည်သူအားလုံးတန်းတူရည်တူ အခွင့်အရေးရရှိရေးကို ရည်ရွယ်သော နိုင်ငံရေးယဉ်ကျေးမှု “Political Culture” တစ်ရပ်တည်ထောင်ရန်။
၅။ နိုင်ငံတော်ရှိ တိုင်းရင်းသားလူနည်းစုအသီးသီးနှင့် ပြည်သူအားလုံး၏ စည်းလုံးညီညွတ်ရေးနှင့် တန်းတူညီမျှရှိရေးအတွက် ရေရှည်အာမခံချက်ရှိသော နိုင်ငံရေးဖြေရှင်းချက်များ ပေါ်ထွက်လာအောင် ဆောင်ရွက်ရန်။
၆။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအမြင်အယူအဆချင်းတူညီသော နိုင်ငံရေးပါတီများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရန်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ရှင်-**
ကျွန်မတို့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ၏ ခံယူချက်များကို တင်ပြရလျှင်-
၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာ၌ နိုင်ငံသားတစ်ရပ်လုံး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် တန်းတူရည်တူ အခွင့်အရေးများ ရရှိစေရမည်ဟုခံယူသည်။
၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တရားဥပဒေစိုးမိုးသည့် စစ်မှန်သော ဒီမိုကရေစီကို ဖော်ဆောင်နိုင်မှသာ မကြာသောကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်လာမည်ဟု ခံယူသည်။
၃။ တိုင်းရင်းသားလူမျိုးစုအရေးကိစ္စများနှင့် လူ့အခွင့်အရေးကိစ္စများကို သက်ဆိုင်သူတို့အားလုံးနှင့် ပူးပေါင်း၍ ဆွေးနွေးညှိနှိုင်းဖြေရှင်းခြင်းဖြင့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးဖြစ်လာမည်ဟု ခံယူသည်။
၄။ မြန်မာပြည်သူပြည်သားများကို လူမျိုး၊ ဘာသာ၊ နေရာဒေသမရွေး၊ အသားအရောင် ခွဲခြားခြင်းမပြုဘဲ တူညီသောစံ၊ တူညီသော ဥပဒေများဖြင့်သာ အုပ်ချုပ်ရမည်ဟုခံယူသည်။ ဥပဒေကို ကျော်လွန်၍ အထက်အမိန့်အရဟု အုပ်ချုပ်သည့်စနစ်ကို ပြောင်းလဲနိုင်အောင် ကြိုးစားမည်။
၅။ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများ နေရပ်ပြန်လာခွင့်ရှိပြီး၊ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် တစ်တပ်တစ်အား ပါဝင်ခွင့်ရရှိစေရမည်ဟု ခံယူသည်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ရှင်-**
ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီက ချမှတ်သော လုပ်ငန်းစဉ်များအနက် အချို့ကို တင်ပြလိုပါတယ်။

**၁။ ပညာရေးကဏ္ဍ**
(က) အခြေခံပညာမူလတန်းနှင့် အလယ်တန်းပညာရေးကို တစ်နိုင်ငံလုံး မသင်မနေရ သတ်မှတ်ပြီး၊ အထက်တန်းပညာရေးကို အခမဲ့သင်ယူခွင့်ရရှိအောင်ကြိုးပမ်းမည်။
(ခ) အဆင့်မြင့်ပညာရေးကို စရိတ်စက သက်သာစွာဖြင့် သင်ယူနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်၊ အခြေခံပညာအထက်တန်းအောင်မြင်ပြီး တက္ကသိုလ်၊ ကောလိပ်ပညာရပ်များကို ဆက်လက်သင်ကြားနိုင်အောင် ကြိုးပမ်းမည်။
(ဂ) အသက်မွေးဝမ်းကျောင်းပညာရေးများ ဘက်စုံထွန်းကားလာရေးအတွက် လိုအပ်သောပညာရေးရန်ပုံငွေကို နိုင်ငံတော်ဘတ်ဂျက်မှ ပိုမိုရရှိနိုင်ရေးအတွက် ကြိုးပမ်းမည်။
(ဃ) ကမ္ဘာ့အသိအမှတ်ပြုပညာရေးဝန်ဆောင်မှုပေးနိုင်သော နိုင်ငံအဖြစ်ရောက်ရှိနိုင်ရေးအတွက် လိုအပ်သော အစီအမံများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်မည်။

**၂။ ကျန်းမာရေးကဏ္ဍ**
(က) စရိတ်စက သက်သာစွာဖြင့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ဆောင်မှုကို ပြည်သူအားလုံး ခံစားခွင့်ရရှိအောင် ကြိုးပမ်းဆောင်ရွက်မည်။
(ခ) ကူးစက်ရောဂါအားလုံးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ကူးစက်ခံနေရသူများအား ဆေးဝါးကုသပေးနိုင်အောင် ပြည်သူတစ်ရပ်လုံးဦးဆောင်မှုပေးနိုင်သော စွမ်းရည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်မည်။
(ဂ) ဆေးပညာရပ်များ၊ ဆေးဝါးကုသနည်းများ၊ ဆေးဝါးထုတ်လုပ်ရေးနည်းများနှင့် တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတကာအဆင့်မီလာစေရန် လိုအပ်သော အစီအမံများကို ချမှတ်ဆောင်ရွက်မည်။

**၃။ စီးပွားရေးကဏ္ဍ**
(က) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာပေါ်ပေါက်လာရေး၊ စက်ရုံအလုပ်ရုံများကို ဖိတ်ခေါ်၍ အလုပ်အကိုင်အခွင့်အလမ်းရရှိခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ လူမျိုးစုအလိုက်၊ ဒေသအလိုက် တန်းတူညီမျှသော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။
(ခ) ရေတိုရေရှည်အကျိုးရှိမည့် "Micro, Macro" စီးပွားရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်မပျက်စီးရန် အလေးထား၍ ဖော်ဆောင်တည်ဆောက်နိုင်အောင် ကြိုးပမ်းမည်။

**၄။ တောင်သူလယ်သမားကဏ္ဍ**
(က) တောင်သူလယ်သမားများသည် ဥပဒေနှင့်အညီ လယ်ယာမြေပိုင်ဆိုင်ခွင့် လွှဲပြောင်းပိုင်ခွင့်နှင့် ဆက်ခံပိုင်ခွင့်ရှိရမည်။
(ခ) မိရိုးဖလာ စိုက်ပျိုးရေးမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုလယ်ယာစနစ်သို့ ဆင့်ကဲဆင့်ကဲ အသွင်ကူးပြောင်းလာနိုင်အောင် ဆောင်ရွက်မည်။
(ဂ) မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ မြေမဲ့ယာမဲ့လယ်လုပ်သားများ တရားဝင်လုပ်ကိုင်ခွင့်ရရှိအောင် ကြိုးစားမည်။
(ဃ) အကြောင်းအမျိုးမျိုးကြောင့် သိမ်းပိုက်ခံခဲ့ရသော မြေများအား မူလပိုင်ရှင်များ ပြန်လည်ပိုင်ဆိုင်ခွင့်ရရှိအောင် ဆောင်ရွက်မည်။
(င) စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနှင့် အရည်အသွေးကောင်း လယ်ယာထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းများကို ပြည်တွင်းပြည်ပ ကုမ္ပဏီများနှင့် ပူးပေါင်း၍ တောင်သူလယ်သမားများအကျိုးဖြစ်ထွန်းစေရန် ဆောင်ရွက်မည်။
(စ) တောင်သူလယ်သမားများ၏ နစ်နာဆုံးရှုံးမှုများ၊ ရပိုင်ခွင့်များ၊ ပြဿနာအရေးကိစ္စများကို တောင်သူလယ်သမားအကျိုးအတွက် လွတ်လပ်စွာဆောင်ရွက်နိုင်ရန် တောင်သူလယ်သမားအဖွဲ့များ ဖွဲ့စည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

**၅။ အလုပ်သမားကဏ္ဍ**
(က) အလုပ်သမားတိုင်းသည် ထိုက်တန်သော လုပ်ခလစာရရှိရေးနှင့် အလုပ်လက်မဲ့ဖြစ်ခြင်းမှ ကာကွယ်ရေးအတွက် ဆောင်ရွက်မည်။
(ခ) လူမျိုး၊ ဘာသာ၊ နေရာဒေသ၊ ကျား/မ ခွဲခြားခြင်းမခံရဘဲ တူညီသောအလုပ်အတွက် တူညီသော အခကြေးငွေရရှိရေး ဆောင်ရွက်မည်။
(ဂ) အဓမ္မအလုပ်ခိုင်းစေခြင်းနှင့် လုပ်ငန်းခွင်တွင် နှိပ်စက်ခြင်းများကို တားဆီးနိုင်ရန် ကြိုးပမ်းမည်။
(ဃ) အလုပ်သမားတိုင်း မိမိအကျိုးခံစားခွင့်ကို ကာကွယ်နိုင်ရန် အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခွင့်ရရှိအောင် ကြိုးပမ်းမည်။

**၆။ ကျောင်းသားလူငယ်ကဏ္ဍ**
(က) လူငယ်များသည် တိုင်းပြည်၏ အဖိုးတန်ဆုံး အင်အားတစ်ရပ်ဖြစ်သည့်အားလျော်စွာ နိုင်ငံ၏အနာဂတ်ဖြစ်သော လူငယ်များ၏ စွမ်းရည်ဖော်ထုတ်ရေးကို ဦးစားပေးဆောင်ရွက်မည်။
(ခ) ကျောင်းသားများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုလျက် ကျောင်းသားသမဂ္ဂများကို ဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်ရရေးကို အားပေးမည်။

**၇။ တရားရေးကဏ္ဍ**
(က) တရားစီရင်ရေးမဏ္ဍိုင်ကို ဒီမိုကရေစီစံနှင့်ကိုက်ညီ၍ လွတ်လပ်စွာ ရပ်တည်စေရန် ကြိုးပမ်းမည်။
(ခ) တရားသူကြီးများသည် ဥပဒေပြဋ္ဌာန်းချက်များကိုသာ လိုက်နာကျင့်သုံး၍ လွတ်လပ်မှန်ကန်စွာ တရားစီရင်ခွင့် ရရှိစေရမည်။
(ဂ) အုပ်ချုပ်ရေးမဏ္ဍိုင်နှင့်သက်ဆိုင်သည့် မည်သည့်အဖွဲ့အစည်းကိုမျှ တရားရေးအာဏာ မအပ်နှင်းရ၊ ဝင်ရောက်စွက်ဖက်ခွင့် မပြုရအောင် ကြိုးပမ်းမည်။
(ဃ) တရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေးနှင့်တကွ စီရင်ချက်များကို အများပြည်သူတို့၏ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်။
(င) ပြစ်မှုများအတွက် စွပ်စွဲခံနေရသူများအား ဥပဒေနှင့်အညီ ခုခံချေပခွင့်အပြည့်အဝပေးရမည်။ အယူခံပိုင်ခွင့်ရှိရမည်။ မည်သည့်ပြစ်မှုဆိုင်ရာ ဥပဒေများ နောက်ကြောင်းပြန်၍ အာဏာ သက်ရောက်မှု မရှိစေရ။
(စ) ဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်း မရှိသေးသမျှ မည်သူ့ကိုမဆို အပြစ်ကင်းသည်ဟု မှတ်ယူရမည်။
(ဆ) လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေမည့် စစ်ဆေးမှု၊ အပြစ်ပေးမှု၊ ပြစ်ဒဏ်ခံစားစေမှုများ မပြုလုပ်ရ။
(ဇ) ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အပြစ်ပေးအရေးယူရာတွင် ပြစ်မှုကျူးလွန်သူနှင့် ပတ်သက်သော ဆွေမျိုးမိသားစု၊ လူမျိုးစု၊ ကိုးကွယ်သည့် ဘာသာ သာသနာအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သက်ရောက်မှု မရှိစေရ။

**၈။ အုပ်ချုပ်ရေးကဏ္ဍ**
(က) တရားဥပဒေ စိုးမိုးသော၊ ပွင့်လင်းမြင်သာသော၊ တာဝန်ခံမှုရှိသော၊ အကျင့်ပျက်မှုကင်းသော၊ လူမျိုး/ဘာသာဒေသစွဲကင်းသော၊ ဒီမိုကရေစီကျသော၊ တရားမျှတမှုရှိသော အုပ်ချုပ်ရေးယန္တရားဖြစ်ပေါ်စေရန် ကြိုးပမ်းတည်ဆောက်မည်။
(ခ) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးစံနှုန်းစံထားနှင့် မကိုက်ညီသော ဥပဒေရေးရာ ရှုပ်ထွေးမှုဖြစ်စေသော အုပ်ချုပ်ရေးယန္တရား မဖြစ်ပေါ်စေရန် ကြိုးပမ်းတည်ဆောက်မည်။

**၉။ နိုင်ငံခြားရေးကဏ္ဍ**
(က) နိုင်ငံတကာနှင့် ဆက်ဆံရာတွင် တက်ကြွပြီး လွတ်လပ်၍ ဘက်မလိုက်သော နိုင်ငံခြားရေး မူဝါဒကို ကျင့်သုံးမည်။
(ခ) နိုင်ငံတကာနှင့် ဆက်ဆံရာတွင် လူထုအခြေပြုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အထူးအလေးပေးဆောင်ရွက်မည်။

**၁၀။ တိုင်းရင်းသားလူမျိုးများကဏ္ဍ**
(က) တိုင်းရင်းသားလူမျိုးများအားလုံး၏ တန်းတူရည်တူ အခွင့်အရေးများကို အသိအမှတ်ပြုခြင်း၊ ချစ်ကြည်ရင်းနှီးခြင်း၊ တစ်ဦး၏အယူအဆ ယဉ်ကျေးမှုထုံးဓလေ့များကို တစ်ဦးက လေးစားခြင်း၊ အခြေခံလူ့အခွင့်အရေး လေးစားလိုက်နာခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိအောင် ကြိုးပမ်းအားထုတ်မည်။
(ခ) တိုင်းရင်းသားလူမျိုးများအားလုံး၏ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအားထုတ်မည်။
(ဂ) တိုင်းရင်းသားလူမျိုးအချင်းချင်း အမြင်ချင်းဖလှယ်ခြင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းခြင်းဖြင့် တိုင်းရင်းသားများအတွင်း ယုံကြည်ချစ်ကြည်မှုရအောင် ကြိုးပမ်းအားထုတ်မည်။
(ဃ) တိုင်းရင်းသားနယ်မြေအသီးသီးတွင် စီးပွားရေးအခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ လွတ်လပ်စွာဆောင်ရွက်ခြင်း၊ ဆင်းရဲမှုပပျောက်ရေး၊ တိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ်များ မြှင့်တင်ခြင်းဖြင့် အကျိုးပြုနိုင်ရန် ကြိုးပမ်းမည်။
(င) တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခြေခံအခွင့်အရေးများ ပြည့်ဝစွာခံစားခွင့်ရရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရေးတို့အတွက် ပူးပေါင်းကြိုးပမ်းမည်။
(စ) တိုင်းရင်းသားလူမျိုးများ၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် လေးနက်သော နိုင်ငံရေးဖြေရှင်းချက်တစ်ရပ်ရရှိလာအောင် ကြိုးပမ်းမည်။
(ဆ) တိုင်းရင်းသားလူမျိုးများ၏ တိမ်ကောနေသော သမိုင်းနှင့်ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည်။
(ဇ) မည်သည့်တိုင်းရင်းသားလူမျိုးကိုမဆို ကွဲပြားခြားနားသော ဘာသာရေး၊ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများကို အခြေခံ၍ အခြေခံအခွင့်အရေးများ ပိတ်ပင်ခြင်းမပြုနိုင်အောင် အားထုတ်မည်။

**၁၁။ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ**
(က) တပ်မတော်သည် နိုင်ငံတော်တွင် မရှိမဖြစ်လိုအပ်သော အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ စွမ်းရည်ထက်မြက်သော၊ နည်းပညာပိုင်းဆိုင်ရာ တိုးတက်သော၊ စွမ်းရည်မြင့်မားသော တပ်မတော်ကြီးဖြစ်ရန် အားပေးကူညီမည်။
(ခ) ပြည်သူချစ်သော၊ ပြည်သူ၏ယုံကြည်ကိုးစားမှုကို ခံထိုက်သော တပ်မတော်ကြီးဖြစ်ရန် အားပေးကူညီမည်။
(ဂ) ရဲတပ်ဖွဲ့သည် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ မိမိ၏တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်သူအများအားထားရသော ရဲတပ်ဖွဲ့ဖြစ်လာစေရန် အားပေးကူညီမည်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ရှင်-**
ကျွန်မတို့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ၏ “Logo” အမှတ်တံဆိပ်က ရှေ့တွင်ဖော်ပြထားသည့်အတိုင်း ချိန်ခွင်အမှတ်တံဆိပ်ဖြစ်ပြီး၊ နိုင်ငံသားအားလုံး တန်းတူညီမျှရေးကို ဖော်ဆောင်သော သင်္ကေတဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်တင်ပြအပ်ပါတယ်ရှင်။
မြန်မာပြည်သူပြည်သားများ ကပ်ရောဂါအပေါင်းမှကင်းဝေးပြီး ကျန်းမာရွှင်လန်းပါစေကြောင်း မေတ္တာပို့သအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ထန်းတပင်နှင့် ကျောက်ကြီးမြို့နယ်တို့တွင် ကိုဗစ်- ၁၉ ကာကွယ်ထိန်းချုပ်နိုင်ရေး ပစ္စည်းများပေးအပ်

**ပဲခူး စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် စက်တင်ဘာ ၂၀ ရက်က ထန်းတပင်နှင့် ကျောက်ကြီးမြို့နယ်တို့တွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အကာအကွယ်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထန်းတပင်မြို့နယ် မဲဘလန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော်အား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေတို့ကို ဆက်ကပ်လှူဒါန်းကာ မဲဘလန်ကျေးရွာ၊ မိချောင်းခေါင်းကျေးရွာနှင့် ညောင်ပင်သာကျေးရွာများတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်သည်။

ထို့နောက် ဒေသခံ ပြည်သူများအား လတ်တလော ဖြစ်ပွားနေသည့် ကိုဗစ်- ၁၉ ရောဂါ ဒုတိယအကျော့ ဖြစ်ပွားနေခြင်းမှ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ ဒေသအုပ်ချုပ်ရေး အဖွဲ့များက ထုတ်ပြန်ထားသည့် ဒေသန္တရ အမိန့်ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရေး အသိပညာ ပေးပြောကြားပြီး ကိုဗစ်- ၁၉ အကာအကွယ် ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကျောက်ကြီးမြို့နယ် ညောင်ပင်ကျေးရွာ၌ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ကြီးမြို့နယ် ညောင်ပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော်အား သွားရောက်ဖူးမြော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းခြင်း၊ ဒေသခံပြည်သူများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးဖြည့်ဆည်းပေးခြင်း၊ အားကစားပစ္စည်းများ ထောက်ပံ့ပေးခြင်းနှင့် ကိုဗစ် - ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အကာအကွယ်ပစ္စည်းများ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**




# လောင်းလုံးတွင် ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် နှာခေါင်းစည်းများ ပေးအပ်

**လောင်းလုံး စက်တင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်တွင် ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် နှာခေါင်းစည်းများကို ယမန်နေ့က ပန်းတင်အင်းကျေးရွာအုပ်စု စခန်းသစ်ကျေးရွာ၌ ပေးအပ်သည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ထွေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွေးနွေးစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံထူးနှင့် မြို့နယ်မှ တာဝန်ရှိသူများက လောင်းလုံးမြို့နယ် ပန်းတင်အင်းကျေးရွာ အုပ်စု၊ စခန်းသစ်ကျေးရွာ၌ ရေဘေးသင့်အိမ်ထောင်စု ၇၆ စု၊ လူဦးရေ ၂၂၆ ဦးအတွက် ခုနစ်ရက်စာ ဆန်ဖိုး ထောက်ပံ့ငွေကျပ် ၄၇၄၆၀၀ နှင့် နှာခေါင်းစည်းများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**သိန်းသိန်း(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၉ - ၂၀၂၀

**ရွှေ**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၁၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၁၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၁၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၁၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၂၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၃၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ | ကျပ် | ၅၃၅/၅၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/၆၂၀ | ကျပ် | ၆၆၀/၆၇၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၁၈ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၅၅ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၀ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၉၄ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၆၅ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၀ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၄ . ၅၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၉၃၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၄၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၀ . ၁၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၂၀၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၇၉၀ | ၇၈၂၁၀၀၀ |
| MTSH | ၃၆၅၀ | ၃၆၅၀ | ၄၆၅၆ | ၁၆၈၇၅၂၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၂၀၀၀ | ၅၆ | ၁၂၀၅၀၀၀ |
| TMH | ၂၇၅၀ | ၂၇၀၀ | ၄၄၀ | ၁၂၀၈၀၀၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၁၅၀ | ၄၆၅၀၀၀ |

ခင်ရတနာ - စုစည်းသည်

### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot - line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# သံဖြူဇရပ်နှင့် ဝါခရုမြို့ဟောင်း

## မောင်သာ(ရှေးဟောင်းသုတေသန)

**မြန်မာနိုင်ငံသမိုင်းစဉ်တစ်လျှောက်၌ မြို့ပြများကို ခေတ်အဆက်ဆက် တည်ထောင်ခဲ့ကြရာ ယင်းတို့အများစုသည် ယနေ့တိုင် တည်ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် မြို့ဟောင်းများ ထူထောင်ခဲ့သည့် ခေတ်ကာလအလိုက် မြို့ပြတည်ထောင်မှု ဗိသုကာလက်ရာများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများဖြစ်သည့် စေတီပုထိုးများနှင့် မြေပေါ်မြေအောက် ကြွင်းကျန်နေသည့် အထောက်အထားများကို ပညာရှင်များနှင့် သုတေသီများက လေ့လာသုတေသနပြုနိုင်ခဲ့ကြသည်။**

### ရှေးဟောင်းမြို့ပြများ

မြန်မာနိုင်ငံ၏ ရက်စဉ်သမိုင်းအရ မြန်မာ့ကျောက်ခေတ်ကာလမှ အမျိုးသမီးတစ်ဦး၏ သက်တမ်းနှစ် ၅၀၀၀ မှ ၉၀၀၀ အကြားရှိသည့် ဦးခေါင်းခွံကို မိုးကုတ်မြို့နယ်အတွင်းရှိ ဂူတစ်ခု၏ဝင်ပေါက်မှ ရရှိခဲ့သည်။ ကျောက်ခေတ်ဟောင်း နှောင်းပိုင်းနှင့် ကျောက်ခေတ်သစ်ဦးပိုင်းယဉ်ကျေးမှုသည် ယခု ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်ရှိ ပြဒါးလင်းဂူ၌ ထွန်းကားခဲ့ပြီးနောက် ကျောက်ခေတ်လူသားများသည် ပြဒါးလင်းဂူ၌ နေထိုင်ခဲ့ကြသည်။

ကျောက်ခေတ် ကုန်ဆုံးခဲ့ပြီးနောက် ကြေးခေတ်နှင့် သံခေတ်ထွန်းကားခဲ့ရာ ခရစ်တော်မပေါ်မီ နှစ် ၁၅၀၀ မှ ၆၀၀ အတွင်း၌ မြန်မာနိုင်ငံတွင် ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့ကြောင်း ပညာရှင်များက ခန့်မှန်းခဲ့ကာ ခရစ်တော်မပေါ်မီ နှစ် ၇၀၀ တွင် တောင်သမန်ဒေသ၌ သံခေတ်ဦးကာလ လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။ ခရစ်တော်မပေါ်မီ နှစ် ၆၀၀ တွင် တကောင်းဒေသ၌ မြို့ရွာတည်ထောင်မှု စတင်ခဲ့ပြီးဖြစ်ပေသည်။

လူဦးရေတိုးပွားခဲ့ပြီးနောက် မြို့ရွာများကို တည်ထောင်ခဲ့ကြသဖြင့် တကောင်း၊ မိုင်းမော၊ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းစသည်ဖြင့် ထင်ရှားသော မြို့ပြများ ပေါ်ထွန်းခဲ့ကြသည်။ မြန်မာနိုင်ငံအတွင်း၌ မြို့ပြများကို ခေတ်အဆက်ဆက် ထူထောင်ခဲ့ကြရာ မထင်ရှားသော မြို့ပြများလည်း ပါဝင်ခဲ့သည်။ ထို့ကြောင့် သစ်တောမင်းကြီး ဦးအောင်မြင့်က ကောင်းကင်ဓာတ်ပုံများမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်း၌ မြို့ဟောင်းအချို့ကို ဖော်ထုတ်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း နေထိုင်ခဲ့ကြသူများသည် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းနှင့် သံလွင်မြစ်ဝှမ်း လွင်ပြင်များအပါအဝင် နေရာဒေသအသီးသီး၌ မြို့ပြများကို တည်ထောင်ခဲ့ကြရာ ယခုအချိန်တွင် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းမြို့ဟောင်းတို့သည် ကမ္ဘာ့အမွေအနှစ်များ ဖြစ်လာခဲ့ကြသကဲ့သို့ မြောက်ဦးမြို့ဟောင်းကိုလည်း ကမ္ဘာ့အမွေအနှစ် ဖြစ်လာစေရန် ယူနက်စကိုအဖွဲ့သို့ အမည်စာရင်းတင်သွင်းခဲ့ပြီးဖြစ်သည်။

ကျောက်ခေတ်မှအစပြု၍ လူနေမှုအထောက်အထားများစွာ ကျန်ရှိနေသည့် မြန်မာနိုင်ငံ၏ ရှည်လျားသော သမိုင်းစဉ်ကို ဖော်ထုတ်ရန် ပညာရှင်များနှင့် သုတေသီများက အစဉ်အဆက် ကြိုးပမ်းခဲ့ကြသည်။ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာန တာဝန်ခံ ဒေါက်တာ အီးဖိုချားမား (Dr.E Forchammaer) သည် သရေခေတ္တရာမြို့ဟောင်းကို ပထမဆုံး ကွင်းဆင်းသုတေသန ပြုလုပ်ခဲ့၍ ၁၉၀၇ ခုနှစ်တွင် ပြင်သစ်ဗိုလ်ချုပ်လီယွန် ဒီဗဲလီယေ (Leon de Beylie) နှင့် ကျောက်စာဝန် မစ္စတာတော်စိန်ခိုတို့က သရေခေတ္တရာကို ပထမဆုံး တူးဖော်ခဲ့ကြသည်။ နောက်ပိုင်းတွင် ကျောက်စာဝန်များဖြစ်ခဲ့ကြသည့် မစ္စတာတော်စိန်ခို၊ ဦးလူဖေဝင်း၊ မွန်ဆီယာ ဒူရွိုင်ဆယ် တို့သည် ဒုတိယကမ္ဘာစစ် မဖြစ်မီအချိန်အထိ သရေခေတ္တရာကို အခါအားလျော်စွာ တူးဖော်ခဲ့ကြသည်။ ထို့အတူ ရှေးဟောင်းသုတေသနဦးစီးဌာနသည် အခြားသော မြို့ဟောင်းများကိုလည်း တူးဖော်သုတေသနပြုခဲ့ပေသည်။

နိုင်ငံတစ်ခု၏ သမိုင်းကြောင်းကို ဖော်ထုတ်ရာတွင် မြို့ဟောင်းများကို တူးဖော်လေ့လာရေးသည် အလွန်အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်သဖြင့် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာနသည် မြန်မာ့ရှေးဟောင်းမြို့တော်များ သုတေသနစာတမ်းဖတ်ပွဲကို ၂၀၀၆ ခုနှစ်က ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပခဲ့သည်။

ပညာရှင်များနှင့် သုတေသီများသည် မြို့ဟောင်းကို ရှာဖွေဖော်ထုတ်၍ မျက်မှောက်ခေတ်တိုင်အောင် သုတေသနပြုနေကြဆဲ ဖြစ်သည်။ ဂဝံယဉ်ကျေးမှု ထွန်းကားခဲ့သည့် မွန်ပြည်နယ်တွင် သထုံ၊ ကျိုက္ကသာ၊ တိုက်ကုလားစသည့် ရှေးဟောင်းမြို့ပြများ ထွန်းကားခဲ့သည့်အနက် သံဖြူဇရပ်မြို့နယ်ရှိ ဝါခရုမြို့ဟောင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။



ဝါခရုကျေးရွာရှိ ရှေးဟောင်း တိုင်တစ်ရာ သစ်သားကျောင်းကြီး

**“သံဖြူဇရပ်မြို့၏ အနောက်မြောက်ဘက်၌ တည်ရှိသည့် ဝါခရုမြို့ဟောင်း၏ ဝင်ပေါက်နေရာတွင် ၁၉၉၃ ခုနှစ်က စိုက်ထူခဲ့သည့် အုတ်မုခ်ဦးတိုင်ကို တွေ့ရှိကြရသည်။ မုခ်ဦးတွင် ဝါခရုမြို့ဟောင်းဟု မြန်မာ၊ မွန်နှစ်ဘာသာရေးထိုးထားသည်။ မြို့ဟောင်းဝင်ပေါက် ဘေးတစ်ဖက်တစ်ချက်၌ ၁၅ ပေမှ ပေ ၂၀ အတွင်းမြင့်သော ဝါခရုမြို့ရိုးဟောင်းကို မပျက်မစီး၊ ပကတိနီးပါးအတိုင်း မြင်တွေ့ကြရ”**

### သံဖြူဇရပ်မြို့

သံဖြူဇရပ်မြို့သည် ရန်ကုန်- ထားဝယ်မီးရထားလမ်း၊ ရန်ကုန် -ကော့သောင်း မော်တော်ကားလမ်းနှင့် မော်လမြိုင်-ကျိုက္ခမီ မော်တော်ကားလမ်းတို့ဆုံသည့် နေရာတွင်တည်ရှိပြီး မော်လမြိုင်မြို့မှ တောင်ဘက်သို့ မိုင် ၄၀ နှင့် ရေးမြို့မှ မြောက်ဘက်သို့ ၅၇ မိုင် ကွာဝေးသည်။

လက်ရှိ သံဖြူဇရပ်မြို့နေရာတွင် ခရစ်နှစ် ၁၈၇၄ ခုနှစ်က ကျေးရွာတစ်ရွာ တည်ထောင်ခဲ့ပြီး ယင်းရွာ၌ ရှိခဲ့သည့် သံဖြူဖြင့် ပြုလုပ်ထားသော ဇရပ်ကို အစွဲပြုလျက် သံဖြူဇရပ်ဟု ခေါ်တွင်ခဲ့သည်။ မွန်တိုင်းရင်းသားများက ယင်းဇရပ်ကို ဖြပ်ဗုဟု ခေါ်ဆိုကြပြီး ဇရပ်ဖြူဟု အဓိပ္ပာယ်ရှိသည်။

သံဖြူဇရပ်မြို့နယ်သည် ၃၁၇ ဒသမ ၆၈ စတုရန်းမိုင် ကျယ်ဝန်း၍ ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှ ပေ ၁၀၀ မြင့်ကာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်တွင် တည်ရှိသည်။ လက်ရှိအချိန်တွင် သံဖြူဇရပ်မြို့နယ်သည် မွန်ပြည်နယ် မော်လမြိုင်ခရိုင်၌ မော်လမြိုင်၊ ချောင်းဆုံ၊ ကျိုက်မရော၊ မုဒုံ၊ ရေးမြို့နယ်တို့နှင့်အတူ ပါဝင်ကာ အရှေ့ဘက်တွင် ကြာအင်းဆိပ်ကြီးမြို့နယ်၊ အနောက်ဘက်တွင် မုတ္တမပင်လယ်ကွေ့၊ တောင်ဘက်တွင် ရေးမြို့နယ်နှင့် မြောက်ဘက်တွင် မုဒုံမြို့နယ်နှင့် ထိစပ်နေသည်။

သံဖြူဇရပ်မြို့နယ်ကို မြို့နှစ်မြို့ (သံဖြူဇရပ်နှင့် ကျိုက္ခမီ)၊ ရပ်ကွက် ၁၆ ခု၊ ကျေးရွာအုပ်စု ၂၅ အုပ်စု၊ ကျေးရွာ ၆၈ ရွာဖြင့် ဖွဲ့စည်းထားသည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်အထိ သံဖြူဇရပ်မြို့နယ်၏ လူဦးရေသည် ၁၆၂၁၆၁ ဦးဖြစ်၍ မွန်နှင့် ဗမာလူမျိုးများ အများဆုံးနေထိုင်ကြသည်။

သံဖြူဇရပ်မြို့သည် ဂျပန်ခေတ်က ဖောက်လုပ်ခဲ့သည့် သေမင်းတမန်ရထားလမ်းကြောင့် ထင်ရှားသည့် မြို့တစ်ခုဖြစ်သကဲ့သို့ လှပသော စက်စဲကမ်းခြေ၊ ကျိုက္ခမီရေလယ်ဘုရားနှင့် မဟာမိတ်စစ်သင်္ချိုင်းတို့သည် သံဖြူဇရပ်မြို့နယ်၏ ထင်ရှားသောအမှတ်လက္ခဏာများ ဖြစ်ကြပေသည်။

သံဖြူဇရပ်သည် ယခင်က ကျိုက္ခမီမြို့နယ်လက်အောက်ခံ ရွာကြီးတစ်ရွာဖြစ်သော်လည်း ၁၉၆၃ ခုနှစ်တွင် နယ်ပိုင်ရုံးစိုက်သည့် မြို့ဖြစ်လာခဲ့ကာ ၁၉၆၄ ခုနှစ် ဇွန်လ ၁၀ ရက်တွင် ကျိုက္ခမီမြို့နယ်ကို သံဖြူဇရပ်မြို့နယ်ဟု ပြောင်းလဲသတ်မှတ်ခဲ့သည်။

ကျိုက္ခမီသည် သံဖြူဇရပ်မြို့မှ အနောက်မြောက်ဘက် ၁၅ မိုင်အကွာတွင် တည်ရှိပြီး မွန်တိုင်းရင်းသားများ အခြေချနေထိုင်ခဲ့သည့် ပင်လယ်ကမ်းခြေ တံငါရွာဖြစ်ခဲ့သည်။ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၂၄-၁၈၂၆) အပြီးတွင် ဗြိတိသျှတို့က ကျိုက္ခမီမြို့ကို တည်ထောင်၍ Amherst ဟု အမည်ပြောင်းခဲ့ပြီး စစ်ဌာနချုပ်တစ်ခု အခြေစိုက်ခဲ့သည်။

လက်ရှိ သံဖြူဇရပ်မြို့လယ်ရှိ နာရီစင်နှင့် ကပ်လျက် မြေကွက်ငယ်တွင် ရှစ်မြှောင့်ပုံ ပန္နက်ပေါ်၌ တည်ဆောက်ထားသည့် အဖြူရောင်သွပ် နှစ်ဆင့်မိုးထားသော ဇရပ်တစ်ဆောင်ကို မြင်တွေ့ကြရသည်။ ယင်းနေရာသည် ယခင်က မော်လမြိုင်-ထားဝယ် ကြေးနန်းလမ်းဘေးဖြစ်ကာ သံဖြူဇရပ်မြို့နေရာ၌ လူနေအိမ်ခြေများ တည်ထောင်ခဲ့စဉ် သွပ်အဖြူရောင်မိုးထားသော ယင်းဇရပ်ကို အမှတ်အသားပြု၍ သံဖြူဇရပ်ဟု ခေါ်တွင်ခဲ့သည်။ သံဖြူဇရပ်ဟု အမည်တွင်ခဲ့သည့် မူလဇရပ် တည်ရှိခဲ့သည့်နေရာကို ယူဆချက်နှစ်မျိုးရှိခဲ့ရာ အချို့က ဝါခရုမြို့ဟောင်းသို့ သွားသည့်လမ်းတွင် ရှိခဲ့သည့် ဇရပ်ဟု ယူဆခဲ့ကြသည်။ ယင်းနေရာသည် ဝါခရုရွာ အဝင်လမ်းထိပ်ဖြစ်ပြီး ယခုအခါ၌ အုတ်ဇရပ် တစ်ခုကို မြင်တွေ့ကြရသည်။

### ဝါခရု မြို့ဟောင်း

သုတေသီများနှင့် ရှေးဟောင်းသုတေသန ဝါသနာရှင်များသည် ဝါခရုမြို့ဟောင်းကို သံဖြူဇရပ်မြို့နှင့် ဆက်စပ်ကာ သိရှိကြသည်။ ဝါခရုကို ဝါဂရူနှင့် ဝါခရူ ဟု ရေးသားမှုများ ကွဲပြားသော်လည်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက စောင့်ရှောက်ထိန်းသိမ်းပြုပြင်သော ရှေးဟောင်း အဆောက်အအုံများ စာရင်းတွင် ဝါခရုမြို့ဟောင်းဟု ဖော်ပြသည်။

ဝါခရုမြို့ဟောင်း၏ တည်နေရာ မြေပုံအညွှန်းသည် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၉ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၉ မိနစ်ဖြစ်သည်။

သံဖြူဇရပ်မြို့၏ အနောက်မြောက်ဘက်၌ တည်ရှိသည့် ဝါခရုမြို့ဟောင်း၏ ဝင်ပေါက်နေရာတွင် ၁၉၉၃ ခုနှစ်က စိုက်ထူခဲ့သည့် အုတ်မုခ်ဦးတိုင်ကို တွေ့ရှိကြရသည်။ မုခ်ဦးတွင် ဝါခရုမြို့ဟောင်းဟု မြန်မာ၊ မွန်နှစ်ဘာသာရေးထိုးထားသည်။ မြို့ဟောင်းဝင်ပေါက် ဘေးတစ်ဖက်တစ်ချက်၌ ၁၅ ပေမှ ပေ ၂၀ အတွင်းမြင့်သော ဝါခရုမြို့ရိုးဟောင်းကို မပျက်မစီး၊ ပကတိနီးပါး အတိုင်း မြင်တွေ့ကြရသည်။

ဝါခရုသည် မုတ္တမ ၃၂ မြို့စာရင်းဝင်မြို့ဟောင်းတစ်ခုဖြစ်ပြီး သံဖြူဇရပ်မြို့နှင့် ကျိုက္ခမီမြို့အကြားတွင် တည်ရှိကာ ကျိုက္ခမီမြို့မှ အရှေ့တောင်ဘက်သို့ ၁၀ မိုင် ကွာဝေး၍ မုဒုံမြို့မှ တောင်ဘက်သို့ ၁၈ မိုင် ကွာဝေးသည်။

ဝါခရု မြို့ရာသည် အကြမ်းအားဖြင့် မှန်ကူကွက် (ဆန္ဒင်းမကင်း) ပုံစံရှိသော်လည်း မြို့ဟောင်း၏ ထောင့်ချိုးများသည် မှန်ကူကွက်ထောင့်ချိုးများကဲ့သို့ ချွန်ထက်နေခြင်း မရှိဘဲ ကွေးဝိုင်းနေကြသည်။ ထို့ကြောင့် ဝါခရု မြို့ဟောင်းရာသည် မှန်ကူကွက်ပုံထက် ကြစုသီး (ဖန်ခါးသီး) ပုံနှင့် ပိုမိုတူနေသည်ကာ ထိပ်နှစ်ဖက်သည် ချွန်ထက်မနေဘဲ ကြစုသီးကဲ့သို့ အနည်းငယ်ဝိုင်းနေသည်။ ထို့အတူ ဘေးနှစ်ဖက်ကလည်း ဖောင်း၍ လုံးဝိုင်းနေသည်။

မြို့ဟောင်းအကျယ်အဝန်းသည် ၆၅ ဧကရှိ၍ မြို့ရိုးပတ်လည်အလျားသည် ၂ ကီလိုမီတာ(၁ ဒသမ ၂၄ မိုင်) ကျော် ရှည်လျားသည်။

မြို့ဟောင်း၏ အရှေ့ဘက်တွင် စီးဆင်းနေသည့် ဝါခရုချောင်းသို့ ပုဇွန်စိမ်းချောင်းငယ်က လာရောက်ပေါင်းဆုံလျက်ရှိကာ ချောင်းနှစ်ခု ပေါင်းဆုံနေသည့် နေရာတွင် ဝါခရုချောင်း၏ ဝဲဘက်ကမ်း၌ ဝါခရုမြို့ဟောင်းကို တည်ထားခဲ့သည်။ ဝါခရုချောင်းသည် မြို့ဟောင်း၏ အရှေ့မြောက် အစွန်နေရာဖြစ်သည်။

ဝါခရုချောင်းအနီးမှ ကုန်းမြေသည် မြို့ဟောင်း၏ အနိမ့်ဆုံးနေရာဖြစ်ပြီး မြို့ဟောင်း၏ မြေပြင်သည် အနောက်တောင်ဘက်မှ အရှေ့မြောက်ဘက်ရှိ ဝါခရုချောင်းဘက်သို့ ဆင်ခြေလျှောနိမ့်ဆင်းနေသည်။ မြို့ဟောင်း၏ အမြင့်ဆုံးနေရာဖြစ်သည့် အနောက်တောင်ဘက်ရှိ ကုန်းတန်းကို ဝါခရု မြို့ရိုးတစ်ခုအဖြစ် အသုံးပြုခဲ့သည်။ ယင်းနေရာမှကြည့်လျှင် ဝါခရုမြို့ဟောင်းရာ တစ်ခုလုံးကို ကောင်းစွာမြင်တွေ့ရသည်။

ဝါခရုချောင်းမှ ယင်းကုန်းတန်းနေရာအထိ အကွာအဝေးသည် မြို့ဟောင်းရာ၏ အရှေ့မြောက်ဘက်မှ အနောက်တောင်ဘက်သို့ အလျားဖြစ်၍ ၈၅၀ မီတာဝန်းကျင်ရှည်လျားသည်။ မြို့ဟောင်းရာ၏ အနောက်မြောက်ဘက်မှ အရှေ့တောင်ဘက်သို့ အကွာအဝေးသည် အနံဖြစ်၍ ၄၅၀ မီတာဝန်းကျင် ရှည်လျားသည်။

မြို့ဟောင်းအတွင်း အနောက်မြောက်ထောင့်ရှိ ကုန်းမြင့်နေရာတွင် မြို့ဟောင်းနှင့်အတူ တည်ထားခဲ့ကြောင်း ယူဆနိုင်ဖွယ်ရှိသည့် စေတီတစ်ဆူရှိသည်။ စေတီတော်ကို အလုံးစုံပြုပြင်ထားသဖြင့် မည်သည့်ခေတ်ကတည်ခဲ့ကြောင်း ခန့်မှန်းရန် မလွယ်ကူတော့ချေ။ သို့သော် စေတီ၏ အောက်ခံခုံလုံးမှ အင်္ဂတေများ ကွာကျနေသည့် နေရာများတွင် ဂဝံအုတ်များကို မြင်တွေ့ရသဖြင့် မူလစေတီတော်သည် ဂဝံစေတီဖြစ်ဖွယ်ရှိကြောင်း ယူဆရဖွယ်ရှိသည်။ မြို့ဟောင်းအတွင်း သမိုင်းဝင်ဘုရားနှစ်ဆူရှိခဲ့သည့်အနက် ကျန်တစ်ဆူကို မြို့ဟောင်းမြောက်ဘက် မြေပြန့်နေရာတွင် ဂဝံကျောက်များဖြင့် တည်ထားခဲ့သည်ဟု ဆိုသည်။ ကောင်းကင်ဓာတ်ပုံများဖြင့် ဝါခရုမြို့ဟောင်းကို သုတေသနပြုခဲ့သူ ဦးအောင်မြင့်က ဝါခရုမြို့ဟောင်းအတွင်း၌ ကျိုက်နပိုနှင့် ကျိုက်နန်းဟူသည့် ဂဝံစေတီနှစ်ဆူသည် တစ်ဆူက တောင်ပေါ်တွင်ရှိ၍ ကျန်တစ်ဆူက မြို့ဟောင်း၏မြောက်ဘက် မြေပြန့်နေရာတွင် တည်ရှိခဲ့ကြောင်း ရေးသားခဲ့သည်။

ဝါခရုမြို့ဟောင်းအတွင်း ဂဝံယဉ်ကျေးမှု အထောက်အထားတစ်ရပ်ဖြစ်သည့် ဂဝံထီးတော်ဟောင်းတစ်ခုကို ထိန်းသိမ်းထားခဲ့သည်ဟု ဆိုသော်လည်း ယခုအခါ၌ မမြင်တွေ့ရတော့ချေ။

ဝါခရုသည် ပင်လယ်ကမ်းခြေနှင့် ငါးမိုင်မျှသာ ကွာဝေးပြီး မြို့ပြတိုးချဲ့မှု ကျယ်ဝန်းလာချိန်တွင် ကျေးရွာအိမ်ခြေများနှင့် နီးကပ်လာခဲ့သည်။ ဝါခရုမြို့ဟောင်းအတွင်း ရှေးဟောင်းသုတေသနဦးစီးဌာနက ၂၀၀၁ ခုနှစ်တွင် တူးဖော်မှုများ ဆောင်ရွက်ခဲ့သည့် ကုန်းနေရာကို မြင်တွေ့ကြရသည်။

*စာမျက်နှာ ၂၁ သို့*

## ကြို့ပင်ကောက်မြို့တွင် ကိုဗစ်- ၁၉ ဓာတ်ခွဲအတည်ပြုလူနာများထားရှိရန် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံတွင် ပြင်ဆင်လျက်ရှိ

**ကြို့ပင်ကောက် စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့တွင် ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာများထားရှိရန်အတွက် ရန်ကုန်-ပြည်ကားလမ်းဘေးရှိ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံတွင် ယမန်နေ့မှစတင်ပြီးပြင်ဆင်လျက်ရှိသည်။

ကြို့ပင်ကောက်မြို့၌ စက်တင်ဘာ၁၈ ရက်က ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာတစ်ဦးအား စစ်ဆေးတွေ့ရှိခဲ့ရာ ထပ်မံပြီးပိုးတွေ့လူနာများ တွေ့ရှိလာပါက သီးသန့်ထားရှိကုသနိုင်ရန်အတွက် ပြင်ဆင်ထားခြင်းဖြစ်ကြောင်း မြို့နယ်ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ယင်းသို့ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ၌ ပြင်ဆင်ရာတွင် အတည်ပြုလူနာ ၁၅ ဦး ထားရှိနိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်တိုင်းရင်းဆေးရုံမှ ဝန်ထမ်းများပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၆) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ဂုဏ်ပြုသောအားဖြင့် အကြိုစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို ရန်ကုန်အနောက်ပိုင်း ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်လင်း ဦးဆောင်၍ ဒုတိယခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝေနှင့် ခရိုင်အကူရဲတပ်ဖွဲ့မှူး ရဲမှူးတင်အေးနှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၀ ရက်က ဒဂုံမြို့နယ် ပြည်လမ်း အရှေ့ရပ်ကွက် မြို့မကျောင်း လမ်းရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (မြို့မ) ကျောင်းဝင်းအတွင်း ဆောင်ရွက်ကြစဉ်။ မိုးမခ

## လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ အဖွဲ့ပိုင် မြို့မသုသာန်မြေအတွက် တောင်သူများသို့ မြေယာနစ်နာကြေး ငွေကျပ် ၂၄ သိန်းကျော် ပေးအပ်

**လေးမျက်နှာ စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မသုသာန်မြေ ဧရိယာ ၂ ဒသမ ၄၂ ဧကအတွက် တောင်သူများသို့ မြေယာနစ်နာကြေး ငွေကျပ် ၂၄ သိန်းကျော် ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းသိန်းက မြို့နယ် စည်ပင်သာယာရေးကော်မတီမှ သုသာန်မြေအဖြစ် အသုံးပြုခဲ့သော မြေယာများအတွက် လျော်ကြေး ပြန်လည်ပေးအပ်နိုင်ရန် ဗဟိုမြေစစ်ကော်မတီက ချမှတ်ထားသည့် မူဝါဒ ( ၅၂)ချက်နှင့်အညီ စိစစ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သုသာန်မြေအဖြစ် အသုံးပြုခဲ့သည့် မြေဧရိယာ ၂ ဒသမ ၄၂ ဧကအတွက် လျော်ကြေးငွေများကို ပြန်လည်ပေးအပ်ခြင်းဖြစ်ကြောင်း၊ မြေယာနစ်နာခဲ့သည့် တောင်သူများအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ပေးအပ်မည်ဖြစ်ကြောင်း၊ သုသာန်မြေအဖြစ် အသုံးမပြုခဲ့သည့် ကျန်မြေများကိုလည်း တောင်သူများသို့ ပြန်လည်ပေးအပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။



အဖွဲ့ပိုင် မြို့မသုသာန်မြေ အသုံးပြုဧရိယာ ၂ ဒသမ ၄၂ ဧကအတွက် စုစုပေါင်းမြေယာလျော်ကြေး ငွေကျပ် ၂၄၂၀၀၀၀ ကို တောင်သူများလက်ဝယ်သို့ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။**ရွှေမိုး (ပြန်/ဆက်)**

## သံတောင်ကြီးမြို့တွင် အခြေခံလူတန်းစားများအတွက် စတုတ္ထအကြိမ် ထောက်ပံ့ငွေပေးအပ်

**သံတောင်ကြီး စက်တင်ဘာ ၂၁**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တွင် နိုင်ငံတော်က ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစားအိမ်ထောင်စုများအတွက် စတုတ္ထအကြိမ် ထောက်ပံ့ငွေ ပေးအပ်ခြင်းကို ယမန်နေ့က မြို့ပေါ်ရပ်ကွက်များတွင် ထောက်ပံ့ပေးအပ်သည်။

ထိုသို့ထောက်ပံ့ပေးအပ်ခြင်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး စာရေးများနှင့် တာဝန်ရှိသူများက သံတောင်ကြီးမြို့ပေါ်ရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်သည်။

အဆိုပါ သံတောင်ကြီးမြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်တွင် အိမ်ထောင်စု ၁၃၅၉ စုအတွက် ထောက်ပံ့ငွေကျပ် ၂၇၁၈၀၀၀၀ ကိုပြည်သူများအား ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### ရုံး/ဌာနများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကြီးကြပ်သူများ/ တာဝန်ကျဝန်ထမ်းများအနေဖြင့် အချင်းချင်း သတိပေးပြောကြားရမည့် အချက်များ

(အနည်းဆုံး တစ်နေ့ (၃)ကြိမ် ပြောကြားပေးပါရန်)

- (COVID-19) ရောဂါပိုးသယ်ဆောင်ထားသော်လည်းအမြင်အားဖြင့်နေကောင်းကျန်းမာစွာဖြင့် ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသူများမှာ (၇၀%)အထက်တွင်ရှိနေသည်။
- (COVID-19)ရောဂါပိုးသည်အသက်ရှူထုတ်ခြင်းဖြင့်အကွာအဝေး(၅)ပေခန့်အထိ၊ ချောင်းဆိုးခြင်းဖြင့် တစ်စက္ကန့်လျှင်(၃၃)ပေနှုန်းဖြင့် (၆)ပေခွဲကျော်အထိ၊ နှာချေခြင်းဖြင့် တစ်စက္ကန့် လျှင် (၁၆၄)ပေနှုန်းဖြင့်(၁၉)ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။
- (COVID-19)ရောဂါပိုးသည် အလုံပိတ်အခန်းများ/Air-con အခန်းများတွင် လေထဲလွင့်မျော၍ ကူးစက်ခြင်း(air borne transmission) မှတစ်ဆင့်ကူးစက်နိုင်ပါသည်။

- လုပ်ငန်းခွင်အတွင်း လုပ်ငန်းသဘာဝကြောင့်ဖြစ်စေ၊ မေ့လျော့၍ဖြစ်စေ တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ ဆက်ဆံပြောဆိုခြင်း မရှိစေရန် အချင်းချင်းအထူးသတိပေးပါ။

- ထမင်းစားချိန်တွင် စုဝေး၍စားသောက်ခြင်း မပြုရပါ၊ မိမိ၏ အလုပ်စားပွဲ (သို့မဟုတ်) ထမင်းစားရန်သတ်မှတ်ထားသော နေရာတွင်သာ တစ်ဦးချင်း သီးသန့် စားသောက်ပါ။
- အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို မျှဝေသုံးစွဲခြင်း မပြုရပါ။

- ဖျားခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် COVID-19 ရောဂါ သံသယဖြစ်ဖွယ်လက္ခဏာများ ခံစားနေရခြင်း၊ လွန်ခဲ့သော (၁၄)ရက်အတွင်း (COVID-19) ဓာတ်ခွဲအတည်ပြုလူနာ၊ စောင့်ကြည့်လူနာနှင့် အသွားအလာ ကန့်သတ်ခြင်းခံရသူတို့နှင့် ထိတွေ့မှုရှိခြင်း၊ ရောဂါဖြစ်ပွားမှု များပြားနေသောဒေသများသို့ ခရီးသွားရောက်ခဲ့ခြင်းတို့ရှိခဲ့ပါက ရုံး/ဌာနသို့ လာရောက်ခြင်း လုံးဝမပြုရပါ၊ သက်ဆိုင်ရာဌာနအကြီးအကဲ နှင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ်အကြောင်းကြားပါ။

*စာမျက်နှာ ၂၀ မှ*

### ဝါခရ အထောက်အထားများ

သစ်တောမင်းကြီး ဦးအောင်မြင့်သည် ကောင်းကင်ဓာတ်ပုံများမှတစ်ဆင့် မြန်မာ့ရှေးမြို့ဟောင်းများကို ဖော်ထုတ်ခဲ့ရာ ဝါခရကျေးရွာအနီး၌ ခိုင်ခံ့ထင်ရှားပြီး အရွယ်အစား အနည်းငယ်သေးငယ်သည့် မြို့ဟောင်းအရာတစ်ခုကို တွေ့ရှိခဲ့သည်။

အစဉ်အဆက် နှုတ်ပြောစကားများအရ ကဒူးအကြီးအကဲတစ်ဦးက ဝါခရကို သက္ကရာဇ် ၅၀၀ ပြည့်နှစ်အတွင်း တည်ခဲ့သည်ဟု ဆိုကြသော်လည်း သာသနာသက္ကရာဇ်၊ မြန်မာသက္ကရာဇ်၊ မဟာသက္ကရာဇ် စသည်ဖြင့် ရှင်းလင်းမှု မရှိချေ။ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ဝါခရကို ခရစ်နှစ် ၁၁၃၈ ခုနှစ်တွင် တည်ထားခဲ့ပြီး ခရစ်နှစ် ၁၄၀၄ ခုနှစ်တွင် မွန်ဧကရာဇ် ရာဇာဓိရာဇ် (ခရစ်နှစ် ၁၃၈၅ -၁၄၂၃) က ပြန်လည်ပြင်ဆင်၍ မုတ္တမ ၃၂ မြို့ စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ကြောင်း ရေးသားခဲ့သည်။

ဝါခရသည် မွန်ရာဇဝင်များတွင် ထင်ရှားခဲ့သော ဝါရီရူမင်းနှင့် ဆက်စပ်ခဲ့သည်။ ဝါရီရူသည် မုတ္တမဒေသကို အုပ်စိုးခဲ့သည့် သြဇာတိက္ကမကြီးသော မင်းတစ်ပါးဖြစ်ခဲ့ကြောင်းနှင့် မြို့ဟောင်းအတွင်း၌ တည်ခဲ့သည့် ဘုရားစေတီနှင့် အခြားအဆောက်အအုံများကို ဂဝံကျောက်များဖြင့် တည်ဆောက်ခဲ့ကြောင်း ဦးအောင်မြင့်က ရေးသားခဲ့သည်။

ဝါခရသည် လူများဖျက်ဆီးမှု၊ မြို့ပြတိုးချဲ့မှု၊ သဘာဝဘေးဒဏ်များ ကျရောက်မှုများကြောင့်သော်လည်းကောင်း၊ ချောင်းရေတိုက်စားမှုကြောင့် သော်လည်းကောင်း ပြောပလောက်အောင် ပျက်စီးသွားနိုင်ဖွယ်မရှိကြောင်း သုံးသပ်၍ ဝါခရသည် သေးငယ်သော်လည်း နှစ်ကာလရှည်ကြာစွာ တည်တံ့နေနိုင်ဦးမည်ဟု ယူဆခဲ့သည်။

သိမ်တော်တိုင်တစ်ရာကျောင်းဟောင်းဟုဆိုသည့် ရှေးဟောင်းသစ်သားကျောင်းအိုကြီးသည် ယိုယွင်းပျက်စီးနေပြီဖြစ်ကာ မြေစိုက်တိုင်လုံးများ၏ အောက်ခြေကို အင်္ဂတေအုတ်ဖိနပ်များခံကာ ထိန်းသိမ်းထားသည်။

ဝါခရကျေးရွာ၏ အရှေ့ဘက်တွင် ရန်ကုန်-ထားဝယ်မီးရထားလမ်းခြားလျက် ဖောင်စိန်ကျေးရွာ (မြန်မာ့ရှေးဟောင်းမြို့တော်များ စာအုပ်တွင် ဖောင်သိမ်းကျေးရွာဟု ဖော်ပြသည်။) အနောက်ဘက်တွင် မုတ္တမပင်လယ်၊ တောင်ဘက်တွင် သံဖြူဇရပ်မြို့၊ မြောက်ဘက်တွင် ကလော်သွတ်၊ နီးပတော၊ ရင်းတောင်၊ ကျုံကဒတ်နှင့် တောင်ဖလူကျေးရွာများ တည်ရှိကာ မြို့ပြဖွံ့ဖြိုးတိုးတက်ကာ လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန်နေပြီဖြစ်သဖြင့် ဝါခရမြို့ဟောင်းသို့ အလွယ်တကူ သွားရောက်လေ့လာနိုင်ကြပြီဖြစ်သည်။

ဝါခရမြို့ဟောင်း ကမ္ဗည်းကျောက်စာကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလက စိုက်ထူခဲ့ကာ မွန်၊ မြန်မာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် လွန်ခဲ့သည့် နှစ် ၂၀၀၀ က ထွန်းကားခဲ့သော မြို့ဟောင်းဖြစ်ကြောင်း ရေးသားထားသည်။ မြို့ဟောင်းအတွင်း၌ အုတ်ကျိုးများ၊ ဂဝံအပိုင်းအစများကို ယနေ့တိုင် လေ့လာနိုင်ကြပေသည်။ ။

**ကိုးကား**

**မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၃)**

**မြန်မာ့ရှေးဟောင်းမြို့တော်များ (ဦးအောင်မြင့်)**

**ရှေးမြန်မာမြို့တော်များ(ဒေါက်တာသန်းထွန်း)**

# မောင်ပန်းမွှေး၏ ငါတို့ချစ်သည့်ဆေး

ဒေါက်တာမြင့်သန်း (ညောင်လေးပင်)

"ငါတို့ချစ်သည့်ဆေး"
ဘဝ၏ဆေး၊ အချစ်ဆေးတည့်
ဗေဒင်မေးစရာ၊ မလိုပါ။
သံသရာ၏ဆေး၊ ဒါနဆေးတည့်
ဗေဒင်မေးစရာ၊ မလိုပါ။
နွေဦး၏ဆေး၊ ဥဩတေးတည့်
ဗေဒင်မေးစရာ၊ မလိုပါ။
မိုးဦး၏ဆေး၊ မိုးသံတေးတည့်
ဗေဒင်မေးစရာ၊ မလိုပါ။
ငါတို့၏ဆေး၊ ပညာဆေးတည့်
ဗေဒင်မေးစရာမလိုပါ။
အဝေရာဆေး၊ သစ္စာဆေး
ပြည်သူချစ်သည့်ဆေး။
စေတနာဆေး၊ မေတ္တာဆေး
ငါတို့ချစ်သည့်ဆေး။

မောင်ပန်းမွှေး

ရန်ကုန်ဆေးတက္ကသိုလ်(၂)၊ နှစ်လည်မဂ္ဂဇင်း (၁၉၈၄ ခုနှစ်)မှ။

ဆရာမောင်ပန်းမွှေးက ဆေးမျိုးစုံကို ဖော်ပြထားပါတယ်။ ဘဝအတွက်ဆေး၊ သံသရာအတွက်ဆေး၊ နွေဦးအတွက်ဆေး၊ မိုးဦးအတွက်ဆေး၊ နောက်ဆုံးတော့ ပြည်သူအတွက်ဆေး စသည်ဖြင့် ဖော်ပြထားပါတယ်။

**ဆေးအမျိုးမျိုး**

ဘဝအတွက်ဆေးဆိုသည်က"အချစ်ဆေး" ဖြစ်ပါတယ်။ အမုန်းတရားတွေဟာ ဘဝအတွက် "ဘေး"၊ ချစ်ခြင်းမေတ္တာကမှ ဘဝအတွက်"ဆေး" ဖြစ်ပါတယ်။ လောကကြီးအေးချမ်းသာယာဖို့ "စစ်ကိုမလုပ်နဲ့၊ အချစ်ကိုလုပ်"လို့ ဆိုထားသလိုပါပဲ။ ပူလောင်နေတဲ့ လောကကြီးအတွက် အေးချမ်းတဲ့ ချစ်ခြင်းတရားများသာ အကောင်းဆုံးဆေးပဲ ဖြစ်ပါတယ်။ သံသရာအတွက်ဆေးကတော့"ဒါန" ဆိုတဲ့ ပေးကမ်းလှူဒါန်းခြင်းပါတဲ့။ သံသရာရဲ့ အစဟာ အဝိဇ္ဇာဆိုတဲ့ မသိခြင်းနဲ့တဏှာဆိုတဲ့ အနှောင်အဖွဲ့တွေပါပဲ။ အဖန်ဖန်တလဲလဲ၊ ဘဝခန္ဓာများကို ရခြင်းဟာ၊ သံသရာ ဝဲဂယက်ထဲ လည်နေရခြင်းပါ၊ သံသရာကလွတ်စေမယ့် ဆေးတစ်မျိုးက " ဒါန " ပါလို့ ဆရာကဆိုပါတယ်။ နွေဦးအတွက်ဆေးဆိုရင်တော့ အားလုံးသိကြတဲ့အတိုင်း သာယာချိုမြတဲ့ " ဥဩငှက်ရဲ့တေးသံ"ပါ။ ဥဩရဲ့တေးသံနဲ့အတူ နွေဦးကာလလှပစွာ ထွက်ပေါ်လာမှာပါ။ တခြားဆေးမလိုပါတဲ့။ မိုးဦးအတွက်ဆေးက"မိုးတေးသံ"ပါတဲ့။ မိုးရွာဖို့ အုံ့ဆိုင်းနေတဲ့ တိမ်တောင်တိမ်လိပ်တွေကြားက ထွက်ပေါ်လာတဲ့ မိုးခြိမ်းသံတွေ၊ လောကလူတွေရဲ့ မိုးကို ကြိုဆိုတဲ့တေးသံတွေများလားဆရာ။ ဒီတေးသံတွေက လောကသားတွေ မျှော်နေတဲ့ မိုးကို ကြိုဆိုလာကြလိမ့်မယ်။ မိုးအတွက်ဆေးပါပဲ။ ဒါတွေအတွက် ဘာလို့ ဗေဒင်မေးနေစရာလိုလို့လဲ ဆရာက ဆိုပါတယ်။ ဟောလာပြီ - ငါတို့အတွက်ဆေး လူသားတွေအတွက် ဆေးကဘာပါလိမ့် " ပညာဆေး " တဲ့ခင်ဗျ။ လောကအမှောင်ထုကြီးကို ပညာနဲ့သာ လင်းစေနိုင်ခဲ့တာ။ လောကကြီး တိုးတက်ထွန်းကားလာတာ ပညာကြောင့်၊ ပညာဆိုတဲ့ဆေးကြောင့် လူသားတွေရဲ့ဘဝတွေ တိုးတက်လာခဲ့တာ။ လူ့နှလုံးသားတွေကို နူးညံ့ စေရုံတင်မက လူသားများ တွေ့ကြုံခံစားကြရတဲ့ ကိုယ်စိတ်ဝေဒနာတွေကို ကုစားပေးမယ့် အေးချမ်းစေမယ့်ဆေးကတော့ " အဝေရာဆေး၊ သစ္စာဆေး"။

ပြည်သူတွေ ချစ်တဲ့ဆေးပဲ ဖြစ်ပါတယ်။ တို့ တစ်တွေ အားလုံးချစ်ကြတဲ့ဆေးကလည်း စေတနာဆေးမေတ္တာဆေး ပါတဲ့။ ဗေဒင်မမေးနဲ့ ဆန်ကုန်တယ်။ သိပ္ပံပညာအရ ပေါ်ထွက်လာတဲ့ ရုပ်ဝတ္ထုဆေးအပြင် ဆေးပညာရှင်အားလုံးရဲ့ ရင်ထဲကလာတဲ့စေတနာဆေး၊ မေတ္တာဆေး၊ သစ္စာဆေး၊ အဝေရာဆေးတွေပေ့ါ။ ဆေးပညာနဲ့ ဆေးကုရာမှာ ပညာကို နှလုံးသားနဲ့ပေါင်းပြီးကုသရင် ပိုပြီးထက်မြက်ပါ တယ်။ စာနာခြင်း၊ ကရုဏာထားခြင်း စတဲ့နူးညံ့တဲ့ စိတ်ခံစားမှုများနဲ့အတူ ကုသမှုဟာ လောကဓာတ်နည်းတွေနဲ့ တိုင်းတာမရနိုင်တဲ့အကျိုးကျေးဇူးများ ရရှိစေနိုင်ပါတယ်။ ဒါကြောင့် ဆေးပညာရှင်များ ဖြစ်လာကြမယ့် ဆရာဝန်လောင်းများကို ၁၉၈၄ ခုနှစ်ကပင် ဆရာ မောင်ပန်းမွှေးက "ငါတို့ချစ်တဲ့ဆေး" ကဗျာနဲ့ ရေးဖွဲ့ဂုဏ်ပြုခဲ့ဟန်ဖြစ်ပါတယ်။ ဒီကဗျာလေးက ၁၉၈၄ ခုနှစ် ဆေးတက္ကသိုလ်(၂) နှစ်လည်မဂ္ဂဇင်းထဲမှာ ဖော်ပြခဲ့တာ ဖြစ်ပါတယ်။

**လူသားတိုင်းရဲ့ အကျပ်အတည်း**

ရန်ကုန်ဆေးတက္ကသိုလ်(၂) ရဲ့ နှစ်လည်မဂ္ဂဇင်းများကို ၁၉၆၈ ခုနှစ်ကတည်းက ထုတ်ဝေခဲ့ကြပြီး ၁၉၈၈ ခုနှစ် အထိ ၁၂ အုပ် ထုတ်ဝေနိုင်ခဲ့ပါတယ်။ အဲဒီမှာ ပင်တိုင်ကဗျာပေါင်း ၈၅ ပုဒ် ပါဝင်ခဲ့ပြီး ထင်ရှားတဲ့ ကဗျာဆရာကြီးရှစ်ဦးတို့ ပါဝင်ရေးသားခဲ့ကြပါတယ်။ ဆရာကြီး ဇော်ဂျီ၊ မင်းသုဝဏ်၊ တင်မိုး၊ မောင်စွမ်းရည်၊ ဒဂုန်တာရာ၊ ဒေါင်းနွယ်ဆွေ၊ ကြည်အေးနဲ့ မောင်ပန်းမွှေးတို့ ဖြစ်ကြပါတယ်။ အများစုတို့ဟာ ကွယ်လွန်ခဲ့ကြပါပြီ။ ဆရာမောင်ပန်းမွှေးဟာ မကြာမီ ၁၅-၉-၂၀၂၀ ရက်နေ့ကမှ ကွယ်လွန်သွားကြောင်း သိရပါတယ်။ အသက် ၈၀ ကျော်ရှိ ဆရာမောင်စွမ်းရည်သာ ကျန်နေပါတော့တယ်။ ဆရာမောင်စွမ်းရည်(ဆရာစွမ်း)ကို သူတို့ခေတ်ရဲ့ ကဗျာအကြောင်း၊ စာအကြောင်း၊ ရုပ်ပုံလွှာ တစေ့တစောင်းရေးပေးဖို့ ပန်ကြားပြီး" ကဗျာဆရာကြီး ရှစ်ဦးတို့ရဲ့ ရုပ်ပုံလွှာအမှတ်တရများ" စာအုပ်ကို ဆေး(၂) ကျောင်းသားဟောင်းများက ထုတ်ဝေခဲ့လို ဖတ်ရှုခံစားရပါတယ်။ ဒီလို စုဆောင်းပြီး ထုတ်ဝေနိုင်တဲ့အထိ စွမ်းဆောင်နိုင်ကြတဲ့ ဆေး(၂) ဘွဲ့ရ ဆရာဝန်ကြီးများကိုလည်း အထူးကျေးဇူးတင်မိပါတယ်။



**"အဲဒီမှာ ကာကွယ်ဆေးနဲ့ ကုသဆေးတို့က အလွန်ထိရောက်ပေမယ့် လက်လှမ်းမမီနိုင်သေးပါဘူး။ အသိစိတ်ဓာတ်တွေ၊ စည်းကမ်းတွေ၊ ပူးပေါင်း ဆောင်ရွက်မှုတွေနဲ့သာလျှင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြမှာ ဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာရှိတဲ့ နိုင်ငံသားတွေရဲ့ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်အပေါ်ထားတဲ့ စိတ်သည်သာလျှင် ထိရောက်တဲ့"ဆေး" ဖြစ်ပါတယ်"**

အထူးသဖြင့် မကြာသေးမီကမှ ကွယ်လွန်သွားတဲ့ မောင်ပန်းမွှေးကို စာရေးသူတို့ ကျောင်းသားဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝများမှာ အထူးနှစ်သက် လေးစားခဲ့ပါတယ်။ အဲဒီကာလများက မန္တလေးတက္ကသိုလ်က ဆရာတင်မိုး၊ မောင်စွမ်းရည်တို့နဲ့ ခေတ်ပြိုင်ရန်ကုန်တက္ကသိုလ်ထွက် ထင်ရှားတဲ့ ကဗျာဆရာဆိုလို့ ဆရာမောင်ပန်းမွှေးကိုသာ ဖော်ပြနိုင်တယ်လို့ သိရပါတယ်။ အဲဒီလွန်ခဲ့တဲ့ နှစ် ၄၀ လောက်က ပို့စကတ်ကဗျာ၊ အချစ်ကဗျာ၊ အနုအရွ အလှကဗျာလေးတွေမှာ "မောင်ပန်းမွှေး" ဆိုတဲ့အမည်ဟာ မပါမဖြစ်လို့ ဆိုရလောက်အောင် လူကြိုက်များ နှစ်သက်ခဲ့ကြပါတယ်။ သီကုံးမှု နိသယတွေ၊ ခံစားဖန်တီးမှုတွေ စသည်တို့ဟာ ထူးခြားလှတာကြောင့် ခေတ်လူငယ်များကို ဖမ်းစားနိုင်ခဲ့ပါတယ်။ ဆရာမောင်ပန်းမွှေးဟာ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာလည်း အမှုထမ်းခဲ့ပါတယ်။ ဆရာ့ရဲ့ခံစားမှုရသကဗျာများစွာအပြင် အခုဖော်ပြထားတဲ့ "ငါတို့ချစ်သည့်ဆေး" ကဗျာကတော့ အခုလို ကာလနဲ့တောင် ပိုကိုက်ညီနေသလား ထင်မိပါတယ်။ ကိုဗစ်-၁၉ရောဂါကြီးကို ဘယ်လို အဆုံးသတ်ကြမလဲဆိုတဲ့ မေးခွန်းကို လူအများ သိချင်နေကြပါတယ်။ ဒီရောဂါကြီးဟာ ကျန်းမာရေးပြဿနာ (Health Crisis )သာ မဟုတ်တော့ Human Crisis လို့တောင် ခေါ်နိုင်တဲ့ တစ်ကမ္ဘာလုံးမှာရှိတဲ့ လူသားတိုင်းရဲ့ ပြဿနာအကျပ်အတည်း ဖြစ်ပါတယ်။ ကပ်ရောဂါကြောင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးရေး၊ လူမှုရေးကစလို့ အရာရာသော အမှုကိစ္စများကို ထိခိုက်ဆုံးရှုံးနေစေတာ တွေ့နိုင်ပါတယ်။ လူသားပေါင်းသန်း ၃၀ ခန့် ကူးစက်ခံရ၊ လူတစ်သန်းနီးပါးခန့် အသက်ဆုံးကြရတဲ့အပြင် ဆက်လက်ပြီးလည်း ကူးစက်ပျံ့နှံ့နေဆဲ၊ ဒုက္ခအပေါင်း ကျရောက်နေစေဆဲလည်း ဖြစ်ပါတယ်။ ကိုဗစ်- ၁၉ကို ဘယ်လိုအဆုံးသတ် နိုင်မလဲဆိုတော့ အောက်ပါအချက် (၃)ချက်ကို တွေ့ရပါတယ်။

(၁) (Medications) တိကျသောဆေးဝါးကုသမှုများ။

(၂) (Vaccines) ကာကွယ်ဆေးများ။

(၃) (Social- control measures) လူတိုင်း အချင်းချင်းအကြား မကူးစက်စေနိုင်သည့် နေထိုင်သွားလာ ဆက်ဆံမှုပုံစံများကို ဆက်လက်ဆောင်ရွက်သွားရန်။

ယင်းတို့မှာ လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်း၊ အိမ်မှာသာနေခြင်း၊ မလိုအပ်ဘဲ အိမ်ပြင်မထွက်ခြင်း၊ လူစုလူဝေးလုပ်ခြင်းများမှ လုံးဝရှောင်ကြဉ်ခြင်း စသည့်ကူးစက်မှုလမ်းကြောင်းများကို ဖြတ်တောက်ခြင်းဆိုသည့် လူမှုဆက်ဆံရေးလုပ်ငန်းများဖြစ်သည်။ ယင်းတို့သည် အလွန်ထိရောက်သော၊ ကာကွယ်ခြင်းနည်းလမ်းများဖြစ်သည်။ အများပြည်သူတို့က အသိတရားရှိရှိဖြင့် ပူးပေါင်းပါဝင်ကြလျှင်၊ အလွန်ထိရောက်မှုရှိသည့် နည်းလမ်းဖြစ်ပါသည်။ ကိုဗစ်-၁၉ ပိုးတို့သည် လေထဲရှိ အမှုန်အမွှားလေးများမှာ ခိုကပ်ပြီး ယင်းတို့ကို ရှူရှိုက်မိခြင်း၊ ထိတွေ့မိခြင်း၊ စကားပြောခြင်း၊ အလုံခန်းထဲတွင် အတူနေမိခြင်း စသည်တို့ကြောင့် ကူးစက်နိုင်ပါသည်။ ထို့အတွက် social- control measures တို့သည် အလွန်အရေးပါပါသည်။ ရောဂါပိုးတို့ ထွက်ခွာသွားစေလိုလျှင် လူအများတို့ လိုက်နာဆောင်ရွက်ရန်သာ ဖြစ်ပါသည်။ စသည်ဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားပါတယ်။

**အစွမ်းထက်တဲ့ဆေး**

အဲဒီမှာ ကာကွယ်ဆေးနဲ့ ကုသဆေးတို့က အလွန်ထိရောက်ပေမယ့် လက်လှမ်းမမီနိုင်သေးပါဘူး။ အထူးသဖြင့် လူမှုရေးဆောင်ရွက်မှုများ social measures များကိုသာ အဓိကထားကြရမယ့်အခြေအနေ ဖြစ်ပါတယ်။ အသိစိတ်ဓာတ်တွေ၊ စည်းကမ်းတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့သာလျှင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြမှာ ဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာရှိတဲ့ နိုင်ငံသားတွေရဲ့ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်အပေါ်ထားတဲ့ စိတ်သည်သာလျှင် ထိရောက်တဲ့ "ဆေး" ဖြစ်ပါတယ်။ စေတနာဆေး၊ မေတ္တာဆေး၊ သစ္စာဆေး၊ အဝေရာဆေး စတဲ့ဆရာမောင်ပန်းမွှေး ရေးဖွဲ့ထားတဲ့ ပြည်သူချစ်တဲ့ ဆေးများသည်သာလျှင် အထိရောက်ဆုံး ဖြစ်ပါလိမ့်မယ်။ အထူးသဖြင့် အခုလို ကူးစက်မှုပြင်းထန်နေချိန်မှာ ပိုးတွေ့အတည်ပြုလူနာများကို ရှေ့တန်းကနေ ရှပ်ရှပ်ချုံချုံ ကုသပြုစုပေးနေတဲ့ ဆေးဝန်ထမ်းများ၊ လူပေါင်းနှစ်သိန်းခန့်အထိ မနေမနား စစ်ဆေးပေးနေတဲ့ ဆေးပညာရှင်များအားလုံး၊ စေတနာလုပ်အားရှင်များ အပါအဝင် တာဝန်ရှိသူအားလုံးတို့ကို အထူးလေးစားမိတာအမှန်ပါ။ ပိုးတွေ့လူနာများကို ပြုစုပေးနေရင်းက မိမိတို့ပါ ကူးစက်ခံနေရတာကို အမှုမထားဘဲ အထူးကြပ်မတ်ခန်းထဲက မထွက်၊ အထဲကနေ လုပ်စရာရှိသည်များ ဆက်လုပ်ပေးနေ၊ မကူးခံရသေးသူများဆီ မကူးစက်စေဖို့ ထပ်ဆောင်းအနစ်နာခံနေကြတဲ့ ကျန်းမာရေးဝန်ထမ်းများကို များစွာလေးစားချီးကျူးမိပါတယ်။ ဘာသာ သာသနာအဆုံးအမများနဲ့ နှလုံးသားများ နူးညံ့နေတဲ့ မြန်မာနိုင်ငံသားများရဲ့ချစ်စရာ စိတ်ထားများဟာ ကိုဗစ်အတွက် အစွမ်းထက်တဲ့ဆေးပဲ ဖြစ်ပါတယ်။ ဆရာမောင်ပန်းမွှေး ရေးဖွဲ့သလို" ငါတို့ချစ်တဲ့ဆေး၊ စေတနာဆေး၊ မေတ္တာဆေး၊ သစ္စာဆေး၊ အဝေရာဆေး" များနဲ့ ကိုဗစ် - ၁၉ ကို လက်တွဲတိုက်ထုတ်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ကဗျာစာဆိုကြီး ဆရာမောင်ပန်းမွှေးကိုလည်း လေးစားစွာ ဂုဏ်ပြုအပ်ပါကြောင်းပါခင်ဗျာ။ ။

## ပိုးတွေ့လူနာများထားရှိရန် လှိုင်သာယာရွှေလင်ပန်း ယောမင်းကြီးအိမ်ရာကို ရှင်းလင်းဆောင်ရွက်ထား

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်- ၁၉ ကူးစက်မှုကို ထိန်းချုပ်တားဆီးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပိုးတွေ့လူနာများ ကုသနိုင်ရန် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ရိုးမအိမ်ရာအား ယာယီဆေးရုံအဖြစ် ဖွင့်လှစ်ထားရှိသည့်နည်းတူ လှိုင်သာယာမြို့နယ် ရွှေလင်ပန်းဈေးနှင့် ကပ်လျက်ရှိသော ယောမင်းကြီးအိမ်ရာတွင်လည်း ပိုးတွေ့လူနာများထားရှိရန် ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးမှ ပိုးတွေ့လူနာများထားရှိရန် ရွှေလင်ပန်းဈေး အနီးရှိ ယောမင်းကြီးအိမ်ရာကိုလည်း နှစ်ပတ်အတွင်းပြီးစီးရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ဈေးနှင့် ကပ်လျက်ရှိသောကြောင့် စွန့်ပစ်အမှိုက်များနှင့် ရေဆိုးများစီးဆင်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်တင်ဘာ ၁၇ ရက်တွင် အဆိုပါအိမ်ရာကို လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အိမ်ရာ ၁၁ လုံး၌ အခန်းပေါင်း ၁၇၆ ခန်း ရှိသောကြောင့် တစ်ခန်းလျှင် လူနာခြောက်ဦး နေထိုင်နိုင်သည့်အတွက် လူနာ ၁၀၅၆ ဦးအား အောက်တိုဘာလဆန်းပိုင်းတွင် ထားရှိနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

"တိုက်ခန်းတစ်ခန်းကို ခြောက်ဦးနေလို့ရမယ့်အခန်းတွေ ပြင်ဆင်နေကြပါတယ်။ အချိန်နှစ်ပတ်ပြီးတာနဲ့ ရန်ကုန်တိုင်းဒေသကြီးက ပိုးတွေ့လူနာတွေ ထားဖို့များတာမို့ ဒဂုံဆိပ်ကမ်းမြို့နယ်က ရိုးမအိမ်ရာလိုမျိုး ဆောင်ရွက်ဖို့ ရှိပါတယ်။ စက်ရုံအလုပ်သမားတွေလည်း နှာခေါင်းစည်း ၉၀ ရာခိုင်နှုန်းကျော် တပ်ဆင်ထားတာ တွေ့ရတော့ ဝမ်းသာစရာပါ။ အခုလို အရေးကြီးနေချိန်မှာ လှိုင်သာယာမြို့နယ်နဲ့ မစိမ်းတဲ့အတွက် လုပ်ငန်းအတွက် မြန်ဆန်မှု ရလဒ်ရရှိတာကြောင့် အခုထိရောဂါကို ထိန်းနိုင်ပါတယ်"ဟု မြို့နယ်ပြည်သူ့ဆေးရုံအုပ် ဒေါက်တာခင်ရူပါစိုးက ပြောသည်။

လူနေထိုင်မှုနှင့် စက်ရုံလုပ်သားများသော လှိုင်သာယာမြို့နယ်တွင် စက်တင်ဘာလဆန်းပိုင်းမှစ၍ ပိုးတွေ့လူနာများကို တိုးပြီးတွေ့ရှိခဲ့ရာ ၁၀ ပေ ပတ်လည် အဆောင်များတွင် လူခုနစ်ဦးကျော် ငှားရမ်းနေထိုင်ကြသည့်အတွက် ပိုးတွေ့လူနာများနှင့် ဆက်စပ်သူများကို ဆေးရုံများတွင် စောင့်ကြည့်စစ်ဆေးရာ ဆေးရုံနေရာအခက်အခဲကြောင့် ပြန်လွှတ်သည့် နှာခေါင်းအနံ့ မရရှိသူများကို လှိုင်သာယာဆေးရုံမှတစ်ဆင့် အမှတ် (၁၄)ရပ်ကွက်ရှိ စက်မှုလက်မှု သိပ္ပံကျောင်းတွင် စက်တင်ဘာ ၁၈ ရက် ညနေပိုင်းမှစ၍ အသွားအလာကန့်သတ်စောင့်ကြည့်မှုနေရာအဖြစ် လက်ခံရန်ဆောင်ရွက်သည်။ **သန်းထိုက်**

# စစ်တောင်းမြစ် ဒီရေရိုက်ခတ်မှုကြောင့် ပျက်စီးမျောပါသွားသော နေအိမ်မိသားစုဝင်များအား ငွေနှင့် ပစ္စည်းများထောက်ပံ့

**ကျိုက်ထို စက်တင်ဘာ ၂၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းကျေးရွာ အေးသီတာ ရပ်ကွက်တွင် ယမန်နေ့က စစ်တောင်းမြစ် ဒီရေရိုက်ခတ်မှုကြောင့် လူနေအိမ်တစ်လုံးနှင့်အတူ မိသားစုဝင်သုံးဦးတို့ မျောပါသွားခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ နှင့် တာဝန်ရှိသူတို့က အဆိုပါနေ့က အားပေးစကားပြောကြားပြီးထောက်ပံ့မှုများ ပြုလုပ်ပေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒီရေရိုက်ခတ်မှုကြောင့် ပျက်စီးမျောပါသွားသည့် ဦးလင်းလင်း၏ အိမ်နေရာသို့ သွားရောက်ကာ ကျန်ရှိမိသားစုဝင်များကို အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် လူသုံးကုန်ပစ္စည်းများကို လည်းကောင်း ထောက်ပံ့ပေးအပ်သည်။(ယာပုံ)

ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့အား စစ်တောင်းမြစ်ကမ်းနံဘေး နေထိုင်သူများကို အစားထိုးမြေကွက် ချထားပေးပြီးဖြစ်သော်လည်း စီးပွားရေး အကျပ်အတည်းကြောင့် ပြောင်းရွှေ့နိုင်ခြင်းမရှိသဖြင့် ယခုလိုဖြစ်စဉ်မျိုး ကြုံခဲ့ရကြောင်း၊ အစားထိုးမြေကွက် ရရှိပြီးပြောင်းရွှေ့ရန်ခက်ခဲသော အေးသီတာရပ်ကွက်မြောက်ဘက်ခြမ်း (ယခုအခင်းဖြစ်နေအိမ်နှင့် ဘေးချင်းကပ်)ရှိ နေအိမ်နှစ်လုံးကို အိမ်တစ်လုံးလျှင်ငွေကျပ် သုံးသိန်းစီ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ အေးသီတာတောင်ဘက်ပိုင်းရှိ စစ်တောင်းမြစ်ကမ်းနေအိမ်ခြောက်လုံးကိုလည်း ပြောင်းရွှေ့မည်ဆိုပါက ထောက်ပံ့ငွေကျပ်လေးသိန်းပေး၍ မြေကွက်ချထားပေးသောနေရာသို့ ပြောင်းရွှေ့ရန် ပြောကြားပြီးပြောင်းရွှေ့မှုမပြုပါက ဥပဒေအရ အရေးယူ ဆောင်ရွက်နိုင်ရေးမှာကြားကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**



## ရန်ကုန်(ပန်းဆိုးတန်း-ဒလ) ချယ်ရီသင်္ဘောဆိပ်ကမ်း၌ စီးနင်းကြသော ခရီးသည်များအား နှာခေါင်းစည်းများ အခမဲ့ပေးဝေ

**ရန်ကုန် စက်တင်ဘာ ၂၁**

စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် ခရီးသွားမိဘပြည်သူများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို စနစ်တကျလိုက်နာနိုင်စေရေးနှင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက ရန်ကုန် (ပန်းဆိုးတန်း-ဒလ) ချယ်ရီသင်္ဘော ကူးတို့ဆိပ်ကမ်း၌ စီးနင်းလိုက်ပါကြသော ခရီးသွား မိဘပြည်သူများအား နှာခေါင်းစည်းများ တပ်ဆင်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ပေးဝေသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ သယ်ယူပို့ဆောင်ရေးဌာန ဌာနမှူး ဦးဝင်းကိုအောင်နှင့် တာဝန်ရှိသူများ၊ ပန်းဆိုးတန်းနှင့် ဒလသင်္ဘောဆိပ်ကမ်း မန်နေဂျာများနှင့် ဝန်ထမ်းများက လက်မှတ်ရုံအတွင်းရှိ ခရီးသည်နားနေဆောင်နှင့် ချယ်ရီရေယာဉ် စီးနင်းလိုက်ပါကြသော ခရီးသွားမိဘပြည်သူများကို နှာခေါင်းစည်းများ ပေးဝေကြသည်။

ရန်ကုန်မြို့သို့ အလုပ်သွားလုပ်မည့် ဒေသခံပြည်သူတစ်ဦးက "မနေ့ညကစပြီးနေအိမ်မှာ နေထိုင်ရေး ထုတ်ပြန်ကြေညာလိုက်တာလို့ သိရတယ်။ အဲဒါကြောင့် ခရီးသည်တွေ သိသိသာသာ လျော့နည်းသွားတယ်လို့ မြင်မိပါတယ်။ ကိုဗစ်- ၁၉ ရောဂါပိုးတွေ့ရှိသူတွေ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ တဖြည်းဖြည်းနဲ့ များလာတယ်။ ကြိုတင်ကာကွယ်ဖို့အနေနဲ့ ကိုယ်ကိုယ်တိုင်လည်း အပြင်သွားရင် နှာခေါင်းစည်းတပ်တယ်။ အခုသွားလာနေတဲ့ ခရီးသည်တွေအားလုံး လိုလို နှာခေါင်းစည်းတွေ တပ်လာကြတယ်။ လူတွေလည်း ဒီရောဂါကို ကြောက်တာလည်း ပါတယ်။ စည်းကမ်းရှိလာကြတာကို အရင်ကထက် ပိုမြင်ရတယ်" ဟု ပြောသည်။

ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး (ကိုကိုးကျွန်းမြို့နယ်မပါ)တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်ပြီးနောက် ရန်ကုန် (ပန်းဆိုးတန်း- ဒလ)ကူးတို့သင်္ဘောဆိပ်ကမ်း၌ ယနေ့တွင် ရန်ကုန်မြို့သို့ အလုပ်သွားရောက်လုပ်ကိုင်ကြမည့် တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်များရှိ ခရီးသည် မိဘပြည်သူများ အသွားအလာ နည်းပါးပြီး ဒလမြို့နယ် ဒေသခံပြည်သူအများစုနှင့် ဝန်ထမ်းအများစုသာ ကူးသန်းသွားလာလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**



## မြိတ်မြို့နယ် ကျေးရွာနှစ်ရွာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်သည့် နေအိမ်များတွင် ရေပြန်ကျသဖြင့် ပြည်သူများ ပုံမှန်အတိုင်း ပြန်လည်နေထိုင်

**မြိတ် စက်တင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ စက်တင်ဘာ ၁၉ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျေးရွာရှိ ချောင်းအနီး လူနေအိမ် ၆၇ လုံး ရေဝင်မှုဖြစ်ခဲ့၍ ခေတ္တပြောင်းရွှေ့နေထိုင်ခဲ့သည့် ပြည်သူများသည် စက်တင်ဘာ ၂၀ ရက်တွင် ရေပြန်ကျသဖြင့် ၎င်းတို့နေအိမ်များတွင် ပုံမှန် အတိုင်း ပြန်လည်နေထိုင်လျက်ရှိသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်များ ရေဝင်ရောက်ခဲ့သည့် အလယ်ချောင်ကျေးရွာရှိ ပြည်သူများအား ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချို၊ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝေ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများ သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ ထောက်ပံ့သည့် အိမ်ထောင်စု ၁၆ စု လူဦးရေ ၈၃ ဦးအတွက် ဆန်ဖိုးခုနစ်ရက်စာထောက်ပံ့ငွေကျပ် ၁၇၄၃၀၀ နှင့် နှာခေါင်းစည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့အတူ နေအိမ်များရေဝင်သည့် ပပြင်ကျေးရွာရှိ ပြည်သူများအား ယမန်နေ့က ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ အိမ်ထောင်စု ၅၁ စု၊ လူဦးရေ ၂၃၀ အတွက် ဆန်ဖိုးခုနစ်ရက်စာ ထောက်ပံ့ငွေကျပ်၄၈၃၀၀၀ နှင့် နှာခေါင်းစည်းများ ထောက်ပံ့ပေးအပ်သည်။ မိုးသည်းထန်ရွာမှုကြောင့် နေအိမ်များ ရေဝင်စဉ် ရေလွတ်သည့်နေရာများသို့ တာဝန်ရှိသူများက ခေတ္တပြောင်းရွှေ့နေထိုင်စေခဲ့ကာ ရေဝင်မှုကြောင့် နေအိမ်များ ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှု မရှိကြောင်း၊ ရေပြန်ကျသဖြင့် ပြည်သူများက ၎င်းတို့နေအိမ်များ၌ ပုံမှန်အတိုင်း ပြန်လည်နေထိုင်လျက်ရှိကြကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## ဟိုပန်၌ MCCT အစီအစဉ်တွင် ဖုန်းနံပါတ်မပေးထားသော အကျိုးခံစားခွင့်ရှိသူများအား KBZ bank နှင့် ပူးပေါင်း၍ ထောက်ပံ့ငွေပေးအပ်

**ဟိုပန် စက်တင်ဘာ ၂၁**

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးသက်နှင့် ဝန်ထမ်းများသည် MCCT အစီအစဉ်တွင် ဖုန်းနံပါတ်မပေးထားသော အကျိုးခံစားခွင့်ရှိသူများအား KBZ bank နှင့် ပူးပေါင်း၍ ယမန်နေ့က လူမှုဝန်ထမ်းဦးစီးဌာနရုံး၌ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထောက်ပံ့ငွေ ပေးအပ်ရာတွင် အကျိုးခံစားခွင့်ရှိသူ ကလေးငယ်တစ်ဦးအတွက် တစ်လလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ပထမသုံးလပတ် (ဧပြီ၊ မေ၊ ဇွန်)၊ ဒုတိယသုံးလပတ် (ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ)တို့အတွက် စုစုပေါင်း ခြောက်လစာရရှိမည်ဖြစ်ပြီး အကျိုးခံစားခွင့်ရှိသူ ကိုယ်ဝန်ဆောင်များအနေဖြင့် စာရင်းသွင်းစဉ် ကိုယ်ဝန်ဆောင်ကာလအတိုင်းသာ ထောက်ပံ့ကြေးရရှိမည်ဖြစ်သည်။

ဟိုပန်မြို့နယ်နှင့် ပန်လုံမြို့မှ အကျိုးခံစားခွင့်ရှိသူ ၁၂၆ ဦးတို့အား သတ်မှတ်နှုန်းထားအတိုင်း တာဝန်ရှိသူများက တစ်ဦးချင်း ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ် ကျေးရွာနှစ်ရွာတွင် မြေသားရေကန် တူးဖော်ပြုပြင်

**မိတ္ထီလာ စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ သောက်သုံးရေအဆင်ပြေစေရေးအတွက် ကျေးရွာနှစ်ရွာ၌ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၁၉ ဒသမ ၆၉ သန်းဖြင့် မြေသားရေကန် တူးဖော်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွေရာသီ၌ သောက်သုံးရေ လိုအပ်ချက်မရှိစေရန် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ မြေသားရေကန်များ တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် သောက်သုံးရေ လိုအပ်လျက်ရှိသော ပေါက်ပင်အိုင်ကျေးရွာနှင့် အောင်ပင်သာကျေးရွာတို့တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၁၉ ဒသမ ၆၉ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူကာ စက်တင်ဘာ ၁၇ ရက်မှ စတင်၍ မြေသားရေကန် ပြန်လည်တူးဖော်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် အိမ်ခြေ ၂၀၈ အိမ် ၊ လူဦးရေ ၁၄၀၀ ရှိသော ကျောက်ဖြူကုန်းကျေးရွာအုပ်စု ပေါက်ပင်အိုင်ကျေးရွာတွင် တိုင်းဒေသကြီး ရန်ပုံငွေကျပ် ၉ ဒသမ ၇၇ သန်းဖြင့် အလျား ပေ ၄၀၀၊ အနံ ပေ ၁၄၀ ၊ အနက် ၂ ဒသမ ၂၅ ပေရှိ မြေသားရေကန် ပြန်လည်တူးဖော်ပြုပြင်ခြင်းနှင့် အိမ်ခြေ ၉၄ အိမ်၊ လူဦးရေ ၄၆၃ ဦးရှိသည့် ရွှေပန်းတိုင်ကျေးရွာအုပ်စု အောင်ပင်သာကျေးရွာတွင် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၉ ဒသမ ၉၂ သန်းဖြင့် အလျားပေ ၂၇၀၊ အနံ ပေ ၂၂၀ ၊ အနက် ၂ ပေရှိ မြေသားရေကန်ပြန်လည်တူးဖော် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မျိုးမျိုးလတ်ထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



မြေသားရေကန် တူးဖော်ပေးမှုကို တွေ့ရစဉ်။

သက်ရှိလောက တည်မြဲဖို့၊

သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှတ်အသား (✓) ခြစ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း

မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်ဆန္ဒမဲပေးရာတွင် ဆန္ဒမဲလက်မှတ်များကို ဘောလ်ပင်ဖြင့် အမှတ်အသား (✓) ခြစ်၍ ဆန္ဒပြုရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘောလ်ပင်ဖြင့် အမှတ်အသား (✓) ခြစ်၍ ဆန္ဒပြုရမည့် ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲ နမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

*(ယမန်နေ့မှအဆက်)*


## ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် ပယ်မဲနမူနာပုံစံများ

၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။




မဲရုံမှူးလက်မှတ်၊ --------------------

အမည်၊ ------------------------------

နမူနာ - ၆


မည်သူ့အားဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်

၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။




မဲရုံမှူးလက်မှတ်၊ --------------------

အမည်၊ ------------------------------

နမူနာ - ၇


မည်သူ့အားဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်

၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။




မဲရုံမှူးလက်မှတ်၊ --------------------

အမည်၊ ------------------------------

နမူနာ - ၈


မည်သူ့အားဆန္ဒပြုထားကြောင်း ဆုံးဖြတ်ရခက်သည့် မဲလက်မှတ်

၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✓" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။




မဲရုံမှူးလက်မှတ်၊ --------------------

အမည်၊ ------------------------------

နမူနာ - ၉

ကိုယ်စားလှယ်လောင်းတစ်ဦးထက် ပို၍ ဆန္ဒပြုထားသော မဲလက်မှတ်



နမူနာ - ၁၀

မဲလက်မှတ်များ၏ နောက်ကျောဘက်တွင် တာဝန်ခံ၏ အမည်၊ လက်မှတ်နှင့် ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်မပါသော မဲလက်မှတ်

( မဲလက်မှတ်၏ ကျောဘက်တွင် လက်မှတ်ရေးထိုး၍ တံဆိပ်ထုရခြင်း ဖြစ်သည်)

**မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။**

## ဆိပ်ဖြူမြို့နယ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဆိပ်ဖြူ စက်တင်ဘာ ၂၁**

ဆိပ်ဖြူမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စေ့စပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ငွေသဲဖြူ)ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဉာဏ်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးငွေလွင်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန် စေ့စပ်ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်နှင့် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းထားမှု အခြေအနေများ၊ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီ ငါးခုမှ ငါးဦး၊ အများယုံကြည်လေးစားခြင်း ခံရသောပုဂ္ဂိုလ် ငါးဦးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင် ၁၆ ဦးစုစုပေါင်း ၂၆ ဦးတို့က လုပ်ငန်းတာဝန်များနှင့်ပတ်သက်သည်များမေးမြန်းရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ပြန်လည်ဖြေကြားပြီး အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ဝိုင်းဝန်းဆွေးနွေးကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်

**နေပြည်တော် စက်တင်ဘာ ၂၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၄ ပေခန့်နှင့် မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# တိုင်းဒေသကြီး / ပြည်နယ်များတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ပင်လယ်ဒီရေလှိုင်းရိုက်ခတ်ခြင်းများကြောင့် ထိခိုက်ပျက်စီးမှုများအတွက် ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ တောင်တရုတ်ပင်လယ်ပြင်မှ စတင်ဖြစ်ပွားခဲ့သော အပူပိုင်းမုန်တိုင်းနို(လ်)သည် ကုန်းတွင်းမုန်တိုင်းအဖြစ်သို့ အားလျော့ရာမှတစ်ဆင့် မြန်မာနိုင်ငံအား လေဖိအားနည်းရပ်ဝန်းအဖြစ် ဖြတ်ကျော်ခဲ့ချိန်၌ ၎င်း၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ပင်လယ်ဒီရေလှိုင်းရိုက်ခတ်ခြင်းတို့ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်း၊ မြိတ်၊ ပုလော၊ ဘုတ်ပြင်း၊ ကျွန်းစု၊ လောင်းလုံ၊ သရက်ချောင်းနှင့် ရေဖြူမြို့နယ်တို့၌ စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အတွင်း နေအိမ်များအတွင်း ရေဝင်ရောက်မှုကြောင့် အိမ်ခြေ ၅၃၅ စုကျော်မှ လူဦးရေ ၁၉၀၀ ကျော်တို့ ယာယီခိုလှုံရာစုရပ် ကိုးခုနှင့် ဆွေမျိုးနေအိမ်များသို့ ပြောင်းရွှေ့ခိုလှုံလျက်ရှိပြီး လေပြင်းတိုက်ခတ်ခြင်း၊ ပင်လယ်ဒီရေလှိုင်းရိုက်ခတ်ခြင်းတို့ကြောင့် အိမ်ခြေ ၂၉၀ ကျော်နှင့် ဘာသာရေးကျောင်း နှစ်ကျောင်း ထိခိုက်ပျက်စီးခဲ့ကာ စုစုပေါင်း အိမ်ထောင်စု ၉၀၀ ကျော်၊ လူဦးရေ ၃၇၀၀ ကျော် ဘေးသင့်ခဲ့ရသည်။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ် ရေးမြို့နယ်၊ ပေါင်မြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့တွင်လည်း စက်တင်ဘာ ၁၉ ရက်က ပင်လယ်ဒီရေ ရိုက်ခတ်မှုကြောင့် အိမ်ခြေ ၉၀ ကျော် ထိခိုက်ပျက်စီးခဲ့ကာ လူ သုံးဦး သေဆုံးခဲ့သဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် မွန်ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဒေသခံ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်း စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်များတွင် မိုးအဆက်မပြတ်ရွာသွန်းခြင်းနှင့် စစ်တောင်းမြစ်ဒီရေတက်ခြင်းကြောင့် စစ်တောင်းမြစ်ကမ်းပါးနှင့် ဆက်စပ်နေသည့် ကျေးရွာများတွင် ရေဝင်ရောက်မှုများ ဖြစ်ပွားမှုကြောင့် အိမ်ခြေ ၁၅၀၀ ကျော်မှ လူဦးရေ ၇၀၀၀ ကျော် ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်နှင့် ဒေးဒရဲမြို့နယ်များတွင် စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်က ပင်လယ်ဒီရေလှိုင်းရိုက်ခတ်ခြင်းကြောင့် အိမ်ခြေ ၇၀ ကျော် ထိခိုက်ပျက်စီးခဲ့ကာ အိမ်ထောင်စု ၇၀ ကျော်မှ လူဦးရေ ၃၀၀ ကျော် ဘေးသင့်ခဲ့ရပြီး ဒေသခံ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့မှစတင်၍ ထောက်ပံ့ကူညီ



မှုများ စတင်ဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ ပျက်စီးဆုံးရှုံးမှုပေါ် မူတည်၍ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေး ပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အများစုစည်းရာနေရာများသို့ ပြောင်းရွှေ့ နေထိုင်ရသူများအား ပါးစပ်နှာခေါင်းစည်းနှင့် ဆပ်ပြာများကို သက်ဆိုင်ရာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ ဒေသဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ ဘေးသင့်နေရာများသို့ အမြန်ဆုံး သွားရောက်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ပြည်သူလူထုအနေဖြင့် မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များ၊ သတိပေးချက်များကို အလေးထားဂရုပြုလိုက်နာရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပ၌အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၂၁**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံး၊ ရီယာဒ်မြို့မှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါကယ်ဆယ်ရေးလေယာဉ်တွင် ကာတာမှ နှစ်ဦး၊ အာရပ်စော်ဘွားများ ပြည်ထောင်စုမှ ၄၇ ဦး၊ အင်္ဂလန်မှ ၄၈ ဦး၊ ဘူတန်မှ နှစ်ဦး၊ ချက်သမ္မတနိုင်ငံမှ နှစ်ဦး၊ ကာတာနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုမှ မြန်မာသင်္ဘောသား ၂၄ ဦး စုစုပေါင်း ၁၂၅ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ / သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ အာရပ်စော်ဘွားများ ပြည်ထောင်စုမှ ကယ်ဆယ်ရေး လေယာဉ် ကိုးကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကြောင့် MNL ပွဲစဉ် (၁၉) နှင့် (၂၀) ကျင်းပမည့်ရက် ပြောင်းလဲ

**ရန်ကုန် စက်တင်ဘာ ၂၁**

မြန်မာနေရှင်နယ်လိဂ်သည် လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် ကျင်းပလျက်ရှိသည့် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်နှစ်ခုဖြစ်သည့် ပွဲစဉ် (၁၉) နှင့် (၂၀) ကျင်းပမည့်ရက် ပြောင်းလဲခဲ့သည်။

၂၀၂၀ ရာသီ MNL ပြိုင်ပွဲကို လက်ကျန်ပွဲစဉ် သုံးခုအနက် ပွဲစဉ် (၁၈) ကို ပုံမှန်အတိုင်း စက်တင်ဘာ ၂၃၊ ၂၄ ရက်တွင် ကျင်းပမည်ဖြစ် သော်လည်း ပွဲစဉ် (၁၉) နှင့် (၂၀) ကို ရက်ရွှေ့တိုးကာ ကျင်းပသွားမည်ဖြစ်သည်။ ပြောင်းလဲလိုက်သည့် ပွဲစဉ်အနေအထားအရ ပွဲစဉ် (၁၉) ကို စက်တင်ဘာ ၂၆၊ ၂၇ ရက်၊ ပွဲစဉ် (၂၀) ကို စက်တင်ဘာ ၂၉၊ ၃၀ ရက်နှင့် အောက်တိုဘာ ၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်(၂၀) ကျင်းပမည့်ကွင်းများကို ပြန်လည်ထုတ်ပြန်မည်ဖြစ်ပြီး ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်လာနိုင်သည့် ဟံသာဝတီနှင့် ရှေဝတီပွဲ၊ ရှမ်းယူနိုက်တက်နှင့် ရတနာပုံပွဲကို အောက်တိုဘာ ၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲပြီးဆုံးရန် သုံးပွဲသာလိုတော့ပြီး ချန်ပီယံဆုအတွက် ၃၉ မှတ်ရထားသည့် ရှေဝတီအသင်း၊ ၃၇ မှတ်ရထားသည့် ဟံသာဝတီအသင်း၊ ၃၅ မှတ်ရထားသည့် လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းတို့ အပြိုင်ဖြစ်နေပြီး ရမှတ် ၃၀ ရထားသည့် ရန်ကုန်အသင်းမှာမူ အခွင့်အရေး အနည်းငယ်ရှိနေဆဲဖြစ်သည်။

**ဖိုးသော်ဇင်**

### ● ကျောဖုံးမှ

ချန်ဘာလိန်သည် လီဗာပူးအသင်းတွင် အလွန် ပျော်ရွှင်နေကြောင်း သိရသည်။ ထို့အပြင် ၎င်းနှင့် လီဗာပူးအသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ သုံးနှစ်အထိ ကျန်ရှိနေသေးသည်။ ချန်ဘာလိန်သည် အသင်းတွင် အရေးပါသည့် ကစားသမားတစ်ဦးအဖြစ် ရှိနေခြင်းကြောင့် လီဗာပူးအသင်းအနေဖြင့် အဆိုပါ ကစားသမားအတွက် ကမ်းလှမ်းလာသည့် မည်သည့်ကမ်းလှမ်းမှုမျိုးကိုမဆို ငြင်းပယ်သွားဖွယ်ရှိနေသည်။ ထို့အပြင် လီဗာပူးအသင်း သည် ချန်ဘာလိန်ကို အန်ဖီးလ်မှ ထွက်ခွာခွင့်ပြုသွားမှာ မဟုတ်ကြောင်းလည်း သိရသည်။

ချန်ဘာလိန်သည် ပြီးခဲ့သည့်နှစ် လီဗာပူးအသင်း ပရီမီယာလိဂ်ဖလားနှင့် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးရရှိရာတွင် အဓိကကစားသမားတစ်ဦးအဖြစ်ရှိနေခဲ့ပြီး နည်းပြ ကလော့ပ်၏ ယုံကြည်မှုကို ရရှိထားသည့် ကစားသမားတစ်ဦး ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်နှစ် ပြိုင်ပွဲအရပ်ရပ်တွင် ရှစ်ဂိုးဖြင့် ကွင်းလယ်ကစားသမားများထဲတွင် ဂိုးအများဆုံးသွင်းယူထားသူဖြစ်ကြောင်း သိရသည်။ ၎င်းသည် ၂၀၁၉-၂၀၂၀ ပရီမီယာလိဂ်ပြိုင်ပွဲတွင် ပွဲ ၃၀ အထိ ပါဝင်ကစားခွင့်ရရှိထားသူဖြစ်ပြီး လီဗာပူးအသင်း ပရီမီယာလိဂ်ဖလား ဆွတ်ခူးရရှိရာတွင် ပံ့ပိုးကူညီ ပေးထားနိုင်သူဖြစ်သည်။ ချန်ဘာလိန်သည် လက်ရှိတွင် ဒူးဒဏ်ရာမှ ပြန်လည်သက်သာလာပြီးနောက် ကြံ့ခိုင်မှုပြည့်ဝရန် လုပ်ဆောင်နေကြောင်း သိရသည်။

လီဗာပူးအသင်းသည် ဝုဖ်တိုက်စစ်ကစားသမား တစ်ဦးဖြစ်သူ ဒီယေဂိုဂျိုတာကို ပေါင် ၄၁ သန်းဖြင့် ခေါ်ယူကာ အသင်းကစားသမားစာရင်းကို အင်အားဖြည့်တင်း လုပ်ဆောင်ထားသည်။ အပြန်အလှန်အားဖြင့် ဝုဖ်အသင်းသည် အသင်းမှ ထွက်ခွာသွားသော မတ်ဒိုဟာတီ၏ နေရာကို အစားထိုးရန်အတွက် လီဗာပူးအသင်းမှ ခံစစ်ကစားသမား တစ်ဦးဖြစ်သူ ကီဂျာနာဟိုဗာသည် အပိုဆုကြေး အပါအဝင် ပေါင် ၁၀ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။ နည်းပြကလော့ပ်လက်ထက်တွင် လေးကြိမ်သာလျှင် ပွဲထွက်ကစားခွင့်ရရှိထားသေးသော လူငယ်ကစားသမား ဟိုဗာသည် နေရာစုံရွှေ့လျားကစားတတ်သည့် ကစားသမားတစ်ဦးဖြစ်သည့်အတွက် ဝုဖ်အသင်းက ခေါ်ယူအားဖြည့်လိုနေခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် (၂) အဖြစ် တနင်္ဂနွေနေ့ည ၁၀ နာရီတွင် ချယ်ဆီးအသင်း နှင့် ယှဉ်ပြိုင် ကစားခဲ့ရာ ပွဲကစားချိန် မိနစ် ၅၀ နှင့် ၅၄ မိနစ်တို့တွင် မာနေး၏ သွင်းဂိုးနှစ်ဂိုးနှင့်အတူ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် လီဗာပူးအသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် နှစ်ပွဲကစားထားရာ နှစ်ပွဲစလုံး အနိုင်ရရှိ ထားသည့်အသင်းဖြစ်သည်။ လီဗာပူးအသင်းသည် လာမည့်ပွဲစဉ်အဖြစ် လိဂ်ဖလားပြိုင်ပွဲ၌ လင်ကွန်းစီးတီးအသင်းနှင့် စက်တင်ဘာ ၂၅ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

### ❍ ကျောဖုံးမှ

ဘန်ဒါဆက်(ထိုင်း)၊ ဘင်တန်ဝိတ် (၅၁ - ၅၃ ကီလို) ပြိုင်ပွဲ၌ ဂျေးချေ (မြန်မာ) နှင့် အယ်လ်လန်ဂါရီအာယွတ် (မော်ရိုကို)တို့ကလည်းကောင်း၊ အမျိုးသမီး ဘင်တန်ဝိတ် (၅၁ - ၅၄ ကီလို) သုံးချီပြိုင်၌ ပက်ချ်နာရီ (ထိုင်း) နှင့် မိုင်ရီယမ်ဆာဘော့တ် (အီတလီ) တို့ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ယင်း WLC: 14 –LETHWEI SHOWCASE ပြိုင်ပွဲ ကို စက်တင်ဘာလ ၂၅ ရက် ညနေ ၆ နာရီမှစတင်ပြီး ပွဲကြိုသုံးသပ်မှုနှင့်အတူ ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

# မြဝတီမြို့ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၂၃၆ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ စက်တင်ဘာ ၂၁**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်း လုပ်သား ၂၃၆ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/ မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ၁၅၉၉၈ ဦး၊ စက်တင်ဘာ ၁ ရက်မှ ၂၁ ရက်အထိ ၆၉၆၉ ဦး စုစုပေါင်း ၇၈၅၈၂ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၁၄၉ ဦး၊ အမျိုးသမီး၈၇ ဦး စုစုပေါင်း ၂၃၆ ဦး ဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

# ရုံးချိန်အတိုင်းပြေးဆွဲလျက်ရှိသော မြို့ပတ်ရထား ခရီးစဉ်များကိုသာ ဆက်လက်ပြေးဆွဲသွားမည်

**ရန်ကုန် စက်တင်ဘာ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ရန်ကုန်မြို့၌ ပြည်သူများ အိမ်တွင်နေထိုင်ခြင်းကို အထောက်အကူဖြစ်စေရန်အတွက် ရန်ကုန်မြို့ပတ်ရထား လမ်းပိုင်းများ၌ ရုံးချိန်အတိုင်း ပြေးဆွဲလျက်ရှိသော မြို့ပတ်ရထားများကိုသာ ဆက်လက်ပြေးဆွဲမည်ပြီး လက်ဝဲ/လက်ယာရစ် မြို့ပတ်ရထား ခရီးစဉ်များကို စက်တင်ဘာ ၂၁ ရက်မှ စတင်၍ လျှော့ချပြေးဆွဲနေပြီဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

"မနက်ပိုင်းရုံးချိန်၊ ညနေပိုင်းရုံးချိန် ရထားကတော့ ဆက်ပြီး ထားရှိမှာပါ။ အစိုးရဌာနရုံးတွေ၊ ဘဏ်တွေနဲ့ စားသောက်ကုန်ပစ္စည်းရောင်းတဲ့ ဝန်ထမ်းတွေက လက်ရှိ သွားနေရတုန်းပါ။ တစ်ဝက်ဆင်း တစ်ဝက်နားဆိုတော့ အလုပ်သွားနေကြရတုန်းပဲလေ။ အဲဒါကြောင့် ကျွန်တော်တို့က ရုံးချိန်ရထားကိုတော့ မလျှော့ဘူး။ နေ့ခင်းပိုင်းကျတော့ ရုံးချိန်ရထား မဟုတ်တော့ဘူးလေ။ လက်ဝဲရစ် နှစ်ခေါက်ပတ်တယ်၊ လက်ယာရစ် နှစ်ခေါက်ပတ်တယ်။ အဲဒီ ရထားတွေကတော့ ရုံးချိန်ရထား မဟုတ်တော့ဘူး။ ရထားလျှော့ချတဲ့ အဓိကရည်ရွယ်ချက်ကတော့ လူတွေကို အိမ်မှာနေစေချင်တဲ့ ရည်ရွယ်ချက်နဲ့ လျှော့ချခြင်းဖြစ်ပါတယ်"ဟု မြန်မာ့မီးရထား တိုင်းအမှတ်(၇) (ရန်ကုန်)မှ လက်ထောက် အထွေထွေမန်နေဂျာ (သွားလာရေး/တိုင်း) ဦးဇော်လွင်က ပြောကြားသည်။



မြို့ပတ်ရထားဘူတာတစ်ခု၌ စောင့်ဆိုင်းနေသော ရထားစီးခရီးသည်များ

ရန်ကုန်မြို့ပတ်ရထားများ ပြေးဆွဲမှုတွင် စက်တင်ဘာ ၂၁ ရက်မှစ၍ နေ့လယ်ပိုင်းတွင် ပြေးဆွဲလျက်ရှိသော လက်ယာရစ် မြို့ပတ်ခရီးစဉ်များဖြစ်သည့် (ခ/၃) နှင့် (ခ/၄) ရထား နှစ်စီးနှင့် လက်ဝဲရစ်မြို့ပတ် ခရီးစည်ဖြစ်သည့် (က/၄)နှင့် (က/၅) မြို့ပတ်ရထား နှစ်စီးတို့ကို ယာယီ ရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-လှော်ကားလမ်းပိုင်း၊ ရန်ကုန်-မင်္ဂလာဒုံ လမ်းပိုင်းနှင့် ရန်ကုန်-ရွာသာကြီး လမ်းပိုင်းတို့၌ ပြေးဆွဲလျက်ရှိ သော မနက်ပိုင်း ရုံးချိန်ရထား နှစ်စီးစီနှင့် ညနေပိုင်း ရုံးဆင်းချိန် ရထားနှစ်စင်းစီကိုမူ ပုံမှန်အတိုင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့ပတ်ရထားများကို ယခင်က နေ့စဉ် ၅၄ စီး ပြေးဆွဲပေးလျက်ရှိရာမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကာလအတွင်း ရထားစီးခရီးသည် လျော့နည်းလာမှုကြောင့် စက်တင်ဘာ ၁၂ ရက်မှစတင်ကာ အစီးရေ လျှော့ချပြေးဆွဲနေကြောင်းနှင့် ယခု စက်တင်ဘာ ၂၁ ရက်တွင် ကျန်ရှိသည့် ခရီးစဉ်များထဲမှ အချို့ကို ထပ်မံလျှော့ချခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# နေရပ်ပြန် မြန်မာသင်္ဘောသားများအား ကော့သောင်း၌ အသွားအလာကန့်သတ်စောင့်ကြည့်

**ကော့သောင်း စက်တင်ဘာ ၂၁**

ကော့သောင်းမြို့အနီးရှိ အက်ဒမန်ပင်လယ်အတွင်း Crew Change လုပ်ရန် တရုတ်နိုင်ငံမှ လာရောက်သည့် MT. GLOBAL FLORA သင်္ဘောပေါ်မှ သင်္ဘောသားကိုးဦး၊ ယူကရိန်းနိုင်ငံမှ လာရောက်သည့် M.V AMIS KALON သင်္ဘောပေါ်မှ သင်္ဘောသား သုံးဦးနှင့် မလေးရှားနိုင်ငံမှ လာရောက်သည့် MT CHEMROAD QUEEN သင်္ဘောပေါ်မှ သင်္ဘောသား ၁၅ ဦး၊ စုစုပေါင်း သင်္ဘောသုံးစီးပေါ်မှ သင်္ဘောသား ၂၇ ဦး တာဝန်ပြီးဆုံး ထွက်လာရာ စက်တင်ဘာ ၂၀ ရက် ညနေပိုင်းက မြို့မဆိပ်ကမ်းမှတစ်ဆင့် ကော့သောင်းမြို့သို့ ဝင်ရောက်လာပြီး ဟိုတယ်၌ အသွား အလာကန့်သတ် စောင့်ကြည့်ခံနေထိုင်လျက်ရှိကြောင်း သိရသည်။

သင်္ဘောများပေါ်မှ ပြန်ဆင်းလာသည့် အဆိုပါ မြန်မာသင်္ဘောသား ၂၇ ဦးမှာ ကော့သောင်းမြို့တွင် ကြိုတင်ရောက်ရှိနေပြီး MT.GLOBAL FLORA သင်္ဘောပေါ်သို့ တက်ရောက်ကြမည့် ကပ္ပတိန် ဦးဝင်းမင်းထက်ပါ သင်္ဘောသား ကိုးဦး၊ M.V AMIS KALON သင်္ဘောပေါ်သို့ တက်ရောက်ကြမည့် ကပ္ပတိန် ဦးကျော်ခန့်ဇင်ပါ သင်္ဘောသား လေးဦးနှင့် MT CHEM-ROAD QUEEN သင်္ဘောပေါ်သို့ တက်ရောက်ကြမည့် ကပ္ပတိန် ဦးမင်းစိုးဦးပါ သင်္ဘောသား ၁၂ ဦးနှင့် တာဝန်လွှဲပြောင်းယူခဲ့သူများဖြစ်သည်။



ပြန်ရောက်လာသည့် သင်္ဘောသားများအား တွေ့ရစဉ်။

သင်္ဘောများပေါ်မှ တာဝန်ပြီးဆုံးထွက်လာသည့် မြန်မာသင်္ဘောသား ၂၇ ဦး အား ကော့သောင်းဆိပ်ကမ်း၌ တာဝန်ရှိ ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးမှုများ ဆောင်ရွက်ကာ ကော့သောင်းမြို့တွင် သတ်မှတ်ဟိုတယ်၌ ၁၄ ရက်ကြာ အသွားအလာကန့်သတ် စောင့်ကြည့်မည်ဖြစ်ပြီး ၎င်းတို့၏ တို့ဖတ်နမူနာများကို ရန်ကုန် အမျိုးသား ကျန်းမာရေး ဓာတ်ခွဲဌာနသို့ ပို့ဆောင်၍ စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# တောင်ဥက္ကလာပ (၁၁)ရပ်ကွက်၌ စားသောက်ကုန်များလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၁**

ကိုဗစ်-၁၉ ဖြစ်ပွားသူဦးရေ များပြားနေသည့် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၁)ရပ်ကွက်အတွင်းမှ အမှန်တကယ် လိုအပ်လျက်ရှိသော အိမ်ထောင်စုများအတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ကြက်သွန်၊ ကြာဆံထုပ်၊ ခေါက်ဆွဲခြောက်ထုပ်နှင့် နှာခေါင်းစည်းများကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသက်တင်ထွန်း ဦးဆောင်သည့် ရပ်ကွက်အတွင်းမှ အလှူရှင်များ၊ စာနာထောက်ထား ပရဟိတအဖွဲ့မှ အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများက စက်တင်ဘာ ၂၀ ရက်က ပေးအပ်လှူဒါန်းသည်။

ကိုဗစ်-၁၉ရောဂါကာလအတွင်း ထောက်ပံ့မှုကို အမှန်တကယ် လိုအပ်လျက်ရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၇၀ ခန့်အတွက် စားကုန်ပစ္စည်းများကို ထောက်ပံ့လှူဒါန်းခြင်းဖြစ်ပြီး လှူဒါန်းရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကြေညာချက်များအတိုင်း လူစုလူဝေး မဖြစ်စေရန်အတွက် တာဝန်ရှိသူများအနေဖြင့် အိမ်ထောင်စုတစ်စုချင်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ အလှည့်ကျခေါ်ယူ၍ ထောက်ပံ့လှူဒါန်းပေးကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

# အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် ထောက်ပံ့

**ရှမ်းရွာသစ် စက်တင်ဘာ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား နိုင်ငံတော်အစိုးရက တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေ ကျပ်နှစ်သောင်းစီကို ပေးအပ်လျက်ရှိရာ ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့မှ အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများကိုလည်း စက်တင်ဘာ ၂၀ ရက်မှစ၍ ပေးအပ်လျက်ရှိသည်။ ရှမ်းရွာသစ်မြို့ မဲလရော ကျေးရွာအုပ်စုမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစား အိမ်ထောင်စု ၂၆၆ စု အတွက် ထောက်ပံ့ငွေများကို မြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းအောင်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က စက်တင်ဘာ ၂၀ ရက်တွင် လက်ဝယ်အရောက် လာရောက်ထောက်ပံ့ပေးကြောင်း သိရသည်။

**ဇင်လေး(ပြန်/ဆက်)**

# မာန်အောင်မြို့နယ်အတွင်းမှ အသွားအလာကန့်သတ် စောင့်ကြည့်ခံနေသူများအတွက် အလှူငွေများပေးအပ်

**မာန်အောင် စက်တင်ဘာ ၂၁**

မာန်အောင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အသွားအလာကန့်သတ်စောင့်ကြည့်သည့် စင်တာများ၌ စောင့်ကြည့်ခံ နေထိုင်နေကြသူများ၏ နေ့စဉ်စားသောက်ရေးကိစ္စ အဆင်ပြေနိုင်စေရန် စေတနာရှင် အလှူရှင်များ စုပေါင်း၍ အလှူငွေ ကျပ် ၆၇၄၀၀၀ ကို စေတနာရှင် လူမှုကူညီရေး အသင်း(မာန်အောင်)ရုံးသို့ စက်တင်ဘာ ၂၀ ရက်က လှူဒါန်းသည်။

အလင်းတန်း ပရဟိတလူငယ်အဖွဲ့နှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင် အလှူရှင်များ စုပေါင်း၍ အလှူငွေ ကျပ်ငါးသိန်းနှင့် ဇရပ်ကုန်းခင် ကျောင်းသားကျောင်းသူဟောင်းများအဖွဲ့(၂၀၀၅-၂၀၀၆)က လှူဒါန်းသည့် အလှူငွေ ကျပ် ၁၇၄၀၀၀ ကို စေတနာရှင် လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးကျော်မိုးနိုင်ထံ လှူဒါန်းခဲ့ခြင်းဖြစ်ပြီး အဆိုပါ လှူဒါန်းငွေများဖြင့် အသွားအလာကန့်သတ် စောင့်ကြည့်ခံနေသူများအတွက် နံနက်စာ၊ နေ့လယ်စာ၊ ညနေစာနှင့် သောက်ရေသန့်များ ဝယ်ယူပြီး စေတနာရှင်လူမှုကူညီရေးအသင်း(မာန်အောင်)မှ အသင်းဝင်လူငယ်များက မော်တော်ယာဉ်များဖြင့် နေ့စဉ် လိုက်လံပို့ဆောင်ပေးနေကြောင်း သိရသည်။

**သိန်းထွန်းအောင်**

# ဖောင်ကြီး၌ တာဝန်ထမ်းဆောင်ရန် ကရင်ပြည်နယ်မှ သူနာပြုဆရာ ဆရာမ ၂၀ ဦး ဘားအံမြို့မှ ထွက်ခွာ

**ဘားအံ စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး)တွင် သွားရောက်တာဝန်ထမ်းဆောင်ရန်အတွက် ကရင်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဆေးရုံများမှ သူနာပြု ဆရာ/ဆရာမ ၂၀ ဦးတို့သည် စက်တင်ဘာ ၂၁ ရက်တွင် ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ မော်တော်ယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြသည်။

ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး)တွင် တာဝန်ထမ်းဆောင်ကြမည့် သူနာပြု ဆရာ/ဆရာမများအား ပြည်နယ် လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်က ယခု ဖောင်ကြီး၌ ကိုဗစ်-၁၉ လူနာများအား အထူးကြပ်မတ်ကုသ စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်အောင် ကရင်ပြည်နယ်မှ သွားရောက် တာဝန်ထမ်းဆောင်ကြမည့် စေတနာ့ဝန်ထမ်း သူနာပြုများအား ကရင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်းနှင့် နောက်ဆံမတင်းဘဲ ပြည်သူ့ကျန်းမာရေး တာဝန်များကို ထမ်းဆောင်ကြရန် မှာကြားခဲ့ပြီး ဂုဏ်ပြုငွေ ကျပ်ခြောက်သိန်းကို ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်စွာမြင့်၊ ဘားအံ ဆေးရုံအုပ်ကြီး ဒေါက်တာဘရန်အောင်နှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး)တွင် သွားရောက် တာဝန်ထမ်းဆောင်ကြမည့် သူနာပြုများအား ပို့ဆောင်နှုတ်ဆက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျိုင်းတောင်းမြို့ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်၌ လက်သန့်ဆေးရည် တွဲလျက်ပါရှိသော အပူချိန်တိုင်းစက်သစ်ကို စတင်အသုံးပြု

**ကျိုင်းတောင်း စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် ကျိုင်းတောင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိအောင် ကြိုတင်ကာကွယ်ရေးအတွက် ကျိုင်းတောင်းမြို့ အဝင်အထွက်၌ ကျန်းမာရေးစစ်ဆေးရေးဂိတ် ဖွင့်လှစ်၍ လက်ဆေးစေခြင်း၊ ကိုယ်အပူချိန် တိုင်းတာပေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၀ ရက်မှစ၍ ကိုယ်အပူချိန်တိုင်း ကိရိယာအဟောင်းများအစား လက်သန့်ဆေးရည် တွဲလျက်ပါရှိသော အပူချိန်တိုင်း စက်အသစ်ကို ထားရှိအသုံးပြုလျက်ရှိသည်။

ကျိုင်းတောင်းမြို့ ကျန်းမာရေးစစ်ဆေးရေးဂိတ်မှ မြို့တွင်းသို့ ဝင်ထွက် သွားလာနေသည့် မော်တော်ယာဉ်များပေါ်တွင် စီးနင်းလိုက်ပါလာသော ရပ်နီးရပ်ဝေးမှ ခရီးသွားပြည်သူများအား ခရီးသွားရာဇဝင် အချက်အလက်များ ကောက်ယူပြီးနောက် ကိုယ်အပူချိန်တိုင်းပေးရာတွင် လက်သန့်ဆေးရည် တွဲလျက်ပါရှိသော အပူချိန်တိုင်းစက်သစ်ဖြင့် တိုင်းတာပေးနေပြီဖြစ်ကြောင်း၊ အဆိုပါ လက်သန့်ဆေးရည် တွဲလျက်ပါရှိသော အပူချိန်တိုင်းစက်သစ်ကို ကျိုင်းတောင်းမြို့ရှိ ဌာနဆိုင်ရာများက လှူဒါန်းခြင်းဖြစ်ပြီး ပစ္စည်းတန်ဖိုးမှာ ကျပ်သုံးသိန်းခန့် ကျသင့်ကာ အပူချိန်တိုင်းစက်အတွက် လျှပ်စစ်မီးသွယ်တန်းရာတွင် အသုံးပြုရသည့် စပ်ဆက်ပစ္စည်း တန်ဖိုး ကျပ်တစ်သိန်းခွဲခန့် အပါအဝင် စုစုပေါင်း တန်ဖိုးမှာ ကျပ်လေးသိန်းခွဲခန့်ရှိကြောင်း သိရသည်။

ကျိုင်းတောင်းမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် မြို့တွင်းဝင်မည့်သူတိုင်းအား လက်ဆေးစေခြင်း၊ ကိုယ်အပူချိန်တိုင်းတာပေးခြင်းများကို ကျိုင်းတောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် အရပ်ဘက် လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**



လက်သန့်ဆေးရည်ပါ ကိုယ်အပူချိန်တိုင်း စက်အသစ်ဖြင့် အပူချိန်တိုင်းနေသော ခရီးသည်များ။

## စေတုတ္တရာမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းတိုးချဲ့ခြင်းနှင့် မြေသားလမ်းဖောက်ခြင်းလုပ်ငန်းပြီးစီး

**စေတုတ္တရာ စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း ကျေးလက်ဒေသများရှိ ပြည်သူများ ရာသီမရွေး သွားလာမှုအဆင်ပြေစေရန်နှင့် လယ်ယာထွက်ကုန်များ တင်ပို့ရောင်းချရာတွင် အဆင်ပြေ လွယ်ကူစေရန်အတွက် ကျေးလက်လမ်းများကို အရှိန်အဟုန်မြှင့်တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိရာ ဒွေးကုန်း-အကြည်-တောက်စုတ်-လက်ပံကျင်း ကျေးရွာချင်းဆက်လမ်းကို လမ်းတာချဲ့၍ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုမှာလည်း စက်တင်ဘာ ၂၀ ရက်တွင် ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း အရှည် ၆ မိုင် ၂ ဖာလုံကို အကျယ် ၁၆ ပေ လမ်းတာချဲ့ခြင်းနှင့် မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ကျပ် ၁၀၄ ဒသမ ၁၉၄ သန်းဖြင့် ဆင်ကိုးကောင်ကုမ္ပဏီက ဖေဖော်ဝါရီလအတွင်း စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ရာနှုန်းပြည့် လုပ်ငန်းပြီးစီးပြီဖြစ်၍ ဒွေးကုန်းကျေးရွာ၊ အကြည်ကျေးရွာ၊ တောက်စုတ်ကျေးရွာနှင့် လက်ပံကျင်းကျေးရွာများမှ ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် လယ်ယာထွက်ကုန်များ တင်ပို့ရောင်းချရေးတွင် ပိုမိုအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**စည်သူလွင်(ပြန်/ဆက်)**



ရာနှုန်းပြည့်ပြီးစီးနေသော ကျေးရွာချင်းဆက်လမ်းပိုင်း တစ်နေရာ

## သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော်ကြီး ဝင်းအတွင်း၌ လူ ၆၀ ဆံ့ အသွားအလာကန့်သတ်စောင့်ကြည့်စခန်း ဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရန်အတွက် မြို့နယ်အတွင်းရှိ ပိုးတွေ့လူနာများနှင့် အနီးကပ်



ထိတွေ့ခဲ့သော (မိသားစုဝင်) များအား သီးခြားနေထိုင်စေ၍ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုများ ပြုလုပ်သွားနိုင်ရန်အတွက် လူဦးရေ ၆၀ ခန့်ဆံ့သည့် စင်တာသစ်ကို သာကေတ မြို့နယ် ဇိနမာရ်အောင် စေတီတော်ကြီးဝင်း အတွင်း၌ စက်တင်ဘာ ၁၉ ရက်က စတင်ဖွင့်လှစ်ထားသည်။

လက်ရှိ စက်တင်ဘာ ၂၁ ရက်တွင် အဆိုပါ စင်တာ၌ လူဦးရေ ၄၀ ကို ထားရှိ၍ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး နှာခေါင်းတို့ဖတ်/အာခေါင်တို့ဖတ်ယူ၍ စစ်ဆေးခြင်းများကို ပြုလုပ်ထားကြောင်း၊ စင်တာတွင် လူဦးရေ ၆၀ ခန့်အတွက်သာ ယာယီစီစဉ်ထားပြီး အသွားအလာကန့်သတ်စောင့်ကြည့်ခံနေသူများအား မနက်စာ၊ နေ့လယ်စာ၊ ညစာ အစားအသောက်နှင့် နေထိုင်ရေးအတွက် လိုအပ်သည်များကို စီစဉ်ပေးထားကြောင်း၊ စင်တာအတွက် လိုအပ်သည်များကို လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်ထားနွယ်ဝင်းထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

## နတ်မောက်မြို့၌ မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်

**နတ်မောက် စက်တင်ဘာ ၂၁**

လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာနအနေဖြင့် နတ်မောက်မြို့နယ်အတွင်းမှ မသန်စွမ်းသူများအား ကိုဗစ် ကာလ ထောက်ပံ့ငွေများ ပေးအပ်ရာတွင် မရရှိသေးသော မသန်စွမ်းသူ(ထပ်တိုး)များအတွက် ထောက်ပံ့ငွေများကို စက်တင်ဘာ ၂၀ ရက်က ပေးအပ်ခဲ့သည်။ နတ်မောက်မြို့နယ်အတွင်းရှိ ရပ်ကွက် ခုနစ်ခုနှင့် ကျေးရွာအုပ်စု ၇၃ စုတွင် (ထပ်တိုးစာရင်းအရ) ထောက်ပံ့ကြေးမရရှိသေးသည့် မသန်စွမ်းသူ ၇၈၀ ရှိကာ ၎င်းတို့အား တစ်ဦးလျှင် ထောက်ပံ့ငွေ ကျပ် ၃၀၀၀၀ နှုန်းဖြင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အိမ်အရောက် ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**ဥမ္မာခင်**

## ဒေါပုံမြို့နယ်မှ ကိုဗစ်-၁၉ စောင့်ကြပ်ကြည့်ရှုသည့် စင်တာအတွက် ရေဂါလန် ၁၆၀၀ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် လမုတန်းရပ်ကွက် အထက(၁)ကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားသည့် ကိုဗစ်-၁၉ အသွားအလာကန့်သတ် စောင့်ကြည့်စင်တာ၌ စောင့်ကြည့်ခံ နေထိုင်သူများ ရေသုံးစွဲမှုတွင် အဆင်ပြေစေရန်အတွက် ရေဂါလန် ၁၆၀၀ ကို မြို့နယ်မီးသတ်ဦးစီးဌာနက စက်တင်ဘာ ၁၉ ရက်က သွားရောက်ဖြည့်ဆည်း လှူဒါန်းပေးခဲ့သည်။ အဆိုပါ အသွားအလာကန့်သတ် စောင့်ကြည့်စင်တာတွင် စက်တင်ဘာ ၁၇ ရက်မှစ၍ ယနေ့အထိ အသွားအလာ ကန့်သတ်စောင့်ကြည့်ခံနေသူ ၅၇ ဦး ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဥတုရာသီ
တောကိုမှီ၏


**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)၊ ရန်ကုန်**
**Open Tender ခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)မှ တနင်္သာရီတိုင်းဒေသကြီးအတွင်း တာဝန်ယူတည်ဆောက်လျက်ရှိသော တနင်္သာရီ-မောတောင်လမ်းပေါ်ရှိ ဗောဓိကမ်းတံတား၊ မြိတ်မြို့နယ် မင်းသန်း-မောင်းလှော်ကျေးလက်လမ်းပေါ်ရှိ မင်းသန်း-မောင်းလှော်တံတား၊ ထားဝယ်-လောင်းလုံးလမ်းပေါ်ရှိ ကမြောကင်းတံတား၊ ထားဝယ်မြို့ရှောင်လမ်းပေါ်ရှိ ပေါက်တိုင်းချောင်းတံတားတည်ဆောက်ခြင်းတို့တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ/တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ လုပ်ငန်းခွင်အရောက် ဝယ်ယူခြင်း၊ သယ်ပို့ခြင်း၊ စက်/ယာဉ်များ ငှားရမ်းခြင်းတို့ကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

၂။ **Coronavirus Disease 2019 (COVID-19) ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်စေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ တင်ဒါစိစစ်ရွေးချယ်ခြင်း အစီအစဉ်အား ဆောင်ရွက်မည်ဖြစ်ပါသည်။**

ဝယ်ယူမည့်ပစ္စည်းများ - Ready Mixed Concrete, M.S Rod(A/S), J/Wood, 5 Ply Wood (8'x4'), Welding Rod (5kg), Bentonite Grade (A), Carbide Tipped Drilling Bit, Admixture (Type-G/F), Binding Wire (18G), Wire Nail (A/S), Oxygen, 2.3 mm thick Thin Sheet, 10mm Thick M.S Plate (5'x20'), Anti Corrosion Paint For Reinforcing Steel Bar and Steel Cassion, PC Starnd Wire, Elstomeric Bearing 300 mmx500mmx60mm, 13mm Strand Barrel (Anchor Head) and 13 mm Strand Wedge (Working Wedge), Cement, Chipping River Sand H.S.D

**သယ်ယူပို့ဆောင်ရေးပစ္စည်းများ** - သံပေါင်နှင့် ဆက်စပ်ပစ္စည်းများ သယ်ပို့ခြင်း

**ငှားရမ်းမည့် စက်/ယာဉ်များ** - Z-Craft, Ton 1200 Barge, တွန်းသင်္ဘော

တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၂၃-၉-၂၀၂၀ မှ ၂၀-၁၀-၂၀၂၀ အထိ ရုံးချိန်အတွင်း တည်ဆောက်ရေးအဖွဲ့ (၄)ရုံး၊ ဘုရင့်နောင်တံတားအမှတ်(၂)၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၂၂၄၈၆၀၈၇၊ မင်းသန်း-မောင်းလှော်တံတားစီမံကိန်း၊ မြိတ်မြို့ ဖုန်း-၀၉-၂၆၃၈၉၉၅၆၂၊ ၀၉-၇၉၅၈၈၄၄၂၇နှင့် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း-၀၉-၄၂၂၁၆၁၅၃၊၀၉-၄၅၀၀၅၀၈၉၄ တို့တွင် ဝယ်ယူနိုင်ပါသည်။

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၂-၁၀-၂၀၂၀ ရက် နံနက် ၉:၀၀နာရီ

**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ထားဝယ်မြို့

**တင်ဒါကော်မတီ**



**မိခင်အမည်မှန်**

သထုံမြို့နယ်၊ အလက(ဈေးမသွယ်)၊ အဋ္ဌမတန်း(သင်ရိုးသစ်)မှ မလင်းလင်းထိုက်၏ မိခင်အမည်မှန်မှာ ဒေါ်လွမ်းဘို ၁၀/သထန(နိုင်)၂၂၁၁၄၄ ဖြစ်ပါကြောင်း။

**ဒေါ်လွမ်းဘို**



**မိဘအမည်မှန်**

သထုံမြို့နယ်၊ အလက(ဈေးမသွယ်)၊ အဋ္ဌမတန်း(သင်ရိုးသစ်)မှ မဇာဇာအောင်၏မိဘအမည်မှန်မှာ ဦးဇော်ဝင်း ၁၀/သထန(နိုင်)၁၇၆၁၇၈နှင့် ဒေါ်သဇင်ထွေး ၁၀/သထန(နိုင်)၂၆၉၈၉၇ ဖြစ်ပါကြောင်း။ **ဦးဇော်ဝင်း-ဒေါ်သဇင်ထွေး**



**ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊**
**(၁) ရပ်ကွက်၊သုမိတ္တာ(၁၆)လမ်း၊**
**အမှတ်(၅၉၉)၊(၂)ခန်းတွဲ(၃ )ထပ်တိုက်သစ်၏အခန်းများအား**
**ရောင်းမှား၊ ဝယ်မှားမဖြစ်ကြစေရန်အသိပေးကြေညာခြင်း**

အထက်ဖော်ပြပါ(၂)ခန်းတွဲ တိုက်သစ်ရှိအခန်းများကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ဆိုင်ခွင့်ရှိသူများမှာ ကျွန်ုပ်တို့၏မိတ်ဆွေကြီးများဖြစ်သူ ဦးသန်းထွန်း ၁၂/စခန(နိုင်)၀၅၈၁၆၃၊ ဒေါ်ခင်ခင်ထား ၁၂/ဥကမ(နိုင်)၀၁၉၄၅၄ နှင့် လက်ရှိတာဝန်ယူ ဆောက်လုပ်နေသော "သီရိမြိုင်"ဆောက်လုပ်ရေးမှကန်ထရိုက်တာ ဦးဇော်မိုးနိုင်တို့(၃)ဦးသာဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ၎င်းတို့(၃)ဦးမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ ထိုအခန်းများအား ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းကိုပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းထွန်း၊ဒေါ်ခင်ခင်ထားတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းမြတ်ဆွေ(LL.B)** **ဒေါ်အိအိကျော်(LL.B)**

**အထက်တန်းရှေ့နေ)(စဉ်-၅၀၁၀၃)** **အထက်တန်းရှေ့နေ(စဉ်- ၅၃၂၀၆)**

**အမှတ်၅၃(A)၊သီရိလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့**

**ဖုန်း-၀၉-၇၈၄၂၇၂၉၀၇၊၀၉-၉၆၀၆၆၀၆၀၂၊၀၉-၄၄၄၆၂၀၃၅**



**ကုန်အမှတ်တံဆိပ်မူပိုင်ဖြစ်ကြောင်းကြေညာခြင်း**



လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၉) ဟူးမွန်ဆည်လမ်းနေ ကျွန်မ ဒေါ်ယွင်းချိန် ၁၃/လရန(နိုင်)၂၁၈၆၃၆ မှ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အဖြစ် လားရှိုးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ကာ "(XG)ဝိုက်ဆပ်ပြာမှုန့်"အား ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ယွင်းချိန်၁၃/လရန(နိုင်) ၂၁၈၆၃၆**

**ဟူးမွန်ဆည်လမ်း၊နယ်မြေ(၁၉) ၊ရပ်ကွက်(၁၂)၊လားရှိုးမြို့၊ ဖုန်း-၀၉-၂၃၀၅၈၉၂**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေ(Kyat)ဖြင့်ဝယ်ယူလိုပါသည်-

(က) ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းများအတွက် လိုအပ်သော ၆၆/၃၃ ကေဗွီ ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများနှင့် Testing Tools & Equipments များဝယ်ယူရန်

(ခ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ ဝန်ကြီးရုံးတွင် တပ်ဆင် အသုံးပြုရန်အတွက် လိုအပ်သော 650 KVA Diesel Genetater Set(Sound Proof Type)နှင့် ATS 1200 A(၁)စုံဝယ်ယူရန်

**တင်ဒါပိတ်မည့်ရက်** - ၂၃-၁၀-၂၀၂၀ရက်

**တင်ဒါပိတ်မည့်အချိန်** - မွန်းတည့် ၁၂နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်း ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက-ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ ကန်သာယာနယ်မြေ၊ အရှေ့ပြင်ရပ်ကွက်နေ ဒေါ်ခိုင်လေးနွယ် ၉/မထလ(နိုင်)၀၀၇၄၃၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်လေးနွယ်၏သမီး မအေးစုလှိုင်ပြည့် ၉/မထလ(နိုင်) ၃၇၅၆၂၄သည် မိခင်ဖြစ်သူအားအကြိမ်ကြိမ်စိတ်ဆင်းရဲ အောင်ပြုလုပ်ပြီး (၁၉-၉-၂၀၂၀)ရက်တွင် ၎င်း၏သဘောဆန္ဒအတိုင်း နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ခိုင်လေးနွယ်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ(LL.B) ၉/မထလ(နိုင်) ၀၀၇၄၃၇**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၈၄)(၂၆-၃-၂၀၁၅)**
**ရတနာမာရ်အောင်ရပ်၊ နယ်မြေ(၂)၊ မိတ္ထီလာမြို့**
**ဖုန်း-၀၉-၄၅၀၀၆၅၅၂၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

